# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ တပို့တွဲလဆန်း (၁၄) ရက် ၊ သောကြာနေ့ ၊ (23-2-2024) ၊ အတွဲ (၃၂)၊ အမှတ် (၂၉၉)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မွန်ပြည်နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ပူးမြော်ကြည်ညို



**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မွန်ပြည်နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများနှင့်အုပ်ချုပ်မှုအဖွဲ့ဝင် စုစုပေါင်း ၅၄ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး

**စာမျက်နှာ ၂၁ ကော်လံ ၁ သို့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၊ ထန်တလန်မြို့နှင့် ဟားခါးမြို့တို့မှ မြို့မိမြို့ဖများနှင့် တွေ့ဆုံ**

စာမျက်နှာ - ၁၆

**အကြိမ် (၁၀)မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆက်လက်ကျင်းပ**

စာမျက်နှာ - ၂၀

**တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်ကတ်ပြား ထုတ်ယူခြင်းနှင့်ပတ်သက်သော သတင်းကြေညာချက်**

စာမျက်နှာ - ၁၉

**ကျောင်းကားတစ်စီး အရှယ်အစားရှိ ဂြိုဟ်သိမ်တစ်စင်း ဖေဖော်ဝါရီ ၂၅ ရက်တွင် လနှင့် ကမ္ဘာကြားမှ ဖြတ်ကျော်ပျံသန်းမည်**

စာမျက်နှာ - ၇




ရတနာပုံ
၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်
အယ်ဒီတာ့အာဘော်

# တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး

မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာ၏ဖွံ့ဖြိုးတိုးတက်မှုများ၊ တရားဝင်စီးပွားရေးလုပ်ငန်းများကို ထိခိုက်စေနိုင်သည့် တရားမဝင်ကုန်သွယ်မှုများ လျော့နည်းကျဆင်းရေးအတွက် "အမျိုးသားရေးတာဝန်တစ်ရပ်"အနေဖြင့် နိုင်ငံ့ဝန်ထမ်းများ၊ တာဝန်ရှိသူများအပြင် ဆက်စပ်သည့်ကုန်သည်လုပ်ငန်းရှင်များနှင့် ပြည်သူလူထုကပါ ပူးပေါင်းပါဝင်ပြီး စဉ်ဆက်မပြတ်ကြိုးစားတိုက်ဖျက်ဆောင်ရွက်သွားကြရမည်ဖြစ်ပေသည်။

တရားမဝင်ကုန်ပစ္စည်းများသည် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နှောင့်နှေးစေသည့်အပြင် အရည်အသွေးအာမခံချက်မရှိသော စားသောက်ကုန်နှင့် ဆေးဝါးများကြောင့် စားသုံးသူပြည်သူများကိုလည်း အန္တရာယ်ဖြစ်စေသည်။

**"တရားမဝင်ကုန်စည်များကြောင့် ကုန်စည်အတုအပများ ဈေးကွက်အတွင်းများပြားလာပါက စားသုံးသူများအနေဖြင့် ယုံကြည်မှုပျောက်ဆုံးလာနိုင်ပါကြောင်း၊ တရားမဝင်ကုန်သွယ်မှု၏ ၆၀ ရာခိုင်နှုန်းခန့်သည် မှောင်ခိုကုန်သွယ်မှုဖြစ်ပြီး ၃၀ ရာခိုင်နှုန်းခန့်က ကျသင့်တန်ဖိုးအောက်ဖော်ပြ၍ ကုန်သွယ်မှုဆောင်ရွက်ခြင်းနှင့် ၁၀ ရာခိုင်နှုန်းသည် တရားဝင်၊ တရားမဝင် အပြိုင်တင်သွင်းမှုတို့ဖြစ်ပါကြောင်း၊ တရားမဝင်ကုန်သွယ်မှုကြောင့် နောက်ဆက်တွဲဆုံးရှုံးမှုများအနေဖြင့် အဂတိလိုက်စားမှုများကို ဖြစ်ပေါ်စေခြင်း၊ အမှန်တကယ်လုပ်ကိုင်နေသူများကို ထိရိုက်နစ်နာစေခြင်းနှင့် နိုင်ငံ့အတွက် အခွန်ဘဏ္ဍာများမရရှိသည့်အတွက် ဝင်ငွေအကြီးအကျယ်ဆုံးရှုံးခြင်းတို့ဖြစ်ပေါ်နိုင်ကြောင်းကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုများကို တိုက်ဖျက်သည့်လုပ်ငန်းများအား "အမျိုးသားရေးတာဝန်"အဖြစ်သတ်မှတ်ပြီး ဝိုင်းဝန်းကြိုးပမ်းကြရန် ထပ်မံတိုက်တွန်းလိုကြောင်း၊"** တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၄)ကို ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဖမ်းဆီးရမိမှုများကို ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်းကြည့်မည်ဆိုပါက အကောက်ခွန်ဦးစီးဌာနက တာဝန်ယူဖမ်းဆီးသည့် အပြည်ပြည်ဆိုင်ရာ(လေဆိပ်)အမြဲတမ်းစစ်ဆေးရေးစခန်းများ၊ ကုန်သွယ်ရေးဇုန်၊ ကုန်သွယ်ရေးစခန်းများနှင့် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများက ဖမ်းဆီးရမိမှုအများဆုံးဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဖမ်းဆီးရရှိမှုများတွင် မန္တလေးတိုင်းဒေသကြီးက အများဆုံးဖမ်းဆီးရမိ၍ ဒုတိယအများဆုံးအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးနှင့် တတိယအများဆုံးအနေဖြင့် ကချင်ပြည်နယ်တို့က ဖမ်းဆီးရရှိခဲ့သည်။ ကုန်ပစ္စည်းအုပ်စုအလိုက် ဖမ်းဆီးရရှိမှုကို စိစစ်ရာတွင် လိုင်စင်မဲ့မော်တော်ယာဉ်နှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်ဖမ်းဆီးရရှိမှုများက အများဆုံးဖြစ်ပြီး ဒုတိယအများဆုံးမှာ လုပ်ငန်းသုံးကုန်ကြမ်းများဖြစ်ကာ တတိယအများဆုံးမှာ ရင်းနှီးမြှုပ်နှံမှုပစ္စည်းများဖြစ်ပါသည်။

သို့ဖြစ်ရာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ ပြည်သူများက ပူးပေါင်းပါဝင်ပြီး စဉ်ဆက်မပြတ် ကြိုးစားတိုက်ဖျက်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ပန်းမော်နှင့် အခြားမြို့များသို့ ဖေဖော်ဝါရီ ၁၃ ရက်မှ ၂၁ ရက်ထိ ကုန်စည်တင်ပို့သည့်ရေယာဉ် ၆၁ စီးရှိခဲ့



**မန္တလေး ဖေဖော်ဝါရီ ၂၂**

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ဗန်းမော်နှင့် အခြားမြို့များသို့ ဖေဖော်ဝါရီ ၁၃ ရက်မှ ၂၁ရက်ထိ ကုန်စည်တင်ပို့သည့် ကုန်တင်ရေယာဉ် ၆၁ စီးထိရှိခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်တင်တင်ထွန်းက ပြောပြ၍ သိရသည်။

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ဗန်းမော်နှင့် အခြားမြို့များသို့ ဖေဖော်ဝါရီလ တတိယပတ်အတွင်း ပြောင်းဆန်၊ ထုံး၊ ဘိလပ်မြေ၊ ကျောက်မီးသွေး စသည့်ကုန်စည်များတင်ပို့သည့် ကုန်တင်ရေယာဉ် ၆၁ စီးထိရှိခဲ့ကြောင်း၊ ထိုသို့ ကုန်စည်များတင်ပို့ရာတွင် ယခုလက်ရှိ ဧရာဝတီမြစ်အတွင်း ရေနည်းချိန်ကာလဖြစ်သောကြောင့် ရေယာဉ်များအနေဖြင့် အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး ရေပေါ်၊ ကမ်းပေါ်တွင် စိုက်ထူပြသပေးထားသည့် ရေလမ်းညွှန်အမှတ်အသားများကို အထူးဂရုပြုသွားလာကြရန် လိုအပ်ကြောင်း သိရသည်။

"အခုလတ်တလော မန္တလေးဆိပ်ကမ်းမှာ ကုန်စည်ရရှိမှုက ပြန်ပြီးများပြားလာတယ်။ ဘိလပ်မြေ၊ ကျောက်စရစ် စတဲ့ကုန်စည်တွေက အများဆုံးဖြစ်နေတယ်"ဟု ဒေါ်တင်တင်ထွန်းက ပြောပြသည်။

မန္တလေး ဆိပ်ကမ်းမှ ရန်ကုန်၊ ဗန်းမော်နှင့် အခြားမြို့များသို့ ဖေဖော်ဝါရီ ၁၃ ရက်မှ ၂၁ရက်ထိ တင်ပို့နိုင်ခဲ့သည့်ကုန်တန်ချိန်များမှာ ဘိလပ်မြေ ၇၉၅၆ ဒသမ ၅၈ တန်၊ ပြောင်းဆန် ၉၂၈၃ ဒသမ ၇၅ တန်၊ ကျောက်မီးသွေး ၁၀၈၆ တန်၊ ထုံး ၇၅ တန် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

"ဧရာဝတီမြစ်အတွင်း ရေနည်းချိန်ကာလမှာ ရေယာဉ်တွေအနေနဲ့ အထူးဂရုပြုမောင်းနှင်ဖို့၊ ရေနည်းကာလအတွင်း ရေယာဉ်တွေ သောင်တင်တာ၊ ရေလမ်းကြောင်းအတွင်း မတော်တဆဖြစ်ပွားတာတွေမဖြစ်ပေါ်စေဖို့ ရေလမ်းအသုံးပြုသူတွေအနေနဲ့ မိမိရေယာဉ်ရဲ့ ဝန်တင်ရေစူးကို ရေလမ်းကြောင်းအခြေအနေပေါ်မူတည်ပြီး သတ်မှတ်ထားတဲ့ ရေစူးကန့်သတ်ချက်နဲ့အညီ တင်ဆောင်ကာ စနစ်တကျခုတ်မောင်းကြဖို့ လိုအပ်ပါတယ်"ဟု ဒေါ်တင်တင်ထွန်းက ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေး ကားဈေးကွက်၊ ဆိုင်ကယ်ဈေးကွက်

**မန္တလေး ဖေဖော်ဝါရီ ၂၂**

မန္တလေးကားဈေးကွက်တွင် မော်ဒယ်မြင့်ဘယ်မောင်းနှင့် တန်ဖိုးမြင့်ကားများ အရောင်းအဝယ်အေးနေသော်လည်း ဈေးနှုန်းအသင့်အတင့်ရှိသော ကားအမျိုးအစားများ အရောင်းအဝယ်ဖြစ်နေကြောင်း လမ်း၆၀ ကားဝိုင်းမှ သိရသည်။

ထို့ပြင် လျှပ်စစ်သုံးကားများမှာ ငွေကျပ်သိန်း ၅၀၀ ခန့် ပေါက်ဈေးရှိကြောင်း၊ ပြည်တွင်းတပ်ဆင်ထုတ်လုပ်သော SKD ကားများတွင်လည်း ငွေကျပ်သိန်း ၁၀၀၀ ခန့်ထိရှိခဲ့ရာမှ ယခုအခါ ဈေးနှုန်းများ ပြန်လည်ကျဆင်းလာကြောင်း၊ အလားတူ ပွိုင့်သရီးကားအမျိုးအစားများမှ ဟွန်ဒါဖစ်၊ တိုယိုတာဗစ်ဇ်၊ တိုယိုတာရက်တစ်ဇ်၊ တိုယိုတာဘယ်လ်တာကားအမျိုးအစားများ အရောင်းအဝယ်ရှိကြောင်း သိရသည်။

ယခုအခါ ငွေကျပ်သိန်း ၅၀၀ အောက်MDY လိုင်စင်ကားဟောင်းများ အရောင်းအဝယ်ပုံမှန်ဖြစ်နေပြီး ဟွန်ဒါဖစ်၊ ဟွန်ဒါအင်ဆိုက်၊ တိုယိုတာဗစ်၊ မာဇဒါဒီမီယို၊ ဗုစ်ရှ် စသည့်ကားများ ပို၍အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ်၂၀ အမည်ပေါက် စလစ် ငွေကျပ် ၁၂၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၁၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် သိန်း ၁၁၀၊ တက္ကစီစလစ် ငွေကျပ်သိန်း ၁၂၀ ခန့်ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။

မန္တလေး ဆိုင်ကယ်ဈေးကွက်တွင် တစ်ပတ်ရစ်ဘီးများ အရောင်းအဝယ် ပြန်ဖြစ်နေပြီး ဘီးကြောကောင်းမွန်မှုနှင့်အတူ နံပါတ်အမြင့်၊ မော်ဒယ်မနိမ့်လွန်းသည့် တရုတ်ဘီးများမှ ကန်ဒါ၊ ဆိုင်ကလုန်း၊ ဇောင်ချမ်းအမျိုးအစားများအရောင်းအဝယ်ဖြစ်နေကြောင်း မန္တလေးမြို့ ၅၉ လမ်း ဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

ထို့ပြင် လျှပ်စစ်သုံးဆိုင်ကယ်များ လူကြိုက်များလာကာ ဝယ်ယူမှုများနေပြီး ငွေကျပ် ၁၆ သိန်း ၅ သောင်းမှ သိန်း ၅၀ ကျော်ထိ ပေါက်ဈေးရှိကြောင်းသိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် တရုတ်နိုင်ငံထုတ် အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၇ သိန်းမှ ၁၃ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရှပ်ဆိုး/125 R/ CZI အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၉ သောင်းမှ ၁၅ သိန်းခန့်ရှိကြောင်း သိရသည်။

ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click(ပုံပြောင်း) ဒလက်ဘီးများမှာ ငွေကျပ် ၃၅ သိန်းမှ ၄၄ သိန်း၊ အနိမ့်ဘီး Click များမှာ ငွေကျပ် ၁၈ သိန်းမှ ၂၀ သိန်းခန့်၊ Scoopy i ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၃၈သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၄ သိန်းမှ ၁၇သိန်းခန့် ဈေးရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးမင်းနိုင်ထံမှ သိရသည်။

(၁၇၃)

# ပြည်ပကဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် ပဲကျား အရောင်းအဝယ်ကောင်းလျက်ရှိ

**မန္တလေး ဖေဖော်ဝါရီ ၂၂**

ပြည်ပက ဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် ပဲကျား အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိတွင် ပဲကျားကို ပြည်ပနိုင်ငံဘက်က ဝယ်ယူမှုများရှိလာကြောင်း၊ ထို့ပြင် ပြည်တွင်း၌လည်း ပဲကျားများကို ကုန်သည်များက ဝယ်ယူလျက်ရှိကြောင်း၊ ထို့ကြောင့် မန္တလေးဈေးကွက်အတွင်း ပဲကျားများ အရောင်းအဝယ် ကောင်းလျက်ရှိကြောင်း သိရသည်။

"ပဲကျားတွေကို အခုလက်ရှိအချိန်မှာ တရုတ်နိုင်ငံအပြင် အိန္ဒိယနိုင်ငံဘက်ကပါ ပြန်ပြီးဝယ်ယူမှုတွေရှိလာတယ်။ ပြည်တွင်းကလဲ ဝယ်ယူမှုများလာတာကြောင့် အရင်ကထက် အရောင်းအဝယ်ကောင်းနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ဖေဖော်ဝါရီ ၂၀ ရက် ပေါက်ဈေးအရ ပဲကျား သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၆၅၀၀၀ ပေါက်ဈေးရှိပြီး အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း သိရသည်။

"ပဲကျားက မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်ကောင်းတဲ့ ပဲအမျိုးအစားတွေထဲက တစ်မျိုးအပါအဝင်ဖြစ်ပါတယ်။ အခု မန္တလေးဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ထဲမှာပါ ပဲကျားက အရောင်းအဝယ်ပြန်ပြီးကောင်းနေပါတယ်"ဟု ဦးစက်မောင်ဆွေက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မြို့သစ်မြို့နယ် လယ်ပြင်စုကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မြို့သစ် ဖေဖော်ဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် လယ်ပြင်စုကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၂၀ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်နှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ လယ်ပြင်စုကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များကို ကွန်ကရစ်လမ်း ရေရှည်အသုံးပြုနိုင်ရေး တန်ပိုယာဉ်များ ဖြတ်သန်းသွားလာခွင့် မပြုရန် မှာကြားသည်။

လယ်ပြင်စုကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၉၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရ ငွေကျပ် ၈ ဒသမ ၆ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၅ ဒသမ ၄ သန်း စုစုပေါင်း ငွေကျပ် ၁၄ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏နည်းပညာပံ့ပိုးမှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များကိုယ်တိုင် ၂၀၂၄ ခုနှစ် ဇန်နဝါရီလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်ထံမှ သိရသည်။

**အထွေး**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတာဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဒေါက်တာ ဦးအောင်မြင့်-ဒေါ်မေဦးလွင် မိသားစုက ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာ ဦးတင်ဝင်းက လက်ခံရယူစဉ်။

# ဟိုင်းကြီးကျွန်းမြို့ရှိ ငွေတောင်ကမ်းခြေသို့ ပြီးခဲ့သည့်ဇန်နဝါရီလအတွင်း ခရီးသွားဧည့်သည် ၃၅၄၅၅ ဦးထိ လာရောက်လည်ပတ်ခဲ့



**ငပုတော ဖေဖော်ဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ တင်းချောင်းကျေးရွာ အနီးမှ ငွေတောင်ကမ်းခြေသို့ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ခရီးသွားဧည့်သည် ၃၅၄၅၅ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း ငပုတောမြို့နယ် ခရီးသွားလုပ်ငန်းအသင်း တာဝန်ခံ ဒေါ်နီနီမာက ပြောပြ၍ သိရသည်။

ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ ငွေတောင်ကမ်းခြေသို့ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်း ခရီးသွားဧည့်သည် ၃၄၂၅၅ ဦး လာရောက်လည်ပတ်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇန်နဝါရီ ၃၁ ရက်ထိ ခရီးသွားဧည့်သည် ၃၅၄၅၅ ဦးထိ လာရောက် လည်ပတ်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်း ငွေတောင်ကမ်းခြေကို ခရီးသွားဧည့်သည် ၃၅၄၅၅ ယောက်ထိ လာရောက် လည်ပတ်ခဲ့ပါတယ်။ ပွင့်လင်းရာသီ ရောက်လာတာနဲ့ အမျှ ခရီးသွားဧည့်သည်တွေတိုးမြင့်လာရောက်နေပါတယ်။ ဇန်နဝါရီလအတွင်း ရန်ကုန်နဲ့ နေပြည်တော် အပါအဝင် ပြည်တွင်းခရီးသွားတွေများခဲ့တယ်။ ဒီနှစ်ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့ ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက် စတဲ့ပိတ်ရက်တွေမှာလဲ အများဆုံး လာရောက်ခဲ့ပါတယ်။ လက်ရှိလဲ လာရောက်လည်ပတ်တဲ့သူတွေများနေပါတယ်။ နွေရာသီကျောင်းပိတ်ရက်တွေမှာလဲ အခုထက် ခရီးသွားဧည့်သည်တွေ ပိုမိုလာရောက်လည်ပတ်လိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ ခရီးသွားတွေကို စနစ်တကျဝန်ဆောင်မှုပေးနေပါတယ်"ဟု ငပုတောမြို့နယ် ခရီးသွားလုပ်ငန်းအသင်း တာဝန်ခံ ဒေါ်နီနီမာက ပြောပြသည်။

ငွေတောင်ကမ်းခြေသို့ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း လာရောက်လည်ပတ် အပန်းဖြေသည့် ခရီးသွား ဧည့်သည်များသည် ရန်ကုန်တိုင်းဒေသကြီးက အများဆုံးဖြစ်ကြောင်း၊ အဆိုပါကမ်းခြေသို့ လာရောက်အပန်းဖြေသည့် ခရီးသွားဧည့်သည်များ ခရီးစဉ်အဆင်ပြေစေရန်၊ သန့်ရှင်းမှုရှိစေရန်၊ စနစ်တကျအနားယူနိုင်ရန် လုံခြုံရေး၊ စည်းကမ်းထိန်းသိမ်းရေး စသည့် လုပ်ငန်းများကို ခရီးသွားလုပ်ငန်းရှင်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံများက ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# အုတ်ဖိုမြို့နယ် ဘုန်းစိုးကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အုတ်ဖို ဖေဖော်ဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လွှစင်ကျေးရွာအုပ်စု ဘုန်းစိုးကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းတာဝန်ခံက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဘုန်းစိုးကြီးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅၆ ဦးကို ငွေကျပ် ၄၂ ဒသမ ၄၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၃ ဦးကို ၉ ဒသမ ၆ သန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူနှစ်ဦးကို ငွေကျပ် သုည ဒသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၁၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၅၂ ဒသမ ၂၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုတ**

# ပန်းမောက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၁၈၄၁၉ ဧက စိုက်ပျိုးပြီးစီး

**ကသာ ဖေဖော်ဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပန်းမောက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၁၈၄၁၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပန်းမောက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၁၁၂၃၇ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၈၄၁၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ပန်းမောက်မြို့နယ်အတွင်း ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံ ၁၁၂၃၇ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၈၄၁၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံစိုက်ပျိုးမှုကတော့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ စားသုံးဆီဖူလုံဖို့နဲ့ ဆီထွက်သီးနှံတိုးတက်ဖို့အတွက် ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ပန်းမောက်မြို့နယ်တွင် ဆီထွက်သီးနှံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မြေပဲ ၁၁၂၅၅ ဧက၊ နှမ်းဧက ၂၀၂၀၊ ဆီမုန်ညင်း ၃၃၂၁ ဧက၊ နေကြာ ၁၃၃၅ ဧက၊ ပန်းနှမ်း ၄၈၈ ဧက စုစုပေါင်း ၁၈၄၁၉ ဧကဖြစ်ကြောင်း သိရသည်။

ပန်းမောက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစိုက်ပျိုးရန်လျာထားမှုအနေဖြင့် မြေပဲ ၄၂၃၇ ဧက၊ နှမ်း ဧက ၂၀၂၀၊ ဆီမုန်ညင်း ဧက ၃၂၂၀၊ နေကြာ ၁၃၃၅ ဧက၊ ပန်းနှမ်း ၄၂၅ ဧက စုစုပေါင်း ၁၁၂၃၇ ဧကဖြစ်ကြောင်း သိရသည်။

ပန်းမောက်မြို့နယ်တွင် ဆီထွက်သီးနှံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ သီးထပ်သီးညှပ်များဖြင့် ဆီထွက်သီးနှံများကို စိုက်ပျိုးထုတ်လုပ်ရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးထံမှ သိရသည်။

(၂၀၆)



# ပေါက်-လဲ-မြူးကြွတပို့တွဲလရဲ့ ထမနဲပွဲ မီးဆုန်းပွဲတော်နဲ့ ဩဝါဒပါတိမောက်အခါတော်နေ့

"မှုံပြာရီ ခရီးကွင်းခြေအစမှာလ၊ ကုံရာသီ ဆီးနှင်းတွေကျလိုက်ပါဘိ၊ မီးထင်းမနေရ အရိုးပြုတ်မတတ် ချမ်းတာကြောင့်၊ မိုးကုတ်ရှမ်းရွာထက် နောက်နှစ်ကဲသာလောက်အောင်၊ ပေါက်-လဲဝါ သဂီပန်းရယ်နှင့်၊ တိမ်နီတစ်ခြမ်းထာဝရ အမှန်တောက်ပြန်တော့၊ မာယသံကောက် အရေးယူဖို့အကြောင်းပါပဲ၊ ရွှေသူဟောင်းတို့ နည်းထုံးမယွင်းစေနှင့်၊ မီးပုံထင်းဘုရားလှူကြပေါ့၊ အများမတူသပ သာစုပွဲဟာမို့၊ ယာဂုထမနဲထိုးချိန်အခါကမှ၊ မိုးတိမ်ပြာဝေဝေရီလျက်၊ ရွှေရွှေပြည်အစကောင်းတာကြောင့်၊ လေပြေနရီ ပထမက အကောင်းရယ် မြမြမောင်းမောင်းတီး။"

**(ရှေးအမည်မသိစာဆိုတစ်ဦး၏ ဆိုင်းဆင့်)**

ဖော်ပြပါဆိုင်းဆင့်တွင် တပို့တွဲလ၏ရာသီ၊ နက္ခတ်၊ ရာသီပွဲ၊ ရာသီပန်းစသည်ဖြင့် တပို့တွဲလ၏ ဝိသေသအားလုံးကိုသိမ်းကျုံး လွမ်းခြုံဖော်ညွှန်းထားရာ အလင်္ကာမြောက်လှပါပေသည်။

ပေါက်လဲနီနီ ဝတ်ဆံချိုကြသည့် တပို့တွဲလသည် မြန်မာ့တစ်ဆယ့်နှစ်လတွင် တစ်ဆယ့်တစ်လမြောက်လဖြစ်သည်။ ဆောင်းရာသီ၏ နောက်ဆုံးလလည်းဖြစ်သည်။ ဆောင်းလေးလတွင် တပို့တွဲလသည် အအေးဆုံးလဖြစ်သောကြောင့် "မာတင်ပြောင်အစွယ်၊ နူးအောင်ပ၊ ထူးတဲ့အစိမ့်"ဟု ဆင်ပြောင်ကြီး၏အစွယ်ပင်နူးလောက်အောင် ချမ်းစိမ့်လှကြောင်း ဖွဲ့ဆိုထားသည်။ "နှာရည်ယိုရှဲ တပို့တွဲ"ဟုလည်း အေးစိမ့်မှုသင်္ကေတကို မှတ်တမ်းပြုထားသည်။

ထို့ပြင် "ရာသီမာသ၊ သည်ကာလကို၊ ချမ်းမြတုန်အေး၊ မြောက်လေသွေး၍၊ စက်ထွေးမလုံ၊ ဖော်မစုံသည်၊ ရွှေပုံရုပ်ဟန်ကဲ့သို့လေး"ဟုလည်း ဖော်ကွာဝေးသူတို့ ပူဆွေးဖွယ်လွမ်းချင်းအဖြစ်ရေးဖွဲ့ခဲ့ကြသည်။

တပို့တွဲလကို ပုဂံခေတ်ကျောက်စာများတွင် "တပိုဝ်တွယ်၊ တပိုတွယ်၊ တပိုတွဲနှင့်တပို့ဝ်တွယ်"ဟူ၍ အမျိုးမျိုးကမွည်းရေးထိုးခဲ့ကြသည်။ "တပိုမှ ထပို"ဖြစ်၍ ထန်းဖိုပင်ဟုဆိုလိုဟန်ရှိသည်။ "တွဲ"မှာ တွဲလျားကျသည်။ တွဲစေသည်။ "တ=ထန်း၊ ထန်းဖူး၊ ထန်းခိုင်။ တွဲ=အောက်သို့ ကိုင်းညွတ်ဆွဲနိုင်အောင် တွဲကျနေသည်။ ထန်းဖူး၊ ထန်းခိုင်၊ ထန်းလက်များ အောက်သို့ ညွတ်ကိုင်းတွဲလျားကျနေသောကာလ၊ ထန်းရည်နင်းသောလဟုလည်း ခေါ်ဆိုမှတ်တမ်းပြုခဲ့ကြသည်။

"ထန်းရည်နင်း၊ ပေါက်ကင်းတဲ့လင်္ငုံ၊ ဆက်ရက်ကယ်သာကာနှင့်၊ ရော်ရွက်ဝါတမာနု၊ လွမ်းသူ့ပူပုံ"ဟူ၍လည်း စာဆိုတော်ဦးကြင်ဥက စပ်ဆိုခဲ့ရာ ထိုလတွင် ထန်းသမားတို့သည် ထန်းရည်ခံယူကြရန် ထန်းပြင်ကြရသည်။ ထန်းရည်ခံယူကြပြီး သကာရည်နှင့်ထန်းလျက် ထုတ်လုပ်ကြလေ့ရှိသည်။

ထို့ပြင် တပို့တွဲလတွင် တောင်သူလယ်သမားများ၊ လယ်ယာလုပ်ငန်းခွင်များမှ အနားယူကြချိန်ဖြစ်သဖြင့် အလှူမင်္ဂလာပွဲများ ကျင်းပကြလေ့ရှိသည်။ ဤသည်ကို အကြောင်းပြုကာ "တပို့"=ထမ်းပိုး၊ "တွဲ"=ချိတ်ဆွဲထားခြင်း၊ လယ်ယာသုံးကိရိယာထမ်းပိုးများကို ချိတ်ဆွဲသိမ်းဆည်းထားကြသည့်အခါကာလမို့ "တပို့တွဲလ" ဟုလည်း ပြောစမှတ်ပြုခဲ့ကြသည်။

"တပို့တွဲ၊ ပေါက်-လဲ- ရယ်တဲ့ ငုံစီစီ"ဟု စာပန်းချီခြယ်သခဲ့ရသော တပို့တွဲလရာသီအမည်က "ကုံ"၊ စန်းပြည့်နက္ခတ်က "မာဃ"၊ ယှဉ်တာရာက "ချိန်တာရာ"၊ ရာသီရုပ်က "အိုးထမ်းယောကျ်ား"၊ ရာသီပန်းက "ပေါက်-လဲပွင့်"၊ ရာသီပွဲက "မီးဖုန်းပွဲ၊ ထမနဲပွဲ"၊ လပြည့်သန်းခေါင် နတ်ပေါင်းခပင်က "သော်ကပင်"၊ ရက်ရာဇာက "အင်္ဂါ၊ ကြာသပတေး"၊ ပြဿဒါးက "တနင်္ဂနွေ၊ တနင်္လာ" စသည်ဖြင့် နက္ခတ်ဗေဒပညာရှင်များကလည်း ရာသီ၊ နက္ခတ်၊ တာရာ၊ ရာသီရုပ်၊ ရာသီပန်း၊ ရာသီပွဲ၊ ရက်ရာဇာ၊ ပြဿဒါးကအစ အသေးစိတ်ဖော်ထုတ်မှတ်တမ်းတင်ထားခဲ့ကြသည်။

တပို့တွဲလ၏ပွဲတော် "ထမနဲ"ပွဲကို လူသိများကြသော်လည်း "မီးဖုန်းပွဲတော်"နှင့် "ဩဝါဒပါတိမောက်အခါတော်နေ့"ကိုကား လူသိနည်းနေကြသည်။

**ထမနဲပွဲ(နှမ်းမနဲပွဲ)**

"တပို့တွဲလ၊ ကုံသို့ကျ၊ မာဃထွန်းစမြဲ။
ပေါက်-လဲ-ပွင့်တုံ၊ ဆူးပန်းငုံ၊ မီးပုံယာဂုပွဲ"

**(ကင်းဝန်မင်းကြီးဖွဲ့ သံပေါက်)**

ပါဠိလို "ယာဂု"ကို 'ထမနဲ'ဟု ဆိုသူကဆိုသလို ဆန်ပြုတ်ဟုလည်း ဆိုကြသည်။ မည်သို့ပင်ဆိုကြစေကာမူ ပေါ်ဦးပေါ်ဖျား ကောက်ညှင်းဆန်ဖြင့် ထမနဲထိုး၍ ကျွေးမွေးလှူဒါန်းကြသဖြင့် "ကောက်ဦး၊ နှမ်းဦး၊ ဒါနထူး"အလှူဒါနအဖြစ် ခံယူထားကြသည်။

ထမနဲပွဲတော်များကို ရှေးမြန်မာဘုရင်များလက်ထက်ကတည်းက အစဉ်အဆက်ကျင်းပခဲ့ကြောင်း အထောက်အထားများစွာရှိခဲ့သည်။ တပို့တွဲလသည် အအေးဆုံးလဖြစ်သောကြောင့် အဆီခန်းခြောက်ကြလေ့ရှိသည်။ ထို့ကြောင့် ဆီနိုင်သည့်အပူစာ ထမင်းနဲ့(ထမနဲ)ကိုစားသုံးကြပါက ကိုယ်ငွေ့ကောင်းပြီး အသားအရေစိုပြည်လာကာ အပူဓာတ်ရနိုင်ကြောင်း၊ မိုးဦးကျတွင် ဖြစ်လေ့ဖြစ်ထရှိသောဝမ်းရောဂါကို ကြိုတင်ကာကွယ်ရာရောက်ကြောင်း၊ ပထဝီပျက်သူများ ထမင်းနဲ့(ထမနဲ)စားသုံးသင့်ကြောင်း ရှေးမြန်မာလူကြီးများက ဆေးပညာရှုထောင့်မှ အစာလည်းဆေး၊ ဆေးလည်းအစာ ရာသီစာအဖြစ် သတ်မှတ်ထားခဲ့ကြသည်။

တပို့တွဲလပြည့်နေ့တွင် ထမနဲဆွမ်းဆက်ကပ်လှူဒါန်းကြခြင်းနှင့်ပတ်သက်၍ ပဥ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီးက အမေးတော်ရှိခဲ့ရာ "စလေဦးပုည"က "ဆွမ်းတော်ကြီးကပ်လျှောက်ထားစာတမ်း"ဖြင့် ဆက်သွင်းဖြေကြားခဲ့သကဲ့သို့ သမားတော်၊ သွေးဆေးတော်ဆက် တောင်သာဆေးဝိုဏ်းဝင် "မြင်းခြံဆရာသွဲ့"ကလည်း "တစ်မိုးတွင်းလုံးနှင့် တစ်ဆောင်းတွင်းလုံး အအေးများလွန်းသဖြင့် အပူအအေးမမျှဖြစ်နေလေရာ ဆောင်းရာသီကုန်လု၊ နွေဥတုရာသီမကူးမီ ဓာတ်ကြီးလေးပါးညီညွတ်မျှတအောင် ဆေးဝါးဓာတ်စာအဖြစ် ဆရာသမားတော်ကြီးများက နှမ်းမနဲ(ထမနဲ)ကို စီမံစားသောက်စေခဲ့ပါကြောင်း"လျှောက်ထားခဲ့ရာ ဆုတော်လာဘ်တော်များ ချီးမြှင့်ခဲ့သည်။

ထို့ပြင် အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာအတွက် လွတ်လပ်ရေး၏ မီးရှူးတန်ဆောင်ဖြစ်သော ဝိုင်အမ်ဘီအေအသင်းကြီးသည် ရှေးရိုးရာအစဉ်အလာမပျက်စေရေးနှင့် သွေးစည်းညီညွတ်ရေးကိုရှေးရှု၍ ထမနဲပွဲကို နှစ်စဉ်ကျင်းပခဲ့သည်။

ထမနဲ(နှမ်းမနဲ)ထိုးပုံထိုးနည်းကို-

"ထမနဲ ထိုးရန်ဖို့
စာချိုးလို့မှာခဲ့မယ်။
တစ်စိတ်ဆန် သည်ကောက်ညှင်းရယ်နှင့်
တစ်ပိဿာ ဆီအမှန်သွင်းပါလို့
ချင်း(ဂျင်း)က သုံးဆယ်။
မြေပဲဖြူ လော်တစ်ခွက်ကယ်နှင့်
အုန်းသီးဆန် အတူဖက်ပါလို့
နှမ်းမပျက် ဤနည်းနှယ်
ရေစင်ကြည်ပ ထည့်ရိုး။
လက်နှစ်သစ်သာပ
တွက်စစ်ကာ ချိန်ဆယ်သားရယ်နှင့်
ရောနှောကာ လူအများတို့ရယ်
အားစိုက်လို့ထိုး။"ဟူ၍ မန်လည်ဆရာတော်က ရေးစပ်ခဲ့၏။

ကောက်ညှင်းထဲတွင် နှမ်း၊ ဆီ(နှမ်းဆီ အပါအဝင်)၊ အုန်းသီး၊ မြေပဲ၊ ချင်းစသည်တို့ဖြင့် သွေးအချိုးအဆနှင့်အညီ ပေါင်းစပ်ထည့်ထားသော ကောက်ညှင်းထမင်းအိုး၊ ဒယ်အိုးကြီးထဲကို ထပ်ပြန်တလဲလဲ ကော်ပတ်စာများနဲ့သည့်အလား ထမနဲထိုးသူနှစ်ယောက်က ယောက်မကြီးနှစ်လက်ဖြင့် ပွတ်ခြေနဲ့ရဘိအလား၊ နဲ့ကြရသည်။ နဲ့ကြရသောကြောင့် ထမင်းနဲ့(ထမနဲ)ဟု မှည့်ခေါ်ထားခြင်းဖြစ်သည်။ အချို့အရပ်တွင် နှမ်းဆီနှင့် နှမ်းနိုင်နိုင်ထည့်ရသည်ကိုအကြောင်းပြုပြီး "နှမ်းမနဲ"ဟုလည်း ခေါ်ဆိုကြသည်။

**မီးဖုန်းပွဲတော်**

"ပူဇော်မီးဖုန်း၊ ရှင်ပြုံးရဲလျှံ"ဟူ၍ စာဆိုတို့ဖွဲ့ဆိုခဲ့ကြရသည့် မီးကုသိုလ်အလှူဖြစ်သည်။ ပါဠိလို "အဂ်ရကပလ္လ"ကို "မီးအိုးကင်း၊ မီးကယ်ဖူး"ဟု ပြန်ဆိုခဲ့ကြသဖြင့် "ပုဂံမင်စာ"တွင်"မီးဖုန်း"ဟု ပြန်ဆိုထားကြပါသည်။

"ရွှေယုဂန်နန်းညိုမြက စန်းခိုစလုံလူ၊ ချမ်းဆိုသမျှစံမတူသည်၊ သဃမ္ဗူသော်မှ မီးမယ်ဖျူး ရွှေလက်ကင်သည်၊ ရေစက်သွင် အေးတဲ့သည်လ"ဟု စာဆိုတော်ဦးကြော့ဖွဲ့ဆိုထားသည့်နှယ် တပို့တွဲလ၏အအေးဓာတ်လွန်ကဲမှုကြောင့် မြတ်စွာဘုရားရှင်ကိုယ်တိုင် မီးလင်းဖိုု(မီးမယ်ဖျူး)တွင် ရွှေလက်တော်များကင်၍ အနွေးဓာတ်ကိုရယူခဲ့ကြောင်း မှတ်တမ်းပြုထားသည်။

မြတ်ဗုဒ္ဓသည် တတ္ထိတို့မီးလှုံသကဲ့သို့ မီးလှုံခြင်းကို ခွင့်မပြုခဲ့သော်လည်း ဆောင်းနှောင်းနွေကူး တပို့တွဲလ၏ အဆုံးလေးရက်နှင့် တပေါင်းလဆန်း လေးရက်၊ ဤရှစ်ရက်ကို မီးလှုံနိုင်ကြောင်း အန္တရဋ္ဌရက်ဟူ၍ အဋ္ဌကထာဆရာတို့က ဖွင့်ဆိုထားသည်။

ကုန်းဘောင်မင်းဆက် မဟာရာဇဝင်တော်ကြီး တတိယတွဲ၊ စာ-၅၄၄ တွင် "တပို့တွဲလ၊ ပန္နရာသီ၊ တိတိထွန်းစည်၊ လပြည့်နေ့အခါဝယ်၊ ခြောက်ပါးရောင်လက်၊ ဝင့်တိုင်းစက်သော၊ အတ္တာဒန္တ၊ ပြောင်မှန်ဝပင်၊ အေးမြသောအစွယ်ရှိသည်ဖြစ်၍ သုံးလူထွတ်ထား မြတ်ဘုရားကိုယ်တော်တိုင်ပင် မီးရှိန်ခံတော်မူသည်ကို ရည်စူးပြီးလျှင် မီးဖုန်းတော်များကို လှူဒါန်းပူဇော်ခဲ့သည်"ဟု ဖော်ပြထားသည်။

ထို့ပြင် ဆရာကြီး ဒဂုန်နတ်ရှင်၏ စာပေဝတ်ဆံ(၅)တွင် "တပို့တွဲလပြည့်နေ့၊ ညဉ့် ၂ ချက်တီးအကျော်(လပြည့်ကျော် ၁ ရက်အဝင်)တွင် မြတ်စွာဘုရားရှင်အား အချမ်းမှသက်သာစေရန် ရှင်အာနန္ဒာက ဒုကုဋ်တော်(နှစ်ထပ်သင်္ကန်း) တင်လွှမ်း(ထပ်ခြုံ)ပေးခြင်းကို ကျမ်းဂန်များ၌ တွေ့ရသည်။ ထို့ကြောင့် နံ့သာထင်းများဖြင့် ဘုရားကိုရည်စူး၍ လှူဒါန်းကြခြင်းဖြစ်ပါသည်" ဟူ၍လည်း အထောက်အထားပြဆိုထားသည်။

ထို့ကြောင့် မီးဖုန်းပွဲတော်ဆိုသည်မှာ တချို့က မီးပုံပွဲဟုခေါ်ကြသည့် "မီးကုသိုလ်ပွဲ၊ မီးအလှူပွဲ"ပင်ဖြစ်သည်။ အလွန်အေးမြသော တပို့တွဲလတွင် ဘုရားဆင်းတုတော်များရှေ့၌ ရဟန်းသံဃာတော်များနှင့် သက်ကြီးရွယ်အိုများ မီးဖို၍လှုံကြရန် နံ့သာထင်း၊ မီးမယ်ဖျူး(မီးလင်းဖို၊ မီးအိုးကင်း) စသည်တို့ကို လှူဒါန်းကြသည့်ပွဲပင်ဖြစ်သည်။

**ဩဝါဒပါတိမောက်အခါတော်နေ့**

"တပို့တွဲမူ၊ မဖွဲ့မိုးလေ၊ သုံးလူ့ဆွေလျှင်၊ လေးထွေအင်စုံ၊ ကြိုက်ကြုံအဟုတ် ပါတိမုတ်ကို၊ ဖော်ထုတ်စိစစ်၊ ပြမြဲဖြစ်၍"

**(ဦးအောင်ကြီးဖွဲ့ လူးတား)**

"ချမ်းချက်လွန်ကဲ၊ တပို့တွဲဟု၊ မြူရှဲရောင်ပ၊ ပြည့်သည့်လဝယ်၊ ပွဲမအဖုံ၊ လုံးစုံသံဃာ၊ စည်းဝေးရာ၌၊ ကျမ်းပါတိမုတ်၊ ရွှေနှုတ်တော်ညွှန်ပြ"

**(ရှင်မဟာရဋ္ဌသာရ ကိုးခန်းပျို့)**

မြတ်ဗုဒ္ဓသည် "ဩဝါဒပါတိမောက်ဒေသနာတော်" ကို ဘုရားဖြစ်ပြီး ကိုးလပြည့်သော မဟာသက္ကရာဇ် ၁၀၃ ခု တပို့တွဲလပြည့်နေ့၌ တိုတိုကျဉ်းကျဉ်းလိုရင်းကိုသာ ဟောကြားတော်မူခဲ့သည်။ မြတ်စွာဘုရားရှင်သည် ဝါတော် ၂၀ ထိ ဝိနည်းသိက္ခာတော်များကို သီးခြားပညတ်တော်မမူခဲ့ဘဲ ဤဩဝါဒတော်ဖြင့်သာလျှင် ရဟန်းသံဃာတော်များကို ယဉ်ကျေးလိမ္မာစေခဲ့ပါသည်။

❖ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပို့တွဲလပြည့် ညဉ့်ဦးယံအခါတွင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ မြတ်စွာဘုရားရှင်သည် ရောင်ခြည်တော်ခြောက်သွယ်ကွန့်မြူးလျက် အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလ္လာန်နှင့် အရိယာရဟန္တာမြတ် တစ်ထောင့်နှစ်ရာ့ငါးကျိပ်တို့ခြံရံကာ ဥရုဝေလကဿပ စသည့် ရသေ့ညီနောင်ရှင်တစ်ထောင်မှ ကူးပြောင်းလာသောရဟန္တာမြတ်များ စုံလင်စွာခစားဝပ်တွားနေကြစဉ် ပထမဆုံးအချိန်တွင် ဩဝါဒပါတိမောက်ဒေသနာကို ဟောကြားတော်မူခြင်းဖြစ်ပါသည်။ ❖

မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပို့တွဲလပြည့် ညဉ့်ဦးယံအခါတွင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ မြတ်စွာဘုရားရှင်သည် ရောင်ခြည်တော်ခြောက်သွယ်ကွန့်မြူးလျက် အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလ္လာန်နှင့် အရိယာရဟန္တာမြတ် တစ်ထောင့်နှစ်ရာ့ငါးကျိပ်တို့ခြံရံကာ ဥရုဝေလကဿပ စသည့် ရသေ့ညီနောင် ရှင်တစ်ထောင်မှ ကူးပြောင်းလာသော ရဟန္တာမြတ်များ စုံလင်စွာခစားဝပ်တွားနေကြစဉ် ပထမဆုံးအချိန်တွင် ဩဝါဒပါတိမောက်ဒေသနာကို ဟောကြားတော်မူခြင်းဖြစ်ပါသည်။

(၁) တပို့တွဲလပြည့်နေ့ဖြစ်ခြင်း၊ (၂) ဧဟိဘိက္ခုအရှင်မြတ်များဖြစ်ခြင်း၊ (၃) ဆဠာဘိည ပဋိသမ္ဘိဒါရဟန္တာများဖြစ်ခြင်း၊ (၄) မည်သူမျှပင့်ဖိတ်သူမရှိဘဲ အစုံအလင်ကြွရောက်စုဝေးခြင်းဟူသော လေးပါးသော အင်္ဂါရပ်များနှင့်ပြည့်စုံနေသောကြောင့် ဘုရားရှင်တို့၏ ဓမ္မတာသုံးဆယ်ထဲမှ ဓမ္မတာတစ်ရပ်ဖြစ်သော ဩဝါဒပါတိမောက်ဒေသနာတော်ကို ဟောကြားတော်မူခြင်းဖြစ်သည်။

မြတ်စွာဘုရားရှင်၏ ဓမ္မခန္ဓာပေါင်း ၈၄၀၀၀ လုံးကို ခြုံငုံမိသော "ဩဝါဒပါတိမောက်ဒေသနာတော်"၏ လိုရင်းအနှစ်ချုပ်အဆုံးအမမှာ-

သဗ္ဗပါပဿ အကရဏံ = မကောင်းမှုကို မပြုကြပါနှင့်။ (သီလ-ဝိနည်း)

ကုသလဿ ဥပသမ္ပဒါ = ကောင်းမှုကိုသာ ဆည်းပူးပါ။(သမာဓိ-သုတ္တန်)

သစိတ္တ ပရိယောဒပနံ = ဖြောင့်မတ်ဖြူစင်သော စိတ်ထားကြပါ။ (ပညာ-အဘိဓမ္မာ)

ဧတံ ဗုဒ္ဓါနသာသနံ = ဤသည်ပင်လျှင် ဘုရားရှင်တို့၏ အဆုံးအမတည်း။

ဆိုလိုရင်းမှာ သီလ၊ သမာဓိနှင့်ပညာ၊ သာသနာသုံးရပ် သို့မဟုတ် ဝိနည်း၊ သုတ္တန်နှင့် ပညာဟူသော ပိဋကသုံးပုံလုံးပါဝင်သော ဩဝါဒပါတိမောက်ဒေသနာတော်ကို "ဗုဒ္ဓလမ်းစဉ် အခြေခံမူဝါဒ"ဟူ၍ ဆိုမိန့်ခဲ့ကြသည်။ ရဟန်းသံဃာတော်များကို ဟောကြားဆုံးမခဲ့သော တရားတော်ဖြစ်သော်လည်း လူဒါယကာ၊ ဒါယိကာမများလည်း နာခံလိုက်နာကျင့်သုံးအပ်သည့် အဆုံးအမဩဝါဒတရားတော်ဖြစ်သည်။

တပို့တွဲလ၏ ရိုးရာဓလေ့နှင့်ပျော်မွေ့ဖွယ်ကုသိုလ်ပွဲတော်များကား ထူးခြားမွန်မြတ်လှပေသည်။ ထို့ပြင် မြန်မာနိုင်ငံတော်ကြီး လွတ်လပ်ရေးရရှိရေးအတွက် အဓိကသော့ချက်ဖြစ်သော "ပြည်ထောင်စုနေ့"သည်လည်း တပို့တွဲလထဲမှာပါဝင်နေသဖြင့် ပို၍ထူးကဲမွန်မြတ်နေပါတော့သည်။

**ကိုးကား**

- **တစ်ဆယ့်နှစ်ရာသီဘွဲ့ပေါင်းချုပ်**
- **ဝိဿစုက(ပဲခူး)၏ မြန်မာ့တစ်ဆယ့်နှစ်လရာသီဘွဲ့**
- **ပြည်ထွန်းရွှေ၏ မြန်မာလများနှင့်ဓပ်လျှင်း၍**

**မောင်မြင့်မိုးသူ(ကြို့ပင်ကောက်)**

# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့ အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒါ့အပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့ လုပ်ငန်း လည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေဖြစ်ပွားနိုင်မှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

# ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ဧက ၅၂၁၁၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ဘုတလင် ဖေဖော်ဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ဧက ၅၂၁၁၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။



ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲဧက ၅၂၃၉၄ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိဧက ၅၂၁၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ ကုလားပဲ ၅၂၃၉၄ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိမှာ ဧက ၅၂၁၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်နေပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် ပဲမျိုးစုံ စိုက်ပျိုးရာ၌ ကုလားပဲသီးနှံကို အများဆုံးစိုက်ပျိုးကြပြီး ပဲမျိုးစုံစိုက်ပျိုးရာတွင် ထရိုင်ကိုဒါးမားအကျိုးပြုမှိုများ ထည့်သွင်းသုံးစွဲစေရေး စည်းရုံးပညာပေးခြင်းလုပ်ငန်းများကို အကျိုးဆောင်တောင်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့်ရေဆင်း(၈)နှင့် ရေဆင်း(၁၁)မျိုးကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲ တစ်ဧကစိုက်ပျိုးလျှင် ငွေကျပ် ၃၀၀၀၀၀ ကျော်ကုန်ကျကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံဧက ၁၂ သိန်းကျော် စိုက်ပျိုးရန်လျာထားပြီး စစ်ကိုင်းတိုင်းဒေသကြီးသည် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှုတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဧရိယာအများဆုံးဖြစ်ကြောင်း သိရသည်။ (၂၀၆)

# ပျော်ဘွယ်မြို့နယ် ထိန်အင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး



**ပျော်ဘွယ် ဖေဖော်ဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထိန်အင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ထိန်အင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့စေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ပျော်ဘွယ်မြို့နယ် ထိန်အင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဒသမနှစ်စက်ဝန်းအဖြစ် အဆိုပါကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၆၃ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၅ ဦးကို ငွေကျပ် ၃၁၁ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၃၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၈၈ ဦးကို ရန်ပုံငွေကျပ် ၄၀၉ သိန်း ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်ထံမှ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

## ရွှေရင်နှာ ဘုရား၌

- အရိန္ဒမာ လုံ့စကြာလျှင်
သည်းညာရင်ဝ မထိရပဲ
ကြိုးစကိုဖြတ် လွတ်မြောက်လတ်သော်
ထက်ရပ်အညာ အနံ့မှာလျှင်
ခမျာရှောင်လျက် တိမ်းကာညွတ်ထွက်သည်
မင်းမျက်မပြေ ရှိသောကြောင့်။

- မင်းမျက်သင့်၍
မင်းနှင့်ဝေးရာ ရှောင်တိမ်းရာမှ
မာလာပန်းခင်း တသင်းသင်းနှင့်
"ရွှေယင်းမာရွာ" ရောက်သည့်ခါဝယ်
သဒ္ဒါဆင့်ပွား သူတည်ထားသည်
ဘုရားအမည် ရွှေရင်နှာ။

- ကျန်စစ်မင်းသား ကုသိုလ်အားလျှင်
ရွာသားရွာသူ မမေ့မူ၍
လိုက်ဆူပျော်ရွှင် ပွဲကြီးဆင်ကာ
နှစ်စဉ်ကျင်းပ ဝါဆိုလတိုင်း
ရောက်ရခါခါ အကျွန့်မှာလျှင်
ကျောက်စာမှန်ရေး ကြည့်ရှုငေးရင်း
အတွေးဤသို့ ဝင်သတည်း။

- "သခင့်အတွက် အသက်သေသေ
အရေခန်းခန်း ကြိုးပမ်းခဲ့သည့်
အာဇာနည်"ဟု
စွမ်းရည်ကိုမျှ မထောက်ဆပဲ
ကြီးစွာအငြိုး လုံ့ထိုးသော
တန်ခိုးတော်ရှင် သူ့သခင်ကို
ရွှေရင်နှာခဲ့ လေသလော။

- သို့မဟုတ်ငြား နှလုံးသားမှ
စကားလှိုင်လှိုင် မဆိုနိုင်အောင်
မပိုင်းကြောင့် သောကမှောင့်၍
ကြောင့်ကြပူဆွေး ရင်မအေးပဲ
တွေးတိုင်းအပြစ် တသစ်သစ်နှင့်
အချစ်လည်းဆုံး သခင်မုန်းကာ
ရှုံးရမရှင် သူ့ဖြစ်အင်ကို
ရွှေရင်နှာခဲ့ လေသလော။ ။

**မြင်းမူမောင်နိုင်မိုး**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- **Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။**
- **မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။**

## နိုင်ငံတကာ သတင်းများ

# ဗင်နီဇွဲလားနိုင်ငံ၌ တရားမဝင်ရွှေတွင်း ပြိုကျမှုဖြစ်ပွား အနည်းဆုံး ၁၄ ဦး သေဆုံး

**ကာရာကတ်စ် ဖေဖော်ဝါရီ ၂၂**

ဗင်နီဇွဲလားနိုင်ငံ အလယ်ပိုင်း၌ တရားမဝင်လုပ်ငန်း လည်ပတ်နေသော ရွှေတွင်းတစ်တွင်း ဖေဖော်ဝါရီ ၂၁ ရက်တွင် ပြိုကျမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၁၄ ဦးသေဆုံးခဲ့ရပြီး ဒဏ်ရာရသူများလည်း ရှိခဲ့သည်။

ထို့ပြင် ဗင်နီဇွဲလားတာဝန်ရှိသူအချို့၏အဆိုအရ ရွှေတွင်းပြိုကျပြီးနောက် အရေအတွက်မည်ရွေ့မည်မျှမသိရသည့် တရားမဝင်ရွှေတွင်းတူးသမားများ ပိတ်မိနေနိုင်ကြောင်း ဗင်နီဇွဲလားမီဒီယာများက ရေးသားတင်ပြထားသည်။

တရားမဝင် ရွှေတွင်းပြိုကျမှုအတွင်း ရုပ်အလောင်း ၁၄လောင်းရှာဖွေတွေ့ရှိထားပြီး အနည်းဆုံး လူပေါင်း ၁၁ ဦး ဒဏ်ရာရရှိထားကြောင်း ဘိုလီဗာပြည်နယ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

၂၀၁၆ ခုနှစ်တွင် ဗင်နီဇွဲလားနိုင်ငံသည် နိုင်ငံအလယ်ပိုင်း၌ ဓာတ်သတ္တုတူးဖော်ရေး နယ်မြေတစ်ခု သတ်မှတ်ပေးခဲ့ကြောင်း သိရသည်။

ယင်းနောက်ပိုင်း ကာလများတွင် အဆိုပါ ဓာတ်သတ္တုတူးဖော်ရေးနယ်မြေအတွင်းတွင် သာမက နယ်မြေပြင်ပတွင်ပါ ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်းများပေါ်ထွက်လာခဲ့သည်။

ပိတ်မိနေဖွယ် ရှိသူများကို ဆက်လက်ရှာဖွေမည် ဖြစ်ကြောင်း ဘိုလီဗာပြည်နယ် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါရွှေတွင်းပြိုကျမှုဖြစ်ပွားခဲ့သည့်နေရာနှင့် အနီးဆုံးလူနေဒေသတို့ကြား ခရီးအကွာအဝေးမှာ ရေလမ်းခရီးဖြင့်သွားပါက နာရီအနည်းငယ် ကြာမြင့်နိုင်ကြောင်း သိရသည်။

Ref : RT

Trs : KKO



# ၂၀၂၃ ခုနှစ် စပိန်ကလေးမွေးဖွားမှု နှုန်းကျဆင်း ၁၉၄၁ ခုနှစ်နောက်ပိုင်း အနိမ့်ဆုံးဖြစ်ခဲ့

**မက်ဒရစ် ဖေဖော်ဝါရီ ၂၂**

စပိန်နိုင်ငံ၏ ၂၀၂၃ ခုနှစ် ကလေးမွေးဖွားမှုနှုန်းသည် မှတ်တမ်းများရယူခဲ့သည့် ၁၉၄၁ ခုနှစ်နောက်ပိုင်း အနိမ့်ဆုံးအဆင့်သို့ ကျဆင်းခဲ့ရကြောင်း ဖေဖော်ဝါရီ ၂၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

၂၀၂၃ ခုနှစ်အတွင်း စပိန်နိုင်ငံတစ်ဝန်းမွေးဖွားခဲ့သည့် ကလေးအရေအတွက် ၃၂၂၀၇၅ ဦးထိသာ ရှိကြောင်း စပိန်အစိုးရအမျိုးသားစာရင်းအင်းဗျူရို၏ သတင်းအချက်အလက်များအရ သိရသည်။

၂၀၂၃ ခုနှစ်အတွင်း စပိန်နိုင်ငံ၏ကလေးမွေးဖွားမှုနှုန်းသည် ၂၀၂၂ ခုနှစ်နှင့်နှိုင်းယှဉ်ပါက နှစ်ရာခိုင်နှုန်း ကျဆင်းသွားကြောင်း စပိန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ် ကလေးမွေးဖွားနှုန်းကျဆင်းမှုအရ စပိန်နိုင်ငံသည် မော်လတာနိုင်ငံပြီးလျှင် ကလေးမွေးဖွားမှု ဒုတိယအနိမ့်ဆုံး ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ရသည်။

စပိန်နိုင်ငံ၏ ကလေးမွေးဖွားနှုန်းကျဆင်းမှုသည် အမျိုးသမီးများ ကလေးရယူသည့် အသက်အရွယ်နှင့် ဆက်စပ်နေကြောင်း သိရသည်။

ပြီးခဲ့သည့် ၁၀ နှစ်အတွင်း စပိန်နိုင်ငံ၌ သားသမီးရယူခဲ့သော အသက် ၄၀ အထက် အမျိုးသမီးများမှာ ၁၉ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဗြိတိန်နှင့်ရယူထားသော ငါးဖမ်းဆီးမှုသဘောတူညီချက်မှ ရုရှားနုတ်ထွက်မည်



**မော်စကို ဖေဖော်ဝါရီ ၂၂**

ဗြိတိန်နှင့်ရယူထားသော ၁၉၅၆ ခုနှစ် ငါးဖမ်းဆီးမှုဆိုင်ရာ သဘောတူညီချက်မှ ရုရှားနိုင်ငံ နုတ်ထွက်မည်ဖြစ်ကြောင်း ယနေ့ သတင်းများတွင် ရေးသားတင်ပြထားသည်။

အဆိုပါ သဘောတူညီချက်သည် ကွယ်လွန်သူဆိုဗီယက်ခေါင်းဆောင်ဟောင်း နီကီတာခရုးရှက်ဗ် ၁၉၅၆ ခုနှစ် ဧပြီလအတွင်း ဗြိတိန်သို့ သွားရောက်ခဲ့ပြီးနောက် ယင်းနှစ် မေလမှာပင် လက်မှတ်ရေးထိုးခဲ့သည့်သဘောတူညီချက်ဖြစ်သည်။

သို့သော် ရုရှားနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားအတွက် ပြဿနာရှိလာသည့် ယင်းသဘောတူညီချက်မှနုတ်ထွက်မည်ဖြစ်ကြောင်း ရုရှားအောက်လွှတ်တော်ဥက္ကဋ္ဌ ယာချီစလပ်ဗ်ဗိုလိုဒင်က ပြောကြားထားသည်။

၁၉၅၆ ခုနှစ် ငါးဖမ်းဆီးခွင့်သဘောတူညီချက်အရ ဗြိတိန်ငါးဖမ်းသင်္ဘောများသည် ရုရှားနိုင်ငံ ဘာရင်းပင်လယ်၊ ကိုလာကျွန်းဆွယ်ကမ်းရိုးတန်းနှင့် ကိုလ်ဂူယက်ဗ်ကျွန်း ကမ်းရိုးတန်းတစ်လျှောက်၌ ငါးဖမ်းဆီးခွင့်ရရှိထားသည်။

အဆိုပါ ငါးဖမ်းဆီးမှုဆိုင်ရာ သဘောတူညီချက်မှ နုတ်ထွက်ရန် ရုရှားနိုင်ငံက စီစဉ်ထားမှုသည် ရုရှားနှင့်အနောက်အုပ်စုနိုင်ငံများကြားတင်းမာမှု မည်မျှဆိုးရွားနေသည်ကို ပြသလျက်ရှိသည်။

အနောက်အုပ်စု နိုင်ငံများက ယူကရိန်းစစ်ပွဲကို အကြောင်းပြု၍ ချမှတ်ထားသည့်စီးပွားရေးပိတ်ဆို့မှုများကို စီးပွားရေးအရစစ်ကြေညာမှုအဖြစ် ရုရှားနိုင်ငံက သတ်မှတ်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အီတလီနှင့်ရယူထားသည့် လူဝင်မှုသဘောတူညီချက်ကို အယ်လ်ဘေးနီးယားလွှတ်တော် အတည်ပြု

**တီရာနာ ဖေဖော်ဝါရီ ၂၂**

အီတလီနိုင်ငံနှင့် ရယူထားသော လူဝင်မှုပြဿနာဖြေရှင်းရေးသဘောတူညီချက် တစ်ရပ်ကို အယ်လ်ဘေးနီးယား လွှတ်တော်က ယနေ့တွင် အတည်ပြုခဲ့သည်။

ပြီးခဲ့သည့်နှစ် နိုဝင်ဘာလအတွင်းရယူခဲ့သော အဆိုပါလူဝင်မှုသဘောတူညီချက်ကို အယ်လ်ဘေးနီးယားလွှတ်တော်အမတ် ဦးရေ ၁၄၀အနက် ၇၇ ဦးတို့က ထောက်ခံမဲပေးခဲ့ကြသည်။

အဆိုပါသဘောတူညီချက်အရ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့် အီတလီနိုင်ငံသည် အယ်လ်ဘေးနီးယား နိုင်ငံအတွင်း တရားမဝင် ရွှေ့ပြောင်းဝင်ရောက်သူများအတွက် စခန်းနှစ်ခုဖွင့်ခွင့်ရထားသည်။

သို့သော် အယ်လ်ဘေးနီးယားနိုင်ငံမှာ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံမဟုတ်မှုကြောင့် အီတလီနှင့်ရယူခဲ့သော လူဝင်မှုသဘောတူညီချက်မှာ အယ်လ်ဘေးနီးယားပြည်သူများကြား အငြင်းပွားဖွယ် ဖြစ်ခဲ့ရသည်။

အီတလီနှင့် ရယူထားသည့် လူဝင်မှု သဘောတူညီချက်ကို အတိုက်အခံလွှတ်တော်အမတ်များက အယ်လ်ဘေးနီးယားဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံး၌ ဥပဒေကြောင်းအရစိန်ခေါ်ထားသည်။

အီတလီနိုင်ငံသည် အယ်လ်ဘေးနီးယား၌ဖွင့်လှစ်မည့် စခန်းနှစ်ခုတွင် ရွှေ့ပြောင်းဝင်ရောက်သူများကို စုံစမ်းစစ်ဆေးခြင်း၊ ထိန်းသိမ်းခြင်းများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik

Trs : KKO

# တရုတ်နိုင်ငံ အေဗွီအိုင်စီကုမ္ပဏီက ဇက်-၁၀ တိုက်ခိုက်ရေးရဟတ်ယာဉ်ကို စင်ကာပူလေကြောင်းပြပွဲ၌ ပထမဆုံးအကြိမ်ထုတ်ဖော်ပြသ

**ပေကျင်း ဖေဖော်ဝါရီ ၂၂**

တရုတ်နိုင်ငံ၏ အေဗွီအိုင်စီကုမ္ပဏီသည် ဇက်-၁၀ အမည်ရှိ တိုက်ခိုက်ရေးရဟတ်ယာဉ် အမျိုးအစားကို စင်ကာပူလေကြောင်းပြပွဲ၌ ယနေ့တွင် ပထမဆုံးအကြိမ်ထုတ်ဖော်ပြသခဲ့ကြောင်း သိရသည်။



ဇက်-၁၀ တိုက်ခိုက်ရေးရဟတ်ယာဉ်သည် စင်ကာပူလေကြောင်းပြပွဲ၌ ပါဝင်ပြသခဲ့သော စစ်ပွဲသုံးရဟတ်ယာဉ်များအနက် အနောက်အုပ်စုထုတ်မဟုတ်သည့် တစ်စင်းတည်းသော စစ်သုံးရဟတ်ယာဉ်ဖြစ်သည်။

ဇက်-၁၀ရဟတ်ယာဉ်ကို အမေရိကန်စစ်လက်နက်နည်းပညာများ ရယူနိုင်မှုမရှိသည့် နိုင်ငံအချို့အတွက် စိတ်ဝင်စားဖွယ်ကောင်းသောရဟတ်ယာဉ်အမျိုးအစားဖြစ်လာနိုင်ကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

လက်ရှိအချိန်တွင် တရုတ်နိုင်ငံသည် ပါကစ္စတန်နိုင်ငံသို့သာ ဇက်-၁၀ ရဟတ်ယာဉ်များရောင်းချထားနိုင်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဇက်-၁၀ တိုက်ခိုက်ရေးရဟတ်ယာဉ်၏ စွမ်းဆောင်ရည်များကို တရုတ်တာဝန်ရှိသူများက အတိအကျထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။


ဇက်-၁၀ တိုက်ခိုက်ရေးရဟတ်ယာဉ်များကို ဝယ်ယူမည့်နိုင်ငံများမှာ အရှေ့တောင်အာရှနိုင်ငံများဖြစ်လာနိုင်ကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## Intuitive Machines ကုမ္ပဏီ၏ အိုဒက်ဆပ်လဆင်းယာဉ် ဖေဖော်ဝါရီ ၂၁ ရက်တွင် လပတ်လမ်းအတွင်းသို့ အောင်မြင်စွာဝင်ရောက်နိုင်ခဲ့




**ဝါရှင်တန် ဖေဖော်ဝါရီ ၂၂**

အမေရိကန်နိုင်ငံ အခြေစိုက် Intuitive Machines ကုမ္ပဏီ၏ အိုဒက်ဆပ် လဆင်းယာဉ်သည် ဖေဖော်ဝါရီ ၂၁ ရက်တွင် လပတ်လမ်းအတွင်းသို့ အောင်မြင်စွာဝင်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အိုဒက်ဆပ်လဆင်းယာဉ်သည် ပင်မဒုံးအင်ဂျင်ကို ၄၀၈ စက္ကန့်ကြာ ဖွင့်ခဲ့ပြီးနောက် လပတ်လမ်းအတွင်း အောင်မြင်စွာ ဝင်ရောက်ခဲ့သည်ဟု Intuitive Machines ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

အိုဒက်ဆပ်လဆင်းယာဉ်သည် လပတ်လမ်းအတွင်း မဝင်ရောက်နိုင်မီ ခရီးအကွာအဝေး မိုင်ပေါင်း ၆၂၀၀၀၀ ကျော် ပျံသန်းခဲ့ရသည်။

အိုဒက်ဆပ်လဆင်းယာဉ်သည် လပတ်လမ်းအတွင်း ဝင်ရောက်ခဲ့ပြီးနောက် ယနေ့တွင် လမျက်နှာပြင်ပေါ် ဆင်းသက်ရန် ကြိုးစားမည်ဖြစ်ကြောင်း သိရသည်။

ဆင်းသက်မှုအောင်မြင်ခဲ့ပါက အိုဒက်ဆပ်လဆင်းယာဉ်သည် လမျက်နှာပြင်ပေါ်သို့ ဆင်းသက်နိုင်သည့် ပထမဆုံးပုဂ္ဂလိကလဆင်းယာဉ်အဖြစ် မှတ်တမ်းဝင်မည်ဖြစ်ကြောင်း သိရသည်။

Intuitive Machines ကုမ္ပဏီသည် အိုဒက်ဆပ်လဆင်းယာဉ်ကို ဖေဖော်ဝါရီ ၁၅ ရက်တွင် Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## ဥရောပအာကာသအေဂျင်စီ၏ ERS-2 ဂြိုဟ်တု ဖေဖော်ဝါရီ ၂၁ ရက်တွင် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်

**ပဲရစ် ဖေဖော်ဝါရီ ၂၂**

ဥရောပအာကာသအေဂျင်စီ၏ ERS-2 အမည်ရှိ ဂြိုဟ်တုသည် ဖေဖော်ဝါရီ ၂၁ ရက်တွင် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ERS-2 ဂြိုဟ်တုသည် ပစိဖိတ်သမုဒ္ဒရာဒေသအထက် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

ERS-2 ဂြိုဟ်တု ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ရာတွင် အပျက်အစီးများ ကမ္ဘာမြေပြင်ပေါ် ကျရောက်ခဲ့ခြင်း ရှိမရှိ မသိရသေးပေ။

ERS-2 ဂြိုဟ်တုသည် ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ နှစ်ပေါင်း ၃၀ ခန့်ကြာရှိခဲ့ပြီးနောက် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

ဥရောပအာကာသအေဂျင်စီသည် ERS-2 မြေကမ္ဘာလေ့လာရေးဂြိုဟ်တုကို ၁၉၉၅ ခုနှစ်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဂြိုဟ်တုသည် ၂၀၁၁ ခုနှစ်တွင် မစ်ရှင်သက်တမ်းကုန်ဆုံးခဲ့ရာ ထိုနှစ် ဇူလိုင်လတွင် ပတ်လမ်းခွာထွက်မှု လုပ်ငန်းစဉ်ကို စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



**Ref : Sputnik News**
**Trs : KKO**

## ကျောင်းကားတစ်စီးအရွယ်အစားရှိ ဂြိုဟ်သိမ်တစ်စင်း ဖေဖော်ဝါရီ ၂၅ ရက်တွင် လနှင့်ကမ္ဘာကြားမှ ဖြတ်ကျော်ပျံသန်းမည်

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၂**

ကျောင်းကား တစ်စီးအရွယ်အစားရှိ ဂြိုဟ်သိမ်တစ်စင်းသည် ဖေဖော်ဝါရီ ၂၅ ရက်တွင် လနှင့်ကမ္ဘာကြားမှ ဖြတ်ကျော်ပျံသန်းမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၁ ရက် သတင်းများအရ သိရသည်။



2024 DW အမည်ရှိ အဆိုပါဂြိုဟ်သိမ်သည် ဖေဖော်ဝါရီ ၂၃ ရက်တွင် ကမ္ဘာမြေကို မိုင်ပေါင်း ၁၄၀၀၀၀ အကွာမှ ဖြတ်ကျော်ပျံသန်းမည်ဖြစ်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါဂြိုဟ်သိမ်သည် လနှင့်ကမ္ဘာကြား အကွာအဝေးထက် ပို၍နီးကပ်သည့်နေရာမှတစ်ဆင့် ကမ္ဘာကို ဖြတ်ကျော်ပျံသန်းမည်ဖြစ်သည်။

သို့ရာတွင် 2024 DW ဂြိုဟ်သိမ်သည် လတ်တလောတွင် ကမ္ဘာမြေအတွက် အန္တရာယ်မရှိကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

2024 DW ဂြိုဟ်သိမ်ကို ဖေဖော်ဝါရီ ၁၉ ရက်တွင် အမေရိကန် သိပ္ပံပညာရှင်များက မောင့်လမ်မွန်ရေဒီယိုတယ်လီစကုပ်ဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

2024 DW ဂြိုဟ်သိမ်သည် အရွယ်အစားအားဖြင့် အချင်း ၄၂ ပေရှိသော ဂြိုဟ်သိမ်တစ်စင်းဖြစ်ပြီး ကမ္ဘာဂြိုဟ်အတွက် အန္တရာယ်ရှိလာနိုင်သော ဂြိုဟ်သိမ်များစာရင်းတွင် ပါဝင်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## ပုံစံ-၁ ဆီးချိုရောဂါကို ကုသရေးအတွက် ကုထုံးသစ်တစ်ရပ်ပေါ်ထွက်လာနိုင်

**နယူးယောက် ဖေဖော်ဝါရီ ၂၂**

ပုံစံ-၁ ဆီးချိုရောဂါကို ကုသရေးအတွက် ဓာတ်ခွဲခန်းအတွင်း ဖန်တီးထားသည့် အင်ဆူလင်ဟော်မုန်းထုတ် ဆဲလ်များအသုံးပြုမည့် ကုထုံးသစ်တစ်ရပ် ပေါ်ထွက်လာနိုင်ကြောင်း ဖေဖော်ဝါရီ ၂၁ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် ပုံစံ-၁ ဆီးချိုလူနာများသည် သွေးအတွင်း သကြားဓာတ်ပါဝင်မှု အဆင့်ကို ပုံမှန်တိုင်းတာနေရပြီး လိုအပ်ပါက အင်ဆူလင်ဟော်မုန်းများ ထိုးနှံပေးနေကြရသည်။

သို့ရာတွင် ဓာတ်ခွဲခန်းအတွင်း ဖန်တီးထားသည့် အင်ဆူလင်ဟော်မုန်းထုတ် ဆဲလ်များကြောင့် ပုံစံ-၁ ဆီးချိုလူနာများအနေဖြင့် ရောဂါကို အမြဲမပြတ် စောင့်ကြည့်ထိန်းချုပ်နေရသည့်အဖြစ်ကို ရှောင်လွှဲနိုင်ဖွယ်ရှိကြောင်း အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား တက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

ဓာတ်ခွဲခန်းအတွင်း ဖန်တီးထားသည့် အင်ဆူလင်ဟော်မုန်းထုတ်ဆဲလ်များကို အရေပြားအောက်၌ ထားရှိပေးခြင်းဖြင့် ပန်ကရိယအင်္ဂါ အစားထိုးဆဲလ်များအဖြစ် အသုံးပြုနိုင်ဖွယ်ရှိကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

ပန်ကရိယသည် အင်ဆူလင်ဟော်မုန်းထုတ်ပေးသည့် ကိုယ်တွင်းအင်္ဂါတစ်ခုဖြစ်ပြီး ပုံစံ-၂ ဆီးချိုလူနာများ၌ ပန်ကရိယအင်္ဂါမှာ ပုံမှန်အတိုင်း အင်ဆူလင်ဟော်မုန်းထုတ်လုပ်နိုင်စွမ်း မရှိတော့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အမေရိကန် သုတေသနပညာရှင်များသည် အင်ဆူလင်ဟော်မုန်းထုတ်ဆဲလ်များကို လူနာရှစ်ဦးဖြင့် ပဏာမစမ်းသပ်မှုများ ပြုလုပ်နေကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## လေ့ကျင့်ခန်းပုံမှန်ပြုလုပ်ချိန်ချင်းတူခဲ့လျှင်ပင် အမျိုးသမီးများက အမျိုးသားများထက် နှလုံးသွေးကြောဆိုင်ရာရောဂါများဖြစ်နိုင်ခြေ ပိုနည်းပါး

**နယူးယောက် ဖေဖော်ဝါရီ ၂၂**

လေ့ကျင့်ခန်း ပုံမှန်ပြုလုပ်သူ အမျိုးသမီးများသည် လေ့ကျင့်ခန်းပြုလုပ်ချိန်ချင်းတူခဲ့လျှင်ပင် အမျိုးသားများထက် သေချိန်မတန်ဘဲ သေရနိုင်ခြေ သို့မဟုတ် နှလုံးသွေးကြောဆိုင်ရာ ရောဂါများဖြစ်နိုင်ခြေ ပိုနည်းပါးကြောင်း ဖေဖော်ဝါရီ ၂၁ ရက် သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အသက် ၂၇ နှစ်နှင့် ၆၂ နှစ်ကြား အမျိုးသား၊ အမျိုးသမီး ၄၀၀၀၀၀ ကျော်တို့၏အချက်အလက်များကို လေ့လာစိစစ်ခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ လေ့ကျင့်ခန်း ပုံမှန်ပြုလုပ်သူ အမျိုးသမီးများသည် ရောဂါဘယ တစ်မျိုးမျိုးကြောင့် သေဆုံးနိုင်ခြေ ပုံမှန်ထက် ၂၄ ရာခိုင်နှုန်း ပိုနည်းပါးကြောင်း သိရသည်။

သို့ရာတွင် အမျိုးသားများမှာမူ အမျိုးသမီးများနှင့် ပုံမှန်လေ့ကျင့်ခန်းပြုလုပ်မှု အချိန်ကာလချင်းတူခဲ့လျှင်ပင် ရောဂါဘယတစ်မျိုးမျိုးကြောင့် သေဆုံးနိုင်ခြေ ပုံမှန်ထက် ၁၅ ရာခိုင်နှုန်းသာ ပိုနည်းပါးကြောင်း အမေရိကန်သုတေသန ပညာရှင်များက ပြောကြားသည်။

ထို့ပြင် လေ့ကျင့်ခန်းပုံမှန်ပြုလုပ်သူ အမျိုးသမီးများသည် နှလုံးသွေးကြောဆိုင်ရာ ရောဂါများ ဖြစ်နိုင်ခြေ ၃၆ ရာခိုင်နှုန်းထိနည်းပါးနေတတ်သော်လည်း အမျိုးသားများတွင်မူ ၁၄ ရာခိုင်နှုန်းထိသာ နည်းပါးကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

## ပရီးမီးယားလိဂ် ပွဲစဉ် (၂၆) ပွဲကြိုသုံးသပ်ချက်များ

ML

**ဘရိုက်တန် Vs အဲဗာတန်**

**ကစားမည့်ရက်/အချိန် ၂၄-၂-၂၀၂၄ (ည ၀၉း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အဲဗာတန် ၁ – ၁ ဘရိုက်တန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

**ဘရိုက်တန် – အိမ်(နိုင်) ဝေး(ရှုံး) ဝေး(နိုင်)**

**အဲဗာတန် – အိမ်(သရေ) ဝေး(ရှုံး) အိမ်(သရေ)**

ဘရိုက်တန်အသင်းဟာ ဒဏ်ရာရကစားသမားများနေပေမဲ့ တိုက်စစ်ကစားပုံထက်မြက်တာကြောင့် နောက်ဆုံးသုံးပွဲမှာ တိုက်စစ်က ၁၀ ဂိုးထိ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ အဲဗာတန်ကတော့ နောက်ဆုံးငါးပွဲဆက် နိုင်ပွဲမရသေးပေမဲ့ တန်းဆင်းဇုန်ဖိအားကြောင့် ပြိုင်ပွဲတိုင်းကိုအာရုံစိုက်ပြီး အနည်းဆုံး ရမှတ်ခွဲယူနေတာကိုတွေ့ရမှာပါ။ ဒါကြောင့် အဝေးကွင်းက ရမှတ်ခွဲယူဖို့ကြိုးစားလာမဲ့ အဲဗာတန်ကိုပဲရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – ဘရိုက်တန် ၁ – ၁ အဲဗာတန်**

**ပဲလေ့စ် Vs ဘန်လေ**

**ကစားမည့်ရက်/အချိန် ၂၄-၂-၂၀၂၄ (ည ၀၉း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘန်လေ ၀ – ၂ ပဲလေ့စ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

**ပဲလေ့စ် – ဝေး(ရှုံး) အိမ်(ရှုံး) ဝေး(သရေ)**

**ဘန်လေ – အိမ်(သရေ) ဝေး(ရှုံး) အိမ်(ရှုံး)**

နည်းပြသစ်လက်ထက်မှာ နိုင်ပွဲရှာဖွေရမဲ့ပဲလေ့စ်ဟာ ဒဏ်ရာရကစားသမားများနေပေမဲ့ အခုပွဲစဉ်ကို အနိုင်ရဖို့ပြင်ဆင်လာမှာပါ။ ဘန်လေကတော့ အသင်းလိုက်စွမ်းဆောင်ရည်ကျဆင်းနေသလို အဝေးကွင်းခံစစ်ကလဲ ပေးဂိုးများနေတာကြောင့် ပဲလေ့စ်တိုက်စစ်ကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် အိမ်ရှင်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – ပဲလေ့စ် ၂ – ၁ ဘန်လေ**

## အီတလီစီးရီးအေ ပွဲစဉ် (၂၆) ပွဲကြိုသုံးသပ်ချက်

ML

**ဆက်ဆူအိုလို Vs အမ်ပိုလီ**

**ကစားမည့်ရက်/အချိန် ၂၄-၂-၂၀၂၄ (ည ၀၈း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အမ်ပိုလီ ၃ – ၄ ဆက်ဆူအိုလို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

**ဆက်ဆူအိုလို – ဝေး(ရှုံး) အိမ်(သရေ) ဝေး(ရှုံး)**

**အမ်ပိုလီ – အိမ်(သရေ) ဝေး(နိုင်) အိမ်(သရေ)**

ဆက်ဆူအိုလိုဟာ အဝေးကွင်းရလဒ်ပိုင်းကျဆင်းနေပေမဲ့ အိမ်ကွင်းနှစ်ပွဲဆက်မှာတော့ ရှုံးပွဲမရှိခဲ့ဘဲ ပွဲတိုင်းဂိုးရခဲ့တာဖြစ်ပါတယ်။ အမ်ပိုလီကတော့ အသင်းလိုက်ကစားအားကောင်းနေပေမဲ့ အဝေးကွင်းခံစစ်ကစားပုံအားနည်းချက်ရှိနေတာကြောင့် အိမ်ကွင်းကောင်းတဲ့ ဆက်ဆူအိုလိုတိုက်စစ်ကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့မဖြစ်နိုင်ပါဘူး။ ဒါကြောင့် အိမ်ကွင်းအားသာချက်ရှိတဲ့ ဆက်ဆူအိုလိုကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – ဆက်ဆူအိုလို ၂ – ၁ အမ်ပိုလီ**

### အားကစားသတင်း အတိုအထွာများ

- ဆော်ဒီကလပ် အယ်အီသီဟတ်အသင်းက တိုက်စစ်မှူး ဆာလာဟ်နှင့် ဆွန်ဟောင်မင်ကို လာမည့်နွေရာသီအပြောင်းအရွှေ့တွင်ခေါ်ယူရန် ပစ်မှတ်ထားကြိုးပမ်းလျက်ရှိသည်။
- ချဲလ်ဆီးအသင်းက ဂိုးသမားပက်ထရီဇစ်ကို ပထမဦးစားပေးအသုံးပြုနေသောကြောင့် ဂိုးသမားဆန်းချက်ဇ်က လာမည့်အပြောင်းအရွှေ့တွင် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

ML

## ဥရောပထိပ်တန်းလိဂ်ငါးခုတွင် ကစားသမားငါးဦးက ၁၀ ဂိုးနှင့်အထက် သွင်းယူနိုင်ခဲ့သည့်ပထမဆုံးအသင်းအဖြစ် လီဗာပူးမှတ်တမ်းဝင်



**လန်ဒန် ဖေဖော်ဝါရီ ၂၂**

ပရီးမီးယားလိဂ် ပွဲစဉ်(၁၈) ပွဲကျန်အဖြစ်ကစားခဲ့သည့် လီဗာပူးအသင်းနှင့် လူတန်အသင်းတို့ပွဲစဉ်အပြီးတွင် လီဗာပူးအသင်းက လေးဂိုး တစ်ဂိုးဖြင့်အနိုင်ရခဲ့ပြီးနောက် ဥရောပထိပ်တန်းလိဂ်ငါးခုတွင် သွင်းဂိုး ၁၀ ဂိုးနှင့်အထက်သွင်းယူနိုင်ခဲ့သည့်ကစားသမား ငါးဦးရှိသည့် ပထမဆုံးကလပ်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

လီဗာပူးအသင်းက လူတန်အသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် လီဗာပူးအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၅၆ မိနစ်တွင် ဗန်ဒိုက်၊ပွဲချိန် ၅၈မိနစ်တွင် ဂက်ပို၊ ပွဲချိန် ၇၁ မိနစ်တွင် လူးဝစ်ဒီယက်၊ ပွဲချိန် မိနစ် ၉၀ တွင် အီလီယော့တို့က သွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ်ဘောလုံးရာသီ လီဗာပူးအသင်း ကစားသမားများတွင် ဆာလာဟ်က သွင်းဂိုး ၁၉ ဂိုး၊ဂျိုတာက ၁၄ ဂိုး၊ ဒါဝင်နူနက်က ၁၃ ဂိုး၊ ဂက်ပိုက ၁၁ ဂိုးနှင့် လူးဝစ်ဒီယက်က ၁၀ ဂိုးသွင်းယူထားပြီး အသင်းတစ်သင်းတည်းတွင် ကစားသမားငါးဦးက သွင်းဂိုး ၁၀ ဂိုးနှင့်အထက် သွင်းယူနိုင်ခဲ့သည့် ပထမဆုံးကလပ်အသင်းဖြစ်လာခဲ့သည်။

အလားတူ လီဗာပူးအသင်း တိုက်စစ်ပိုင်းသည်လည်း ယခုနှစ်ဘောလုံးရာသီတွင် အကောင်းဆုံးခြေစွမ်းပြသလျက်ရှိနေပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ပွဲစဉ် ၂၆ ပွဲကစားပြီးချိန်တွင် ၃၈ ဂိုးထိသွင်းယူနိုင်ခဲ့ကာ မန်စီးတီးအသင်းနှင့် အာဆင်နယ်အသင်းတို့ကို ကျော်ဖြတ်ပြီး တိုက်စစ်ပိုင်းအကောင်းဆုံးအသင်းအဖြစ်လည်း ထိပ်ဆုံးတွင် ရပ်တည်လျက် ရှိနေကြောင်း သိရသည်။

Ref : Xinhua

Trs : STA

## လုခ်ရှောဒဏ်ရာပြဿနာကြောင့် ထပ်မံအနားယူရမည်ဟု မန်ယူအသင်းထုတ်ပြန်

**မန်ချက်စတာ ဖေဖော်ဝါရီ ၂၂**

ခံစစ်ကစားသမား လုခ်ရှောသည် လူတန်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ရရှိခဲ့သည့် ကြွက်သားဒဏ်ရာကြောင့် လအနည်းငယ်ထပ်မံအနားယူရမည်ဖြစ်ကြောင်း မန်ယူအသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်။

လုခ်ရှောသည် အဆိုပါပွဲစဉ်တွင် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရခဲ့သော်လည်း ပထမပိုင်းပွဲကစားချိန် ၄၅ မိနစ်အကျော်တွင် ကြွက်သားဒဏ်ရာကြောင့် အသင်းဖော် ခံစစ်ကစားသမား လင်ဒီလော့နှင့် လူစားလဲခဲ့ရပြီး အသင်းအနေဖြင့် ပွဲကစားချိန် ခုနစ်မိနစ်အတွင်း ရရှိခဲ့သည့် သွင်းဂိုးများဖြင့် လူတန်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

လက်ရှိတွင် လုခ်ရှော၏ဒဏ်ရာကို အသင်းကလိုအပ်သည့်စစ်ဆေးမှုများပြုလုပ်ခဲ့ရာ ကာလရှည်အနားယူရဖွယ်ရှိကာ ဘောလုံးရာသီအကုန်ထိ အနားယူရမည့်အခြေအနေဖြစ်နေသဖြင့် အသင်းတာဝန်ရှိသူများက စိုးရိမ်လျက်ရှိနေပြီး ကစားသမားအနေဖြင့် ယခုနှစ်ဘောလုံးရာသီမကုန်ဆုံးမီအသင်းနှင့် ပြန်လည်ပူးပေါင်းနိုင်ရန် မျှော်လင့်ထားသည်။

မန်ယူအသင်းသည် ခံစစ်ပိုင်းပြဿနာကိုဖြေရှင်းနိုင်ရန် ရာသီအစကတည်းက ကြိုးပမ်းခဲ့ရာ မာလာစီယာနှင့်လုခ်ရှောတို့ဒဏ်ရာရရှိချိန်တွင် အသုံးပြုရန်အတွက် ရီဂွီလွန်ကို ခေါ်ယူခဲ့သော်လည်း အသင်းနှင့် ကိုက်ညီမှုမရှိသဖြင့် ဇန်နဝါရီအပြောင်းအရွှေ့ကာလကစာချုပ် ဖျက်သိမ်းခဲ့ပြီးနောက် လုခ်ရှောအနေဖြင့် အသင်းနှင့် ပြန်လည်ပူးပေါင်းနိုင်ခဲ့ရာ ကစားပုံတိုးတက်လာခဲ့သကဲ့သို့ ယခုအခါ ခံစစ်ပိုင်းတွင် မာတီနက်ဇ်အပါအဝင် လုခ်ရှောကိုပါထပ်မံလက်လွှတ်ရမည်ဖြစ်၍ နည်းပြတန်ဟတ်အနေဖြင့် ဘယ်တောင်ပံခံစစ်ပိုင်းတွင် လင်ဒီလော့၊ ဒါလော့တို့ကို ထည့်သွင်း အသုံးပြုရတော့မည်ဖြစ်သည်။

အသက် ၂၈ နှစ်ရှိ လုခ်ရှောသည် ရာသီအစပိုင်းက ဒဏ်ရာကြောင့် သုံးလခန့်အနားယူခဲ့သဖြင့် ပြိုင်ပွဲစုံတွင် ၁၅ ပွဲသာ ပါဝင်ကစားခဲ့ရကာ ပါဝင်ခွင့်ရသည့်ပွဲစဉ်များတွင် အသင်းအား ရလဒ်ကောင်းရရှိအောင်စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်ကြောင်း သိရသည်။



Ref : RT

Trs : ML

## ပဲရစ်အိုလံပစ်ပြိုင်ပွဲတွင် ပြင်သစ်အသင်းကိုယ်စားပြုအဖြစ်ပါဝင်လိုကြောင်း ဂရစ်ဇ်မန်းပြောကြား

**ပဲရစ် ဖေဖော်ဝါရီ ၂၂**

လာမည့်နွေရာသီတွင် ပဲရစ်မြို့၌ကျင်းပမည့် ပဲရစ်အိုလံပစ်အားကစားပွဲတော်တွင် ပြင်သစ်ယူ-၂၃ အသင်းနှင့်အတူ ပါဝင်ကစားလိုကြောင်း တိုက်စစ်မှူး ဂရစ်ဇ်မန်းက ထုတ်ဖော်ပြောကြားခဲ့သည်။

အိုလံပစ်ပွဲတော်သည် ယူရို ၂၀၂၄ ပြိုင်ပွဲစတင်ပြီးနောက်ပိုင်း ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၁၁ ရက်ထိကျင်းပမည်ဖြစ်ပြီး ယူရိုပြိုင်ပွဲကျင်းပချိန်နှင့် တိုက်ဆိုင်နေသဖြင့် ပါဝင်ယှဉ်ပြိုင်ရန် အခွင့်အရေးနည်းပါးနေသော်လည်း တိုက်စစ်မှူး ဂရစ်ဇ်မန်းက အခွင့်အရေးရပါက ခြွင်းချက်အနေဖြင့်ပါဝင်လိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အိုလံပစ်ပြိုင်ပွဲ ဘောလုံးအားကစားနည်းတွင် ယူ-၂၃ ကစားသမားအများစုသာပါဝင်ခွင့်ရသော်လည်း အသင်းတစ်သင်းလျှင် သက်ကျော်ကစားသမား သုံးဦးထိ ရွေးချယ်ခွင့်ရှိသဖြင့် အသက် ၃၂ နှစ်ရှိသည့် ဂရစ်ဇ်မန်းက ပါဝင်ကစားရန်ဆန္ဒပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။


တိုက်စစ်မှူး ဂရစ်ဇ်မန်းက "ကျွန်တော့်ရဲ့ကိုယ်ခန္ဓာ ကြံ့ခိုင်မှုကို ကျွန်တော်အသိဆုံးဖြစ်ပါတယ်။ ရုပ်ပိုင်းဆိုင်ရာနဲ့ ပတ်သက်ရင်တော့ စိုးရိမ်စရာမရှိဘဲ ထိပ်တန်းအဆင့်မှာရှိနေဆဲဖြစ်ပါတယ်။ တာဝန်ရှိသူတွေက ခွင့်ပြုပေးမယ်ဆိုရင်တော့ နိုင်ငံတကာပြိုင်ပွဲတွေ ဆက်တိုက်ကစားနိုင် သေးတယ်ဆိုတာ ကျွန်တော်ပြသခွင့်ရမှာပါ"ဟုပြောကြားခဲ့သည်။

တိုက်စစ်မှူး ဂရစ်ဇ်မန်းသည် ပြင်သစ်လက်ရွေးစင် အသင်းတွင် ၂၀၁၄ ခုနှစ်က စတင်ပါဝင်ခွင့်ရပြီးနောက် ၂၀၁၈ ခုနှစ်တွင် အသင်းနှင့်အတူ ကမ္ဘာ့ဖလားချန်ပီယံဆုဖလား ရယူနိုင်ခဲ့သော်လည်း အိုလံပစ်ပြိုင်ပွဲတွင် အောင်မြင်မှုမရခဲ့သဖြင့် မွေးရပ်မြေတွင် ကျင်းပမည့် နွေရာသီအိုလံပစ်ပြိုင်ပွဲ၌ပါဝင်၍ အောင်မြင်မှုရယူနိုင်ရန် မျှော်လင့်ထားကြောင်း သိရသည်။

Ref : Sputnik

Trs : ML

# ပေါ်တိုအသင်းနှင့်ပွဲစဉ်တွင် အာဆင်နယ်အသင်း ထိရောက်သည့်ဂိုးပေါက် ကန်သွင်းချက် တစ်ကြိမ်မျှမရခဲ့သည့်မှတ်တမ်းဆိုးရရှိ



**လန်ဒန် ဖေဖော်ဝါရီ ၂၂**

ချန်ပီယံလိဂ်ပြိုင်ပွဲ (၁၆)သင်းရှုံးထွက်အဆင့်ပွဲစဉ်အဖြစ်ကစားခဲ့သည့် အာဆင်နယ်အသင်းနှင့်ပေါ်တိုအသင်းတို့ပွဲစဉ်တွင် အာဆင်နယ်အသင်းသည် ပွဲချိန်တစ်လျှောက်လုံးပြိုင်ဘက်အသင်း ဂိုးပေါက်ကို ထိရောက်သည့် ကန်သွင်းချက် တစ်ကြိမ်မျှမရရှိခဲ့သည့် မှတ်တမ်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပေါ်တိုအသင်းက အိမ်ကွင်းတွင် ပွဲချိန် ၉၄ မိနစ်၌ သွင်းယူခဲ့သည့် ဂါလီနို၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အာဆင်နယ်အသင်းအနေဖြင့် ဘောလုံးပိုင်ဆိုင်မှု ၆၅ ရာခိုင်နှုန်းထိ ပိုင်ဆိုင်ခဲ့သော်လည်း ပေါ်တိုအသင်းဂိုးပေါက်ကို တစ်ကြိမ်မျှ တည့်မတ်အောင်ကန်သွင်းနိုင်ခဲ့ခြင်းမရှိကြောင်း သိရသည်။

အာဆင်နယ်အသင်း တိုက်စစ်ပိုင်းသည် ပေါ်တိုအသင်းခံစစ်ကစားသမားများကို ကျော်ဖြတ်နိုင်ရန် ရုန်းကန်ခဲ့ရပြီး ပွဲချိန်တစ်လျှောက်လုံးတွင် ပေါ်တိုအသင်းဘက်သို့ ခုနစ်ကြိမ်သာကန်သွင်းနိုင်ခဲ့ပြီး ခုနစ်ကြိမ်လုံးတွင် တစ်ကြိမ်မျှဂိုးပေါက်မတည့်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ် ဘောလုံးရာသီတွင် အာဆင်နယ်အသင်း တိုက်စစ်ပိုင်းက ပရီးမီးယားလိဂ်ပြိုင်ပွဲ ၂၅ ပွဲကစားပြီးချိန်တွင် သွင်းဂိုး ၃၆ ဂိုးထိရရှိခဲ့ကာ အမှတ်ပေးဇယားထိပ်ဆုံးတွင် ရပ်တည်နေသည့် လီဗာပူးအသင်းပြီးလျှင် တိုက်စစ်ပိုင်းစွမ်းဆောင်ရည်အကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေသော်လည်း ပေါ်တိုအသင်းနှင့်ပွဲစဉ်တွင် ဂိုးရရှိရန်ရုန်းကန်ခဲ့ရခြင်းဖြစ်သည်။

အာဆင်နယ် အသင်းသည် အသင်း သမိုင်းတစ်လျှောက်တွင်လည်း ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ၂၀၁၁ ခုနှစ် နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ပြိုင်ဘက်အသင်းဂိုးပေါက်ကို တစ်ကြိမ်မျှတည့်မတ်အောင်ကန်သွင်းနိုင်ခြင်း မရှိသည့်ပွဲစဉ်အဖြစ် မှတ်တမ်းဝင်ခဲ့ကာ နည်းပြအာတီတာ လက်ထက်၌ ပထမဆုံးဂိုးပေါက်တည့်မတ်မှုမရှိခဲ့သည့်ပွဲစဉ်ဖြစ်ခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : STA**

# Honda LPGA Thailand ပြိုင်ပွဲ အမှတ်ပေးဇယားကို ပေးယန်ချင်း ဦးဆောင်

**ပတ္တရား ဖေဖော်ဝါရီ ၂၂**

ထိုင်းနိုင်ငံ ပတ္တရားမြို့တွင် ကျင်းပနေသည့် Honda LPGA Thailand ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် တရုတ်(တိုင်ပေ) ဂေါက်သီးရိုက်မယ် ပေးယန်ချင်းက သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် ကင်စီယန်းက သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ဒုတိယနေရာတွင်ရပ်တည်နေပြီး ထိုင်းဂေါက်သီးရိုက်မယ် ဗွန်တာဗီးလပ်က သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

နာမည်ကြီးဂေါက်သီးရိုက်မယ်များရလဒ်ကောင်းရရှိရန် ရုန်းကန်ခဲ့ရပြီး ပေးယန်ချင်းကအကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့သဖြင့် Birdies ရိုက်ချက် ခုနစ်ကျင်းထိရရှိခဲ့သည်။

အသက် ၃၃ နှစ်အရွယ် ပေးယန်ချင်းသည် ကစားသမားဘဝသက်တမ်းတစ်လျှောက် LPGA Tour တွင် အောင်မြင်မှုတစ်ကြိမ်တစ်ခါမျှ ရယူထားနိုင်ခြင်းမရှိသေးဘဲ ပထမဦးဆုံးသော LPGA Tour ချန်ပီယံဆုကိုဆွတ်ခူးနိုင်ရန် မျှော်လင့်နေကြောင်း ပထမနေ့အပြီးတွင် ပြောကြားခဲ့သည်။

ပေးယန်ချင်းက "ပထမနေ့မှာ ကစားနိုင်ခဲ့တဲ့ပုံစံဟာ အားရကျေနပ်ဖွယ် ကောင်းပါတယ်။ ကျွန်မအနေနဲ့ နောက်ဆုံးနေ့ထိ ပထမနေ့မှာ ကစားနိုင်ခဲ့တဲ့ လက်စွမ်းအတိုင်း ကစားနိုင်မယ်လို့ မျှော်လင့်ပါတယ်။ မဖြစ်နိုင်တဲ့အရာကို မျှော်လင့်နေသလိုဖြစ်နေပေမဲ့လဲ အကောင်းဆုံးကြိုးစားကစားသွားမှာပါ။ ပထမနေ့ရဲ့ နောက်ဆုံး သုံးကျင်းမှာကစားနိုင်ခဲ့တဲ့စွမ်းဆောင်ရည်ပိုင်းကို အားရကျေနပ်မှုရှိပါတယ်။ ယှဉ်ပြိုင်ရတာလဲ သက်သောင့်သက်သာရှိတယ်။ စိတ်ခံစားချက် ကောင်းတဲ့အချိန်ယှဉ်ပြိုင်ရတာ အဆင်ပြေပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# လေဗာကူဆင်အသင်းနည်းပြအလွန်ဆိုက လီဗာပူးအသင်းထက် ဘိုင်ယန်မြူးနစ်အသင်းကိုသာ ပြောင်းရွှေ့ဖွယ်ရှိနေ

**ဘာလင် ဖေဖော်ဝါရီ ၂၂**

လေဗာကူဆင်အသင်းနည်းပြအလွန်ဆိုက ၎င်းကိုနည်းပြသစ်ခန့်အပ်ရန် ကြိုးပမ်းနေသည့် ဘိုင်ယန်မြူးနစ်အသင်းနှင့် လီဗာပူးအသင်းတို့မှ ဘိုင်ယန်မြူးနစ်အသင်းကိုသာ ပြောင်းရွှေ့ဖွယ်ရှိနေကြောင်း သိရသည်။

အသက် ၄၂ နှစ်ရှိ နည်းပြအလွန်ဆိုသည် နည်းပြဘဝကို ဆိုစီဒက်အရန်အသင်းနှင့်စတင်ခဲ့ပြီးနောက် ၂၀၂၂ ခုနှစ်က လေဗာကူဆင်အသင်းနည်းပြအဖြစ်ခန့်အပ်ခံခဲ့ရပြီး အသင်းနှင့် ပထမဆုံးဘောလုံးရာသီတွင်ပင် ရလဒ်များဆက်တိုက်ကောင်းမွန်အောင် စွမ်းဆောင်နိုင်ခဲ့သကဲ့သို့ ယခုနှစ်ဘောလုံးရာသီတွင်လည်း လေဗာကူဆင်အသင်းကို ပြိုင်ပွဲစုံ ၃၂ ပွဲဆက် ရှုံးပွဲမရှိအောင်စွမ်းဆောင်ပေးထားနိုင်ခဲ့သူဖြစ်သည်။

နည်းပြအလွန်ဆိုသည် လေဗာကူဆင်အသင်းကို ယူရိုပါလိဂ်ပြိုင်ပွဲတွင်လည်း အုပ်စုခြောက်ပွဲလုံးအနိုင်ရရှိခဲ့ကာ (၁၆)သင်းရှုံးထွက်အဆင့်တက်ရောက်အောင်စွမ်းဆောင်ပေးထားပြီး ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲတွင်လည်း ၂၂ ပွဲကစားပြီးချိန်တွင် ဒုတိယနေရာမှ ဘိုင်ယန်မြူးနစ်အသင်းကို ရမှတ် ရှစ်မှတ်ဖြတ်တောက်ထားနိုင်ခဲ့သကဲ့သို့ ဂျာမန်ပိုကယ်ဖလား ပြိုင်ပွဲတွင်လည်း ကွာတားဖိုင်နယ်အဆင့်ထိ တက်ရောက်အောင် စွမ်းဆောင်ထားနိုင်သည့်အတွက် ဥရောပထိပ်တန်းအသင်းကြီးများက နည်းပြသစ်အဖြစ် ခန့်အပ်လိုနေခြင်းဖြစ်သည်။

လီဗာပူးအသင်းတွင် နည်းပြကလော့ပ်သည် ရာသီအကုန်တွင် ထွက်ခွာမည်ဖြစ်သကဲ့သို့ ဘိုင်ယန်မြူးနစ်အသင်းကလည်း ရာသီအကုန်တွင် နည်းပြတူချယ်နှင့် လမ်းခွဲမည် ဖြစ်သည့်အတွက် နှစ်သင်းစလုံးက နည်းပြသစ်အဖြစ် အလွန်ဆိုကို ခန့်အပ်ရန် ကြိုးပမ်းနေကြခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : STA**

# စပိန်လာလီဂါ ပွဲစဉ် (၂၆) ပွဲကြိုသုံးသပ်ချက်

STA

**ဘာစီလိုနာ Vs ဂီတာဖေး**

**ကစားမည့်ရက်/အချိန် ၂၄-၂-၂၀၂၄ (ည ၁၀း၄၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဂီတာဖေး ၀ - ၀ ဘာစီလိုနာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဘာစီလိုနာ** | – | **အိမ်(သရေ)** | **ဝေး(နိုင်)** | **ဝေး(သရေ)** |
| **ဂီတာဖေး** | – | **ဝေး(သရေ)** | **အိမ်(နိုင်)** | **ဝေး(သရေ)** |

ဘာစီလိုနာအသင်းဟာ ဂီတာဖေးအသင်းနဲ့တွေ့ဆုံတိုင်း ရလဒ်ကောင်းလေ့ရှိလို့ အခုအိမ်ကွင်းမှာလဲ ဖိအားပေးကစားနိုင်မှာပါ။ဂီတာဖေးအသင်းကတော့ အဝေးကွင်းပွဲစဉ်တွေမှာ တစ်ပွဲသာအနိုင်ရရှိထားပြီး ရုန်းကန်နေရပါတယ်။ ဒါကြောင့် ထိပ်တိုက်တွေ့ဆုံမှုတိုင်း အသာစီးမှာရှိနေတဲ့ ဘာစီလိုနာအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – ဘာစီလိုနာ ၂ – ၀ ဂီတာဖေး**

# Dubai Tennis Championships ပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ ပိုလန်တင်းနစ်မယ် စဝီယာတက်ခ် တက်ရောက်



**ဒူဘိုင်း ဖေဖော်ဝါရီ ၂၂**

အာရပ် စော်ဘွားများပြည်ထောင်စု ဒူဘိုင်းမြို့တွင် ကျင်းပနေသည့် Dubai Tennis Championships တင်းနစ်ပြိုင်ပွဲ တတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ကမ္ဘာ့အဆင့်(၁)နေရာတွင်ရပ်တည်နေသည့် ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်နှင့် ယူကရိန်းတင်းနစ်မယ် စဗစ်တိုလီနာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စဝီယာတက်ခ်က(၆-၁၊ ၆-၄)ရလဒ်ဖြင့်အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

စဝီယာတက်ခ်သည် မကြာသေးမီက ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပခဲ့သော Qatar Open တင်းနစ်ပြိုင်ပွဲတွင်လည်း ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့သူဖြစ်ပြီး Dubai Tennis Championships တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန် ရေပန်းစားလျက်ရှိသည်။

စဝီယာတက်ခ်သည် ပထမပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့သော်လည်းဒုတိယပွဲငယ်တွင် ခက်ခက်ခဲခဲယှဉ်ပြိုင်ကစားခဲ့ရပြီး စဝီယာတက်ခ်ကိုယ်တိုင်ကလည်း ဒုတိယပွဲငယ်တွင် စဗစ်တိုလီနာ၏ စွမ်းဆောင်ရည်ပိုင်းကို ချီးကျူးခဲ့သည်။

စဝီယာတက်ခ်က "ပထမပွဲငယ်မှာတော့ ကျွန်မအတွက် သိပ်ပြီးမခက်ခဲခဲ့ပါဘူး။ ဒါပေမဲ့လဲ ဒုတိယပွဲငယ်ကတော့ စဗစ်တိုလီနာကစားသွားတာ အရမ်းကောင်းတယ်။ ဒုတိယပွဲငယ်မှာ အနိုင်ရခဲ့တယ်ဆိုပေမဲ့လဲ ခက်ခက်ခဲခဲနဲ့အနိုင်ရခဲ့တာပါ။အရင်တုန်းကလဲ စဗစ်တိုလီနာနဲ့ပြိုင်ပွဲတချို့မှာ ရင်ဆိုင်ခဲ့ဖူးတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၂၃) ပွဲကြိုသုံးသပ်ချက်

STA

**တောဂတ် Vs ကိုလုံး**

**ကစားမည့်ရက်/အချိန် ၂၄-၂-၂၀၂၄ (ည ၀၉း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ကိုလုံး ၀ – ၂ တောဂတ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **တောဂတ်** | – | **ဝေး(ရှုံး)** | **အိမ်(နိုင်)** | **ဝေး(နိုင်)** |
| **ကိုလုံး** | – | **အိမ်(နိုင်)** | **ဝေး(သရေ)** | **အိမ်(ရှုံး)** |

ချန်ပီယံလိဂ်ဝင်ခွင့်အတွက် မျှော်လင့်ချက်ရှိနေတဲ့ စတုဂတ်အသင်းဟာ အိမ်ကွင်းမှာရမှတ်ပြည့်ရရှိဖို့အတွက် အမှားခံမှာမဟုတ်ပါဘူး။ လက်ရှိ ကိုလုံးအသင်းဟာ အဝေးကွင်းခြေစွမ်းပိုင်းဆိုးရွားနေလို့ စတုဂတ်အသင်းတိုက်စစ်ပိုင်းကို ထိန်းချုပ်ဖို့ခက်ခဲမှာပါ။ ဒါကြောင့် အိမ်ကွင်းဆိုရင် အသင်းလိုက်ကစားပုံကောင်းမွန်တဲ့ စတုဂတ်အသင်းပဲ အနိုင်ရသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း – တောဂတ် ၂ – ၁ ကိုလုံး**

**ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း**

# မျက်မှောက်ခေတ်အသည်းအစားထိုးကုသမှုများအကြောင်း အပိုင်း(၁)

ကမ္ဘာ့ပထမဆုံးသော အသည်းအစားထိုးခွဲစိတ်ကုသမှုကို အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့သည်မှာ နှစ်ပေါင်း ၆၀ ပြည့်ခဲ့ပြီ။ မျက်မှောက်ကာလတွင် အသည်းအစားထိုးခွဲစိတ်ကုသမှုများသည် အသည်းပျက်စီးလူနာများအတွက် မရှိမဖြစ် ဆေးကုထုံးတစ်ခု ဖြစ်နေပါပြီ။သို့သော်လည်း အခြားသော ကုသမှုပုံစံများကဲ့သို့ အလွယ်တကူ ဆောင်ရွက်နိုင်ခြင်းမျိုးတော့ မဟုတ်ပေ။ စိန်ခေါ်မှုများ အများကြီးရှိနေသေးသည်။ မည်သို့ပင်ဆိုစေကာမူ အသည်းအစားထိုး ခွဲစိတ်ကုသမှုများသည် သက်ဆိုင်ရာလူနာများအတွက် သာမက ကျန်းမာရေးစောင့်ရှောက်မှုပေးရသည့် အဖွဲ့အစည်းများအတွက်ရော လူ့အဖွဲ့အစည်းအတွက်ပါ လိုအပ်ချက်များနေသေးသည့် အထူးကုသမှုပုံစံ တစ်မျိုးဖြစ်သည်။

၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ခုနှစ်ကြား ကမ္ဘာ့နိုင်ငံပေါင်း ၁၀၀ ကျော်တွင် အသည်းအစားထိုးခွဲစိတ်ကုသမှုအနည်းဆုံး တစ်ကြိမ်စီတော့ လုပ်ခဲ့ကြသည်ဟု ဆိုသည်။ အသည်းပျက်စီးနေသဖြင့် အသည်းအစားထိုးကုသမှုခံယူရန် စောင့်ဆိုင်းနေကြရသူလူနာများက များလှသည်။ အသည်းပျက်စီးလူနာများကြား အသည်းအစားထိုးကုသမှု ခံယူခွင့်ရလိုက်ခြင်းက သန်းထီပေါက်သည်ထက် အကျိုးကျေးဇူးပိုကြီးသည်။ အမေရိကန်နိုင်ငံတွင် လူမည်းဖြစ်လျှင်၊ ဆင်းရဲလျှင်၊ ကျေးလက်ဒေသတွင် နေထိုင်နေလျှင်၊ ကျန်းမာရေးအသိပညာနည်းပါးလျှင်၊ ကျန်းမာရေးအာမခံ မရှိလျှင် အသည်းအစားထိုးကုသမှုခံယူရန် မျှော်လင့်ချက်မရှိနိုင်ဟုဆိုသည်။

၂၀၂၂ ခုနှစ်တွင် အမေရိကန်နိုင်ငံ၌ အသည်းအစားထိုးခွဲစိတ်ကုသမှု ၉၅၂၈ ခု ပြုလုပ်ခဲ့ရာ လူနာ ၅၂၆ ဦးမှာ အသက် ၁၈ နှစ်အောက်အရွယ် လူငယ်လူရွယ်များဖြစ်သည်။ အသည်းအစားထိုးခွဲစိတ်ကုသမှုခံယူသည့်လူနာများ၏ ၅၄ ဒသမ ၄ ရာခိုင်နှုန်းမှာ စောင့်ဆိုင်းကာလတစ်နှစ်အတွင်းမှာပင် လိုအပ်နေသည့်အသည်းကို ရရှိခဲ့ကြသည်။ အသည်းအစားထိုး စောင့်ဆိုင်းစာရင်းတွင် ထည့်သွင်းထားသူများအနက် ၁၂ ဒသမ ၂ရာခိုင်နှုန်းသည် စောင့်ဆိုင်းနေစဉ်ကာလအတွင်း ကွယ်လွန်သွားခဲ့ကြသည်။

**အသည်းအစားထိုး ခွဲစိတ်ကုသမှုခံသင့်သည့် လူနာများကို ဘယ်လိုရွေးချယ်ကြသလဲ**

သာမန်အားဖြင့် လူနာတစ်ဦးတွင် အသည်းပျက်စီးနိုင်ခြေရှိသည့် လက္ခဏာများရှိနေပြီး အသက်ကို ရန်ပြုနိုင်သည့်အန္တရာယ်ကို တွေ့သည်နှင့် အသည်းအစားထိုးခွဲစိတ်မှုဌာနကို လွှဲပေးလိုက်ကြသည်။ အသည်းပျက်စီးသည် ဆိုရာတွင်လည်း ရုတ်တရက်အသည်းပျက်စီးခြင်း(Acute Liver Failure) နှင့် နာတာရှည်အသည်းပျက်စီးခြင်း (Chronic Liver Failure)ဟူ၍ နှစ်မျိုးနှစ်စားရှိသည်။ ရုတ်တရက်အသည်းပျက်စီးခြင်းကြောင့် အသည်းအစားထိုးခွဲစိတ်ကုသရမှုမှာ အသည်းအစားထိုးခွဲစိတ်မှုအားလုံးပေါင်း၏ ငါးရာခိုင်နှုန်းခန့်သာရှိသည်။

ထို့ကြောင့် အသည်းအစားထိုး ခွဲစိတ်ကုသမှုများ၏ ၉၅ ရာခိုင်နှုန်းသည် နာတာရှည်အသည်းပျက်စီးသူ လူနာများဖြစ်ကြောင်း တွေ့ရှိနိုင်သည်။ များသောအားဖြင့် အသည်းအစားထိုးရန် စောင့်ဆိုင်းနေရသောလူနာများကိုကြည့်လျှင် မျက်စိများ ဝါ၊ ကြွက်သားများပိန်လှီပြီး အရိုးပေါ်အရေတင်နေသူ၊ ရေဖျဉ်းစွဲကပ်ပြီး ဗိုက်ပူနံကား ဖြစ်နေသူများဖြစ်ကြောင်း တွေ့ရမည်။ မည်သည့်နောက်ခံအကြောင်းရင်းကြောင့် အသည်းပျက်စီးလာရသည်ဖြစ်စေ အသည်းအစားထိုးခွဲစိတ်ကုသမှုခံယူရန် လိုအပ်နေသူလူနာများ၏ အပြင်ပန်းလက္ခဏာများက ကွာခြားမှု သိပ်မရှိကြောင်း တွေ့ကြရမည်။

အသည်းအစားထိုးကုသရန်လိုအပ်ပြီလားဆိုသည်ကို သတ်မှတ်ချက်များဖြင့် စိစစ်ရသည်။ အမေရိကန်နိုင်ငံတွင် MELD Score အမည်ရ အမှတ်ပေးစနစ်ပုံစံနှင့်သွားသည်။ ၎င်းသတ်မှတ်ချက်ထဲဝင်မှ အသည်းအစားထိုးခွဲစိတ်စောင့်ဆိုင်းစာရင်းထဲ ဝင်ရောက်ခွင့်ရှိသည်။ ဥပမာ- ရုတ်တရက် အသည်းပျက်စီးသွားသူလူနာတစ်ဦးအတွက် အသည်းအစားထိုးခွဲစိတ်မှုခံယူနိုင်ရန် သတ်မှတ်ချက်များထဲတွင် လွန်ခဲ့သည့်ရက်သတ္တပတ် ရှစ်ပတ်တာကာလအတွင်း ကျန်းမာရေးကောင်းမွန်နေသူဖြစ်လျက်က အသည်း ရုတ်တရက်ပျက်စီးသူလည်းဖြစ်ရမည်၊ ALT၊ AST အမည်ရသည့် အသည်းအင်ဇိုင်းများ အလွန်အမင်းတက်နေရမည့်အပြင် အခြားကိုယ်တွင်းကလီစာများပါထိခိုက်ပျက်စီးလာသူတစ်ဦးဖြစ်နေရန်လိုအပ်သည်။နားလည်လွယ်အောင်ပြောရလျှင်တော့ နာတာရှည်အသည်းလူနာဖြစ်စေ၊ ရုတ်တရက်အသည်းပျက်စီးလာသူ လူနာဖြစ်စေ အသည်းပြန်လည်ကောင်းမွန်လာရန် မျှော်လင့်ချက်လုံးဝမရှိသူများကိုသာ အသည်းအစားထိုး ခွဲစိတ်စောင့်ဆိုင်းစာရင်းထဲ ထည့်ပေးမည့်အခြေအနေဖြစ်သည်။

အသည်းမည်မျှပင်ပျက်စီးနေပါစေ အသည်းအစားထိုးရန် မသင့်လျော်သည့် အခြေအနေများလည်း ရှိတတ်သည်။ AIDS လူနာများ၊ လက်ရှိမူးယစ်ဆေးသုံးစွဲနေဆဲလူနာများ၊ အသည်းပြင်ပကင်ဆာရောဂါခံစားနေရသူများ၊ နှလုံးရောဂါ ဆိုးဆိုးရွားရွားခံစားနေရသူများနှင့် အသည်းအစားထိုး ခွဲစိတ်ကုသမှုပြုလုပ်မရနိုင်လောက်အောင် မွေးရာပါခန္ဓာဗေဒအပြောင်းအလဲရှိနေသူများ စသည်တို့ကို အသည်းအစားထိုးရန် လုံးဝမသင့်လျော်သူများဟု သတ်မှတ်ထားသည်။ အခြားသော အသည်းပျက်စီးလူနာများမှာ အသည်းအစားထိုး ကုသမှုခံယူနိုင်သည်ဟု အကြမ်းဖျင်းဆိုနိုင်သော်လည်း လူနာတစ်ဦးချင်းစီအလိုက် ချင့်ချိန်ဆုံးဖြတ်ရခြင်းမျိုးလည်း ရှိတတ်သေးသည်။

အသည်းကင်ဆာလူနာကို အသည်းအစားထိုးကုသနိုင်သည်ဟု အကြမ်းဖျင်းဆိုနိုင်သော်လည်း အလွန်ကြီးမားသည့် အသည်းကင်ဆာကျိတ်ရှိနေသူများကိုတော့ အသည်းအစားထိုးရန် မဖြစ်နိုင်ပါ။ လတ်တလော ဆေးလိပ်နှင့်အရက် မှီဝဲနေသူများကိုလည်း အသည်းအစားထိုးရန် သင့်၊ မသင့် စဉ်းစားတတ်ကြသည်။ အလွန်အမင်းအားအင်ချည့်နဲ့နေသည့် လူနာမျိုးကိုလည်း အသည်းအစားထိုးကုသရန် မဖြစ်နိုင်ပြန်ပါ။ နောက် အရေးကြီးသည့်တစ်ချက်ကတော့ လူနာကို ဘက်စုံထောင့်စုံမှ ကြည့်ရှုစောင့်ရှောက်နိုင်ရန် နောက်ခံအင်အား မတောင့်တင်းပါကလည်း အသည်းအစားထိုးကုသရန် ငြင်းဆန်တတ်ကြသည်။

မှတ်သားရန်အချက်မှာ HIV ပိုး ရှိနေသူကို အသည်းအစားထိုးကုသခြင်းမှ ဖယ်ကြဉ်ထားသည် မဟုတ်ပါ။ AIDS အဆင့် ရောက်နေမှသာလျှင် အသည်းအစားထိုးစာရင်းမှ ပယ်ဖျက်ခြင်းဖြစ်ပြီး HAART ဆေးများဖြင့် HIV ပိုးကို ကောင်းမွန်စွာ ထိန်းချုပ်ထားနိုင်သူ အသည်းလူနာများအဖို့ လိုအပ်ပါက အသည်းအစားထိုးကုသနိုင်သည်။

**❖ အသည်းအလှူရှင်အတွက် သီးခြားလိုအပ်ချက်များမှာ အသည်း၏ ခန္ဓာဗေဒအချိုးအစားနှင့်အရွယ်အစားမှာ ပုံမှန်ဖြစ်နေရမည်။ ကင်ဆာနှင့် အခြားကူးစက်ရောဂါများ ခံစားနေရသူမဖြစ်ရပါ။ အသည်းနှင့်နှလုံး အပါအဝင် ကိုယ်တွင်းအင်္ဂါများ ကျန်းမာနေရန်လိုအပ်သည်။ ကိုယ်ကျန်းမာရေးသာမက စိတ်ကျန်းမာရေးပါ ပြည့်စုံကောင်းမွန်နေရမည်။ မိသားစုနှင့်မိတ်ဆွေများ၏ အားပေးကူညီမှုရရှိနိုင်သူလည်းဖြစ်ရန် လိုအပ်သည်။ ❖**

**သက်ရှိလူသားလှူဒါန်းသူထံမှ အသည်းထုတ်ယူ အစားထိုးကုသခြင်း**

လူကြီးတစ်ဦးထံမှ အသည်းအစားထိုးခံယူမည့် ကလေးငယ်တစ်ဦးထံသို့ အသည်းလှူဒါန်းနိုင်သကဲ့သို့ အရွယ်ရောက်ပြီးသူ တစ်ဦးမှ နောက်တစ်ဦးထံသို့လည်း အသည်းလှူဒါန်းနိုင်သည်။ လူကြီးမှကလေးသို့ အသည်းလှူဒါန်းသည့်အခါ အသည်း၏ ဘယ်ဘက်အကျဆုံး အမြွှာကိုဖြတ်ပြီး လှူဒါန်းရသည်။ အရွယ်ရောက်ပြီးသူအချင်းချင်း အသည်းလှူဒါန်းလျှင်တော့ အသည်းအလှူရှင်၏ အသည်း ၇၀ ရာခိုင်နှုန်းထိဖြတ်ထုတ်လှူဒါန်းကြရသည်။ ထိုထုတ်ယူလှူဒါန်းသည့် အသည်းအစိတ်အပိုင်းထဲတွင် သည်းခြေပြွန်နှင့် အသည်းသွေးကြောများ အကောင်းအတိုင်း ပါသွားရန်လိုသည်။

အသည်းအလှူရှင်သည် အသည်းအလှူခံသူ လူနာနှင့် ဆွေမျိုးသားချင်းတော်စပ်ရန်မလိုပါ။ အမျိုးတော်စပ်နေလျှင်လည်းရသည်။ အသည်းအလှူရှင်သည် မိမိဆန္ဒအလျောက်လှူဒါန်းသူဖြစ်ရပါမည်။ မိမိ၏ အသည်းတစ်စိတ်တစ်ဒေသကို ဖြတ်ထုတ်လှူဒါန်းခြင်းကြောင့် ပေါ်ပေါက်လာနိုင်မည့်အန္တရာယ်များ၊ အကျိုးကျေးဇူးများနှင့် လုပ်ဆောင်ပုံအဆင့်ဆင့်ကို ကောင်းစွာသိရှိနားလည်ထားရပါမည်။ ထူးခြားချက်မှာ အသည်းအလှူရှင်နှင့် အလှူခံသွေးအုပ်စုတူညီရန် လိုအပ်သည့်အချက်ဖြစ်သည်။ အသည်းအလှူရှင်သည် အသက် ၂၁ နှစ်မှ ၅၅ နှစ်ကြား အသက်အရွယ်ဖြစ်ပါက အကောင်းဆုံးဖြစ်ပြီး အသက် ၁၈ နှစ်မှ ၆၀ ကြား အလှူရှင်များကိုလည်း တစ်ဦးချင်းစိစစ်ပြီး အသည်းလှူဒါန်းနိုင်ကြသည်။

အသည်းအလှူရှင်အတွက် သီးခြားလိုအပ်ချက်များမှာ အသည်း၏ ခန္ဓာဗေဒအချိုးအစားနှင့်အရွယ်အစားမှာ ပုံမှန်ဖြစ်နေရမည်။ ကင်ဆာနှင့်အခြားကူးစက်ရောဂါများ ခံစားနေရသူမဖြစ်ရပါ။ အသည်းနှင့်နှလုံး အပါအဝင် ကိုယ်တွင်းအင်္ဂါများ ကျန်းမာနေရန်လိုအပ်သည်။ ကိုယ်ကျန်းမာရေးသာမက စိတ်ကျန်းမာရေးပါ ပြည့်စုံကောင်းမွန်နေရမည်။ မိသားစုနှင့်မိတ်ဆွေများ၏ အားပေးကူညီမှုရရှိနိုင်သူလည်းဖြစ်ရန်လိုအပ်သည်။

**အသည်းကင်ဆာလူနာများတွင် အသည်းအစားထိုး ကုသခြင်း**

အသည်းကင်ဆာလူနာတိုင်းကို အသည်းအစားထိုးကုသ၍ မရနိုင်ပါ။ သင့်တင့်သည့်အကျိတ်အရွယ်အစား၊ အသည်းကင်ဆာပျံ့နှံ့မှုအခြေအနေ၊ လူနာ၏ နောက်ခံကျန်းမာရေးအခြေအနေ စသည့်အချက်အလက်များစွာအပေါ် မူတည်ပြီး အသည်းကင်ဆာလူနာများကို အသည်းအစားထိုး ကုသနိုင်ရန် စဉ်းစားလေ့ရှိသည်။ အကျိတ်အရွယ်အစားကြီးနေသည့် အသည်းကင်ဆာလူနာများကို အကျိတ်ကျုံ့သွားစေမည့် ကုထုံးများနှင့်အရင်ကုသပြီး အကျိတ်ကျုံ့သွားခါမှ အသည်းအစားထိုးကုသကြသည်လည်းရှိသည်။

အမေရိကန်နိုင်ငံတွင် ၂၀၁၀ ပြည့်နှစ်က အသည်းကင်ဆာလူနာများ၏ ၁၇ ဒသမ ၂ ရာခိုင်နှုန်းထိ အသည်းအစားထိုး ကုသပေးနိုင်ခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ်ရောက်သည့်အခါ အသည်းကင်ဆာလူနာ ၁၂ ဒသမ ၆ ရာခိုင်နှုန်းကိုသာ အသည်းအစားထိုး ကုသပေးခဲ့ကြောင်း တွေ့ရသည်။

အကြောင်းရင်းက အသည်းကင်ဆာလူနာများကို အသည်းအစားထိုးကုသပေးနိုင်ရန် ကန့်သတ်ထားသည့် စည်းကမ်းချက်များ ပိုမိုတင်းကျပ်လာခဲ့ခြင်းကြောင့်ဖြစ်သည်။ အသည်းကင်ဆာ မဟုတ်သော်လည်း အသည်းအတွင်းဖြစ်ပွားသည့် အခြားကင်ဆာအမျိုးအစားများဖြစ်သော သည်းခြေပြွန်ကင်ဆာ၊ အူမကြီးကင်ဆာမှ အသည်းသို့ပျံ့နှံ့လာသည့် အကျိတ်ရောဂါများတွင်လည်း အသည်းအစားထိုးကုသခြင်းကိုဆောင်ရွက်လေ့ရှိသည်။

**ကွယ်လွန်သွားသူများထံမှ အသည်းထုတ်ယူခြင်း**

အသည်းအစားထိုးကုသနိုင်ရန် သက်ရှိအလှူရှင်များနှင့် မလုံလောက်သည့်အတွက် ပူပူနွေးနွေးသေဆုံးသွားသူများထံမှ အသည်းထုတ်ယူအစားထိုးနိုင်ရေးဆောင်ရွက်လာကြရသည်။ အချို့ကိုယ်တွင်းကလီစာ အလှူရှင်များက မသေဆုံးမီကတည်းက သေတမ်းစာရေးပြီး အသည်းလှူဒါန်းခဲ့သည်လည်း ရှိသည်။ သို့သော် ကွယ်လွန်သူများအားလုံးထံမှ အသည်းကိုထုတ်ယူ၍ ရနိုင်သည်တော့မဟုတ်။ ကန့်သတ်ချက်များ ရှိနေသေးသည်။

မသေဆုံးမီက အသည်းအခြေအနေ ဘယ်လိုရှိခဲ့လဲ၊ လူနာရာဇဝင်ကိုပြန်လည်စစ်ကြောကြရသည်။ အသည်းထုတ်ယူခံရမည့် ကွယ်လွန်သူသည် အသက် ၆၀ ကျော်နေလျှင်၊ အသည်းရောင်အသားဝါစီပိုးကူးစက်ခံနေရသူဖြစ်လျှင်၊ မသေဆုံးမီကအထူးကြပ်မတ်ကုသဆောင်ထဲတွင် ငါးရက်နှင့်အထက် ဆေးရုံတက်ခဲ့ရသူဖြစ်လျှင် အသည်းအစားထိုးကုသမှု ရလဒ်မကောင်းရန် များသည်။

များသောအားဖြင့် အသည်းထုတ်ယူခံရမည့်အလှူရှင်များသည် မကွယ်လွန်မီကတည်းက ဆေးရုံတက်နေရသူများဖြစ်သည်။ အသက်ရှူကူစက်၊ နှလုံးခုန်ဆေးများဖြင့် အသက်ဆက်ခံထားရသူများ ဖြစ်လေ့ရှိသည်။ ဦးနှောက်တွင်တော့ အသိ၊ သတိတို့ရှိမနေတော့။ တစ်နည်းအားဖြင့် ဦးနှောက်သေဆုံးပြီးသူများဖြစ်သည်။ ဦးနှောက်သေနေသော်လည်း စက်ကိရိယာနှင့် ဆေးဝါးများအကူအညီဖြင့် အသက်ရှူနေသေးသည်။ နှလုံးခုန်နေသေးသည်။ ထိုလူနာများထံမှ အသည်းထုတ်ယူတော့မည်ဟုဆုံးဖြတ်လျှင် နှလုံးမရပ်ခင်၊ အသက်ရှူမရပ်ခင်မှာ သဘောတူညီမှုအဆင့်ဆင့်ရယူပြီးမှ အသည်းကို ခွဲစိတ်ထုတ်ယူကြရသည်။ အသည်းတင်မကပါ အခြားလိုအပ်သည့်ကိုယ်တွင်းအင်္ဂါများကို ထုတ်ယူကြရခြင်းဖြစ်သည်။ လိုအပ်သည့် ကိုယ်တွင်းကလီစာများထုတ်ယူပြီးပြီဆိုလျှင်တော့ စက်ကိရိယာအကူအညီများကို ရပ်ပစ်လိုက်ကြသည်။ ကိုယ်တွင်းအင်္ဂါအလှူရှင်သည်လည်း ကွယ်လွန်သွားသည်။ ထိုသို့ စနစ်တကျထုတ်ယူခြင်းကို ထိန်းချုပ်လှူဒါန်းမှု (Controlled Donation)ဟုခေါ်သည်။ ထိန်းချုပ်လှူဒါန်းမှုဖြင့်သာ အသည်းအစားထိုးခွဲစိတ်ကုသမှု အောင်မြင်ရန် များသည်။

အချို့နေရာများတွင် စက်ကိရိယာများဖြင့် နှလုံးသွေးကြောရှင်သန်မှုကိုထိန်းထားပြီး အသည်းထုတ်ယူခြင်းမျိုးမရှိ။ Uncontrolled Donation ဟုခေါ်သည်။ ထိုအခါမျိုးတွင် လှူဒါန်းအသည်းပျက်စီးရန်များသည်။

**ကိုးကား**


- Liver Transplantation by Michael R. Lucey, M.D., Katryn N. Furuya, M.D., and David P. Foley, M.D from NEJM


ဒေါက်တာလွှမ်းမိုးဟန်

# လည်လည်တို့ရွာ ရုပ်သံဇာတ်လမ်းတွဲကို မတ်လတွင် Channel K YouTube Channel မှ ထုတ်လွှင့်ပြသမည်




**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

လည်လည်တို့ရွာ ရုပ်သံဇာတ်လမ်းတွဲကို မတ်လတွင် Channel K YouTube Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း အဆိုပါ ရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ ဟာသသရုပ်ဆောင် ကျော်ဇက်က ပြောပြ၍ သိရသည်။

လည်လည်တို့ရွာ ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို မော်ရှင်က ရေးသားထားကာ ဒါရိုက်တာ မော်ရှင်က တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ပြီး Channel K ရုပ်သံလိုင်း၏ မူပိုင် ဟာသရုပ်သံဇာတ်လမ်းတွဲ ဖြစ်ကြောင်း သိရသည်။

"ဒီရုပ်သံဇာတ်လမ်းတွဲကတော့ Channel K ရုပ်သံလိုင်း၏ မူပိုင် ဟာသ ရုပ်သံဇာတ်လမ်းတွဲဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ် ဩဂုတ်လတုန်းက Channel K ရုပ်သံလိုင်းက ထုတ်လွှင့်ပြီးဖြစ်ပါတယ်။ အဲဒီတုန်းက မကြည့်လိုက်ရသေးသူတွေကော ကြည့်ရှုခံစားလိုသူတွေအတွက်ပါ အချိန်မရွေး၊ နေရာမရွေး ကြည့်ရှုနိုင်အောင် Channel K YouTube Channel ကနေ မတ်လမှာ ထုတ်လွှင့်ပေးမှာဖြစ်ပါတယ်။ တောင်သူတို့ရဲ့ ပျော်မွေ့ရာ လယ်တောရွာလေးတစ်ရွာမှာ ဦးကျော်ဇက်က ရွာရဲ့မျက်နှာဖုံး ပိုက်ဆံရှိသူတစ်ယောက်ပါ။ သူ့မှာ မျောက်ရှုံး၊ ကြာစိ၊ အောင်မော်၊ ဝိုင်းဝိုင်းလည် ဆိုတဲ့ အရက်ကစ လောင်းကစားထိ စရိုက်မျိုးစုံလှတဲ့ သား လေးယောက်ရှိပါတယ်။ သားဖြစ်သူတွေရဲ့ ပြဿနာပေါင်းစုံကို လိုက်လံဖြေရှင်းရင်း ရွာသူ၊ ရွာသားတွေနဲ့ ဦးကျော်ဇက်ရဲ့သားတွေကြား အလွဲလွဲအချော်ချော်နဲ့ ဘယ်လိုအဆင်မပြေမှုတွေ ကြုံရမလဲဆိုတာကို ကြည့်ရှုအားပေးကြပါအုံး" ဟု ဟာသ သရုပ်ဆောင် ကျော်ဇက်က ပြောပြသည်။

အဆိုပါ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ကျော်ဇက်၊ မျောက်ရှုံး၊ ကြာစိ၊ အောင်မော်၊ ဝိုင်းဝိုင်းလည်၊ ဂျက်လီ၊ နန်းထိုက်ခိုင်နှင့် အခြားအနုပညာရှင်များ ပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Save the Green Planet ဇာတ်ကား၌ လန်သီမို့နှင့် အမ်မာစတုန်းတို့ ထပ်မံလက်တွဲမည်

**နယူးယောက် ဖေဖော်ဝါရီ ၂၂**

Save the Green Planet အမည်ရှိ ဇာတ်ကားသစ်၌ ဂရိ ဒါရိုက်တာ ယောဂို့လန်သီမို့နှင့် မင်းသမီး အမ်မာစတုန်းတို့ ထပ်မံလက်တွဲမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၁ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားသည် တောင်ကိုရီးယားရုပ်ရှင်ဇာတ်ကား Save the Green Planet သိပ္ပံဟာသ ဇာတ်ကားကို ပြန်လည်ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Save the Green Planet ဇာတ်ကားတွင် မင်းသမီး အမ်မာစတုန်းအနေဖြင့် ဇာတ်ပို့နေရာတွင် ပါဝင်သရုပ်ဆောင်ဖွယ်ရှိသည်။

ဒါရိုက်တာ လန်သီမို့နှင့် မင်းသမီး အမ်မာစတုန်းတို့သည် The Favourite နှင့် Poor Things ဇာတ်ကားများတွင် အတူပူးပေါင်းဆောင်ရွက်ခဲ့သူများ ဖြစ်ကြသည်။

Save the Green Planet ဇာတ်ကားသစ်အတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဝီထရေစီက ရေးသားပေးမည်ဖြစ်သည်။

လက်ရှိအချိန်တွင် Save the Green Planet ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်း မည်သည့်အချိန်တွင်စတင်မည်ကို မသိရသေးကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**




# ပုဗ္ဗသီရိ/ဗဟန်းမြို့နယ် Beikthano Art Gallery တွင် Late Masters Art Exhibition ပန်းချီပြပွဲ ပြသမည်ဖြစ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ Beikthano Art Gallery တွင်ကွယ်လွန်သွားသည့် ပန်းချီဆရာ ၃၂ ဦး၏ Late Masters Art Exhibition ပန်းချီပြပွဲကို ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၁၆ ရက်ထိ ပြသမည်ဖြစ်ကြောင်း အဆိုပါ ပန်းချီပြပွဲကို စီစဉ်သူ Beikthano Art Gallery ပိုင်ရှင် ပန်းချီ ဗိဿနိုးတင်ဝင်းက ပြောပြ၍ သိရသည်။

အဆိုပါ Late Masters Art Exhibition ပန်းချီပြပွဲတွင် ကွယ်လွန်သွားပြီဖြစ်သည့် ပန်းချီဆရာများဖြစ်ကြသော ပန်းချီ ဦးဘလုံ၊ M. Saung၊ ပန်းချီ ဦးငွေကိုင်၊ ပန်းချီ ရတနာပုံ မောင်စု၊ ပန်းချီ ဦးဘသက်၊ ပန်းချီ ဦးချစ်မြ၊ ပန်းချီ ဦးလှရှိန်၊ ပန်းချီ ဦးဆန်းဝင်း၊ ပန်းချီ ဦးချစ်မောင်၊ ပန်းချီ ဦးဘကြည်၊ ပန်းချီ လှမောင်ကြီး၊ ပန်းချီ ဦးကြည်၊ ပန်းချီ ဦးဘရင်ကလေး၊ ပန်းချီ ဦးအောင်ချမ်း၊ ပန်းချီ ဦးဆန်းလွင်၊ ပန်းချီ ဦးခင်မောင်၊ ပန်းချီ ဦးကိုလေး၊ ပန်းချီ ဦးအောင်ခင်၊ ပန်းချီ အောင်စိုး၊ ပန်းချီ အမ်တင်အေး၊ ပန်းချီ ဦးညဏ်ရှိန်၊ ပန်းချီ ဦးအေးမြင့်၊ ပန်းချီ ဦးကျော်၊ ပန်းချီ စတားမြသန်း၊ ပန်းချီ ကိုရွှေအောင်သင်း၊ ပန်းချီ ပေါ်ဦးသက်၊ ပန်းချီ ဦးသန်းအောင်၊ ပန်းချီ တိုးနွယ်၊ ပန်းချီ ဦးကျော်လေး၊ ပန်းချီ ဝသုန်၊ Poe Shar၊ ပန်းချီ ဇော်မောင်တို့၏ လက်ရာစုံပန်းချီကားများကို ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။



"Late Masters Art Exhibition ပြပွဲမှာ ကွယ်လွန်သွားပြီဖြစ်တဲ့ပန်းချီဆရာ ၃၂ ယောက်ရဲ့ အကောင်းဆုံးလက်ရာတွေကို ပြသပေးမှာဖြစ်ပါတယ်။ ပြသမဲ့ရက်ကတော့ ဖေဖော်ဝါရီ ၂၄ ရက်ကနေ မတ် ၁၆ ရက်ထိပြသမှာဖြစ်ပါတယ်။ ပန်းချီချစ်သူတွေ၊ ပန်းချီစုဆောင်းသူတွေနဲ့ ဆရာကြီးတွေရဲ့ ပန်းချီလက်ရာတွေကို ကြည့်ရှုလေ့လာနိုင်ပါတယ်"ဟု ပန်းချီ ဗိဿနိုးတင်ဝင်းက ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့်ပန်းချီကားများ၏အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄×၂၄) လက်မ၊(၁၈×၂၄) လက်မ၊(၁၈×၁၈) လက်မ စသည်ဖြင့်အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံးငွေကျပ် ရှစ်သိန်းမှ အများဆုံးငွေကျပ် သိန်း ၃၀ ထိရှိကြောင်း သိရသည်။

ASH

# Jurassic World ဇာတ်ကားသစ်ကို ဒါရိုက်တာ ဂါရက်အက်ဒွပ် ရိုက်ကူးဖွယ်ရှိ

**နယူးယောက် ဖေဖော်ဝါရီ ၂၂**

Jurassic World ဇာတ်ကားသစ်ကို ဒါရိုက်တာ ဂါရက်အက်ဒွပ်က တာဝန်ယူရိုက်ကူးဖွယ်ရှိကြောင်း ဖေဖော်ဝါရီ ၂၁ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် ဂါရက်အက်ဒွပ်သည် Jurassic World ဇာတ်ကားကို ရိုက်ကူးရေးအတွက် ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီနှင့်ဆွေးနွေးလျက်ရှိသည်။

ဒါရိုက်တာ ဂါရက်အက်ဒွပ်သည် The Creator နှင့် Rogue One ဇာတ်ကားများကို ရိုက်ကူးပေးခဲ့သော ဒါရိုက်တာဖြစ်သည်။

Jurassic World ဇာတ်ကားကို ယခုနှစ် ဇွန်လအတွင်း စတင်ရိုက်ကူးရန် ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။


လက်ရှိအချိန်တွင် Jurassic World ဇာတ်ကား၌ ပါဝင်မည့် သရုပ်ဆောင်များကို ယူနီဗာဆယ်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Jurassic World ဇာတ်ကားသစ်ကို ၂၀၂၅ ခုနှစ် ဇူလိုင် ၂ ရက်တွင် ရုံတင်ပြသရန် ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**






# နတ်မောက်မြို့နယ် သာယာအေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**နတ်မောက် ဖေဖော်ဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သာယာအေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၈ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးလင်းထွဋ်နှင့် ကျေးရွာ တာဝန်ခံဝန်ထမ်းများသည် သာယာအေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် ငွေစာရင်းဖြည့်သွင်းထားမှု ရှိ၊မရှိ၊ စာရင်းဇယားထိန်းသိမ်းမှု ရှိမရှိကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

နတ်မောက်မြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစ၍ ဆောင်ရွက်ခဲ့ပြီး ယခုအခါ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သာယာအေးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၄ ဦးကို ငွေကျပ် ၁၇ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၂ ဦးကို ငွေကျပ် ၂၀ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁ ဒသမ ၆ သန်း ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွဋ်ထံမှ သိရသည်။

**သူသူ(နတ်မောက်)**

# Number of train passenger on the rise along Yangon circular railroad



A circular train stopping over at a local railway station.

**Yangon February 22**

Number of commuters using Yangon circular trains is on the increase in Yangon Region, said Chief Superintendent U Thaung Htaik of Yangn Railway Station.

Starting from the early February this year, number of commuters riding Yangon circular trains is larger and larger, as some K7,000 per day.

"Before February, there were some 5,000 passenger of trains a day. Now, some 7,000 passenger ride circular trains on a daily basis. Number of passengers may be some 6,500 persons each on weekdays and some 7,000 each on weekends. So, we manage operating of trains in rush hours," said U Thaung Htaik.

Before outbreak of Covid-19, number of passengers hit more than 80,000 per day. In the aftermath of Covid-19's high tempo, passengers of circular trains declined but now the number resurged again.

In the past, Myanma Railways managed running of trains on 30 plies per day but 26 plies at present. Currently, MR carries out upgrading of circular railways. Upon completion, the high speed trains can transport some 240,000 per persons on a daily basis. ASH

# United Airlines to resume direct flights to Israel

**Jerusalem February 22**

United Airlines will resume its direct flights to Israel on March 2, the U.S. airliner said in a statement on Thursday.

United, which suspended flights to Israel on Oct. 7, 2023, following the outbreak of the Israel-Hamas conflict, is the first North American airliner to announce the resumption of flights to Israel.

The U.S. carrier will first resume flights between Newark Liberty International Airport and Ben Gurion International Airport near Tel Aviv with a daily service.

The two initial flights are planned to stop in Munich "to ensure all service providers are ready to support non-stop daily service to and from Newark."

United said it performed a detailed safety analysis on resuming flights to Israel, including close work with security experts, government officials in the United States and Israel, and aviation associations.

Meanwhile, the U.S. carrier plans to add a second daily flight on the Newark-Tel Aviv route as before the conflict, "as soon as May as travel demand recovers."

It added that other suspended routes to Tel Aviv from San Francisco, Washington D.C., and Chicago will be evaluated for resumption this fall. Xinhua

# More than 5,000 acres of croplands placed under vegetables in Myinmu Township

**Myinmu February 22**

The statistics of the Sagaing District Agriculture Department stated that a total of 5,021 acres of croplands have been placed under vegetables during this winter.

Myinmu Township authorities earmarked a target to grow 5,020 acres of vegetables this cold season of 2023-24 financial year, and local farmers cultivated 5,021 acres of vegetables from October 2023 to date.

Head of Sagaing District Agriculture Department Daw Thida Lwin said, "Myinmu Township earmarked cultivation of 5,020 acres of vegetables this cold season. So far, local farmers have grown 5,021 acres of mustard, chilli, tomato, eggplant, cabbage, cauliflower, ladyfinger and so on. Our department gives agricultural techniques to local farmers to grow crops in GAP system and urge them to take notice for reducing chemical residue on all vegetables."


A vegetable plantation.

Last year, local farmers grew 5,020 acres of vegetables in the township. Myinmu Township Agriculture Department helps local farmers grow crops in GAP system, production of healthy vegetables, and expansion of sown acreage.

In monsoon of 2023-24 FY, local farmers grew 5,709 acres of vegetables from May to September 2023 against the target of 5,700 acres. 206

# World Insights: Arab states condemn U.S. for vetoing UNSC resolution on Gaza ceasefire

**Cairo February 22**

Arab states have condemned the United States for vetoing another UN Security Council resolution demanding an immediate ceasefire in the Gaza Strip, as looming Israeli attacks on the southernmost Gazan city of Rafah raise concerns that the humanitarian crisis in the Palestinian enclave may deepen.

During an emergency session of the UN Security Council held in New York on Tuesday, the draft resolution put forward on behalf of Arab states by Algeria won 13 votes in favor among the 15 members of the Security Council. The United States voted against it while Britain abstained.

"The U.S. veto, which defies the will of the international community, will give an additional green light to Israel to continue its aggression against our people in the Gaza Strip, and to carry out its bloody attack on Rafah," the Palestinian presidency said in a statement carried by Palestine's official news agency WAFA on Wednesday. Xinhua



U.S. ambassador to the United Nations Linda Thomas-Greenfield (C, front) votes against a Gaza-related Security Council draft resolution at the UN headquarters in New York, on Feb. 20, 2024.

# Butter bean in good trading in Mandalay market

**Mandalay February 22**

High demand from foreign countries contributes to better trade of butter bean which flows into Mandalay market, according to bean merchants in Mandalay.

Butter bean comes from Madaya, Singu and Monywa to Mandalay market at present. Currently, large bean fetches K480,000 per bag, K470,000 per bag of medium-sized bean and K460,000 per bag of small-sized bean in the market, said U Soe Win Myint, owner of Soe Win Myint Depot in Mandalay.

"At present, butter bean gets good price in the domestic market. This year's bean is quality. The butter bean farms get high per-acre. This year, local farmers have improved socioeconomic life due to higher per-acre yield. Yearly, China, India, Japan and European countries purchase Myanmar's butter bean. Now, Myanmar exports butter bean to India and China. Japan and Europe prefer to purchase large sized butter. Butter can be grown once a year and in just cold season. Soon, butter plantations will be harvested in Pwintbyu, Sinbyukyun and Salin regions," he explained.

Butter bean is primarily cultivated in central Myanmar areas, especially in Minbu, Sinbyukyun, Salin, Mahlaing, Taungtha, Natogyi, Gangaw, Kalay, Kalewa, Shwebo and Kabaw regions. 185

# More than 2,400 acres of kitchen crops grown in Shwebo Township this year



A vast stretch of kitchen crop plantations.

**Shwebo February 22**

The Shwebo Township Agriculture Department stated that cultivation of kitchen crops has occupied 2,407 acres of croplands in Shwebo Township of Sagaing Region this cold season.

The township earmarked 2,310 acres of kitchen will be cultivated in the township in 2023-24 financial year, but local farmers exceeded cultivation of crops with 2,407 acres grown starting from, October last year.

"We have grown 2,407 acres of kitchen crops this year, exceeding the target of 2,310 acres. We are helping farmers for use of GAP system and correct agricultural techniques and prevention of pests," said Head of Shwebo Township Agriculture Department U Hsan Oo.

The township has cultivated 66 acres of chilli, 2,313 aces of onion and 28 acres of garlic, totalling 2,407.

The township earmarked cultivation of 65 acres of chilli, 2,211 acres of onion and 35 acres of garlic, totalling 2,310.

Township Agriculture Department will raise farmer awareness on high yield, agricultural techniques, GAP system, use of pesticides and improvement of fertile soil.

Last year, the township grew 2,310 acres of chilli and onion starting from October 2022. 206

# Sagaing District plans to grow more than 4,000 acres of summer sesame this year

**Sagaing February 22**

Statistics of the Sagaing District Agriculture Department stated that the department decided a plan to grow 4,455 acres of summer sesame this summer.

The relevant townships involved in the district earmarked 198 acres of sesame, Myinmu Township 145 acres and Myaung Township 3,112 acres, totalling 4,445 acres in the summer of 2023-24 financial year.

Head of District Department of Agriculture Daw Thida Lwin said, "The district plans to grow more than 4,000 acres of summer sesame. We will try our best to meet the target cultivation this year. Local farmers will start cultivation in the third week of February. The department will help farmers grow sesame with choosing the best quality strains of sesame through good agricultural practices," she explained.

Agricultural staff raise the farmer awareness of growing sesame in GAP system, expansion of sown acreage and use of quality strains of sesame.

The crops produced in GAP has high quality and higher prices, enjoying increased incomes and improved socioeconomic life. 206



A sesame plantation.

# More than K120 million disbursed to cooperative members to grow winter oil crops

**Mandalay February 22**

Assistant Director U Hlaing Moe of Mandalay Region Cooperative Department said that more than K120 million from State economic promotion fund has been disbursed to local farmers who are members of cooperative societies in Mandalay Region to grow winter oil crops.

The government has loaned K127.60 million starting from the last week of December 2023 to 203 farmers from three cooperative societies in TadaU Township to grow 607 acres of winter oil crops.

"The loans were allocated from the State economic promotion fund to local farmers of TadaU Township for successfully growing of winter oil crops. In this regard, K300,000 per acre of groundnut was disbursed to local farmers and K200,000 per acre of sunflower, and K150,000 per acre of sesame. It aims to purchase quality strains of crops and inputs. The revolving fund was set up with the contribution of State economic promotion fund for providing loans to local farmers to engage in agriculture, livestock breeding, fishery and cooperative measures as well as manufacturing, services and MSME businesses. It also aims to increase incomes for families," he explained.

The loans cover local farmers from TadaU Township to grow 126 acres of groundnut, 128 acres of sesame, and 353 acres of sunflower, totalling 607. Such a loan was set at least interest rate and farmers need to repay the debts once every six months. 185

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Harvest of monsoon paddy completed in Tamu Township

**Tamu February 22**

According to the statistics of Tamu District Agriculture Department, local farmers from Tamu Township of Sagaing Region have completed harvest of monsoon paddy on 14,807 acres of land.

They started harvest of monsoon paddy in October 2023 and so far, they have harvested 14,807 acres, yielding 83.02 baskets per acre.

"This year, they grow 14,807 acres of monsoon paddy in the township. Now, they have harvested all sown acreage of monsoon paddy. Staff of the township agriculture department provide agricultural techniques, prevention of pests, and timely storage of paddy under shelters not to face loss and waste," said Head of Tamu District Agriculture Department U Hla Myint.

Local authorities earmarked cultivation of 15,576 acres of monsoon paddy in rainy season of Tamu Township in 2023-24 financial year. So, local farmers cultivated 14,8078 acres of monsoon paddy from June to September against the target of 15,576 acres. Last year, they grew 15,576 acres of monsoon paddy.

Agricultural staff of the township department help local farmers seek quality paddy strains, prevention of pests, weeding, thinning of strain varieties of paddy, and systematic use of fertilizers. 206



Monsoon paddy being harvested with heavy machinery.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ယူကရိန်းသည် တူကီယဲနိုင်ငံ၏ Kaan ကိုယ်ပျောက်တိုက်လေယာဉ်ပဉ္စမမျိုးဆက်စီမံကိန်းတွင် ပူးပေါင်းဆောင်ရွက်ခဲ့



ယူကရိန်းသည် တူကီယဲနိုင်ငံထုတ် Kaan (King) ကိုယ်ပျောက်တိုက်လေယာဉ် ပဉ္စမမျိုးဆက်စီမံကိန်းတွင် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ဝယ်ယူအသုံးပြုရန် ရည်ရွယ်ထားကြောင်း တူကီယဲဆိုင်ရာ ယူကရိန်းသံအမတ်ကြီး Vasyl Bodnar က ဖေဖော်ဝါရီ ၁၅ ရက်တွင် CNN Türk သတင်းဌာနနှင့် အင်တာဗျူးတစ်ရပ်၌ ထုတ်ဖော်ပြောကြားခဲ့သည်ဟု Air Recognition သတင်းဌာနက ဖေဖော်ဝါရီ ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Kaan တိုက်လေယာဉ်အတွက် အင်ဂျင်တီထွင်ထုတ်လုပ်ရေးတွင် ယူကရိန်းအင်ဂျင်နီယာများလည်း ပါဝင်မည်ဖြစ်ကြောင်း၊ ဤလုပ်ဆောင်မှုသည် တူကီယဲနှင့် ယူကရိန်းကြား ကာကွယ်ရေးနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသမိုင်းကို ထင်ဟပ်စေပြီး ပိုမိုကျယ်ပြန့်သောပူးပေါင်းဆောင်ရွက်မှု၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း၊ ယူကရိန်းနှင့်တူကီယဲနိုင်ငံကြား Kaan တိုက်လေယာဉ်၏ အင်ဂျင်ပိုင်းဆိုင်ရာပူးပေါင်းဆောင်ရွက်မှုသည် နှစ်ဦးနှစ်ဖက်အကျိုးရှိစေပြီး နှစ်နိုင်ငံစလုံး၏ ပြည်တွင်းထုတ်လုပ်မှုစွမ်းရည်များကို တိုးတက်လာစေမည်ဖြစ်ကြောင်း၊ Kaan တိုက်လေယာဉ်သည် အမေရိကန်ထုတ် F-35 Lightning II နှင့် F-22 Raptor ကဲ့သို့သော အဆင့်မြင့်ကိုယ်ပျောက်တိုက်လေယာဉ်များနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိမည်ဖြစ်ကြောင်း သံအမတ်ကြီး Bodnar က ပြောကြားခဲ့သည်။

၂၀၁၇ ခုနှစ်တွင် စတင်ခဲ့သည့် တူကီယဲနိုင်ငံ၏ နိုင်ငံတော်အဆင့် တိုက်လေယာဉ်စီမံကိန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သော Kaan တိုက်လေယာဉ်သည် နိုင်ငံ၏ ကာကွယ်ရေးအခြေခံအဆောက်အအုံကိုမြှင့်တင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ အမေရိကန်ထုတ် F-35 တိုက်လေယာဉ်များ၏စွမ်းဆောင်ရည်ကို ယှဉ်နိုင်စွမ်းရှိစေရန် ရည်ရွယ်ချက်ဖြင့် ဒီဇိုင်းထုတ်ထားပြီး လက်ရှိတူကီယဲလေတပ်ပိုင် F-16 တိုက်လေယာဉ်များနေရာတွင် Kaan တိုက်လေယာဉ်များ အစားထိုးရန်စီစဉ်ထားသည်။

Kaan တိုက်လေယာဉ်ကို TF-X သို့မဟုတ် Turkish Fighter (TF) ဟုလည်း ခေါ်ဝေါ်သုံးနှုန်းလေ့ရှိပြီး အမျိုးသားတိုက်လေယာဉ်ဟု အဓိပ္ပာယ်ရသည်။ ၎င်းလေယာဉ်များကို ဗြိတိန်နိုင်ငံ BAE Systems ကုမ္ပဏီ၏ အကူအညီဖြင့် တူကီယဲလေကြောင်းနှင့် အာကာသစက်မှုလုပ်ငန်း (TAI)က တီထွင်ထုတ်လုပ်လျက်ရှိသည်။ နိုင်ငံတကာဈေးကွက်တွင် F-35 Lightning II ကဲ့သို့ ခေတ်ပြိုင်လေယာဉ်များနှင့်အတူ ယှဉ်ပြိုင်ရောင်းချနိုင်ရန် မျှော်မှန်းလုပ်ဆောင်နေခြင်းဖြစ်သည်။

တူကီယဲနိုင်ငံ ကာကွယ်ရေးစက်မှုလုပ်ငန်း အမှုဆောင်ကော်မတီက မျိုးဆက်သစ်တိုက်လေယာဉ်များ တီထွင်နိုင်ရေး ရည်ရွယ်ချက်ဖြင့် စီမံကိန်းကို ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာ ၁၅ ရက်တွင် စတင်ခဲ့သည်။

၂၀၂၂ ခုနှစ်ကတည်းက TEI သည် Kaan တိုက်လေယာဉ်စီမံကိန်းအတွက် အင်ဂျင်ဖွံ့ဖြိုးတိုးတက်ရေး အပိုင်း၌ ယူကရိန်းကုမ္ပဏီ Ivchenko Progress နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

TF Kaan သည် တိုက်လေယာဉ် ပဉ္စမမျိုးဆက် လေယာဉ်ဖြစ်လာရန်ရည်ရွယ်ထားပြီး အဆင့်မြင့်လေကြောင်းနည်းပညာများ၊ စူပါခရုဇ်စွမ်းရည်၊ ကိုယ်ပျောက်နှင့် ခေတ်မီဆန်းပြားသော အာရုံခံကိရိယာများနှင့် တိကျပဲ့ထိန်းလက်နက်များပေါင်းစပ်အသုံးပြုနိုင်သကဲ့သို့ လေယာဉ်ဒီဇိုင်းသည် ရန်သူ့ရေဒါမှ မြင်နိုင်စွမ်းနည်းပါးစေရန် ဦးစားပေးစဉ်းစားထားသည်။ လေယာဉ်၏ ဖွံ့ဖြိုးတိုးတက်မှုသည် အထူးသဖြင့် Advanced Carbon Composite ပေါင်းစပ်သတ္တုများဖြင့် လေယာဉ်ကိုယ်ထည်ကို တီထွင်ထုတ်လုပ်ခဲ့သည့် TAI ၏ F-35 ပရိုဂရမ်တွင်ပါဝင်လုပ်ဆောင်ခဲ့မှုအတွေ့အကြုံ၏ အကျိုးကျေးဇူးများပင်ဖြစ်သည်။

တူကီယဲကုမ္ပဏီ Aselsan သည် Gallium Nitride နည်းပညာကိုအသုံးပြု၍ TF Kaan တိုက်လေယာဉ်အတွက် အဆင့်မြင့် Active Electronically Scanned Array ရေဒါတစ်ခုကို တီထွင်ထုတ်လုပ်နေသည်။ လေယာဉ်၏ လေကြောင်းပျံသန်းမှုများသည် လုံခြုံသောဒေတာချိတ်ဆက်မှုများမှတစ်ဆင့် မောင်းသူမဲ့လေယာဉ်များနှင့် ပေါင်းစည်းနိုင်စေရန် ရည်ရွယ်သည်။

ကနဦးအစတွင် TF Kaan တိုက်လေယာဉ်သည် General Electric F110 အင်ဂျင်များတပ်ဆင်အသုံးပြုခဲ့သော်လည်း နောက်ပိုင်းတွင် တူကီယဲ KALE ကုမ္ပဏီနှင့် ဗြိတိန်နိုင်ငံ Rolls-Royce ကုမ္ပဏီတို့ကြား ပူးပေါင်းလုပ်ဆောင်မှုဖြင့် ထုတ်လုပ်ထားသော ပြည်တွင်းထုတ် TAEC အင်ဂျင်များ ပြောင်းလဲတပ်ဆင်သွားရန် စီစဉ်ထားပြီး လက်နက်တပ်ဆင်မှုအနေဖြင့် မတူညီသော ပုံးအမျိုးအစားများနှင့်အတူ ဝေဟင်မှဝေဟင်ပစ်၊ ဝေဟင်မှမြေပြင်ပစ် ဒုံးကျည်အမျိုးမျိုးပါဝင်မည်ဟု မျှော်မှန်းထားကြောင်း သိရသည်။

**Ukraine to develop and purchase Turkish Kaan fifth-generation stealth fighter jet ကို ဘာသာပြန်ဆိုထားပါသည်။**

## အရှေ့အလယ်ပိုင်းတင်းမာမှုများမြင့်တက်လာချိန်တွင် အီရန်နိုင်ငံက လေကြောင်းရန်ကာကွယ်ရေးစနစ်သစ်များ ထုတ်ဖော်ပြသခဲ့

အရှေ့အလယ်ပိုင်း ဂါဇာကမ်းမြောင်ဒေသတွင် တင်းမာမှုများမြင့်မားလာချိန်တွင် အီရန်နိုင်ငံက လေကြောင်းရန်ကာကွယ်ရေးစနစ်သစ်နှစ်ခုကို ဖေဖော်ဝါရီ ၁၇ ရက်က ထုတ်ဖော်ပြသခဲ့ကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများကို ကိုးကား၍ The Defense Post သတင်းဌာနက ဖေဖော်ဝါရီ ၁၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

"အီရန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ပြည်တွင်းမှာ ထုတ်လုပ်ထားတဲ့ Arman တာလတ်တန်ပြန်ပဲ့ထိန်းဒုံးကျည်ကာကွယ်ရေးစနစ်နဲ့ Azarakhsh တာတိုလေကြောင်းရန်ကာကွယ်ရေးစနစ်တို့ကို ထုတ်ဖော်ပြသခဲ့ပါတယ်"ဟု အီရန်နိုင်ငံပိုင် IRNA သတင်းဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တီဟီရန် ကျောထောက်နောက်ခံပြု ဟားမတ်စ်နှင့်အစ္စရေးတို့ကြား စစ်ပွဲသည် ပဉ္စမမြောက်လအတွင်း ချင်းနင်းဝင်ရောက်လာပြီဖြစ်ရာ ဒေသတွင်းတင်းမာမှုများ မြင့်တက်လာချိန်တွင် ယခုကဲ့သို့ လေကြောင်းရန်ကာကွယ်ရေးလက်နက်သစ်များ ထုတ်ဖော်ပြသသည့်သတင်း ထွက်ပေါ်လာခြင်းဖြစ်သည်။

ဂါဇာကမ်းမြောင်ဒေသတွင်းစစ်ပွဲများ မဖြစ်ပွားမီကပင် အစ္စရေးကအီရန်နိုင်ငံ၏ ဗျူကလီးယားအစီအစဉ်ကို အပြင်းအထန်ဆန့်ကျင်ကန့်ကွက်ခဲ့ကြပြီး အီရန်နိုင်ငံနှင့် ကမ္ဘာ့ရန်ဘက် နိုင်ငံများဖြစ်ခဲ့ကြသည်။ ၂၀၂၃ ခုနှစ်တွင် အစ္စရေးဝန်ကြီးချုပ်ဘင်ဂျမင်နေတန်ယာဟုက အီရန်နိုင်ငံကို ဗျူကလီးယားလက်နက်များ ပိုင်ဆိုင်မှုမရှိစေရေးတားဆီးရာတွင် စစ်ရေးအရတုံ့ပြန်လုပ်ဆောင်သွားမည်ဟု ခြိမ်းခြောက်ခဲ့သည်။

အီရန်နိုင်ငံက ၎င်း၏ဗျူကလီးယားအစီအစဉ်သည် ငြိမ်းချမ်းစွာအသုံးပြုရန်အတွက်ဖြစ်သည်ဟု အခိုင်အမာပြောဆိုထားပြီး အမေရိကန်နှင့် အနောက်နိုင်ငံများ၏ ဗျူကလီးယားဗုံးတစ်လုံးကိုတီထွင်ထုတ်လုပ်ရန် ကြိုးပမ်းနေသည်ဟူသောစွပ်စွဲချက်အပေါ် ငြင်းဆိုထားသည်။

ဖေဖော်ဝါရီ ၁၇ ရက်က ထုတ်ဖော်ပြသခဲ့သည့် Arman တာလတ်တန်ပြန်ပဲ့ထိန်းဒုံးကျည်စနစ်သည် အလယ်အလတ်အကွာအဝေးနှင့် အမြင့်ပျံလေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ် အမျိုးအစားဖြစ်ပြီး အကွာအဝေး ကီလိုမီတာ ၁၈၀ ၌ ပစ်မှတ်များကို ရှာဖွေထောက်လှမ်း၊ စိစစ်ခွဲခြားဖော်ထုတ်က အကွာအဝေး ကီလိုမီတာ ၁၂၀ ထိ တိုက်ပွဲဝင်နိုင်စွမ်းရှိသည်ဟု ကာကွယ်ရေးဝန်ကြီး Mohammad-Reza Ashtiani က လက်နက်စနစ်မိတ်ဆက်ပွဲအခမ်းအနားအတွင်း ပြောကြားချက်ကို IRNA သတင်းဌာနတွင် ရေးသားဖော်ပြထားသည်။

ထို့ပြင် Azarakhsh တာတို လေကြောင်းရန်ကာကွယ်ရေးစနစ်သည် ယာဉ်အမျိုးမျိုးတွင် တပ်ဖြန့်အသုံးပြုနိုင်ပြီး ပစ်မှတ်ကိုရှာဖွေ၊ ထောက်လှမ်း၊ ခြေရာခံထိန်းကျောင်းရန် ရေဒါ၊ Electro-Optical အာရုံခံစနစ်နှင့် အပူငွေ့ရှာ အာရုံခံကိရိယာများ အသုံးပြုထားသည့်အပြင် တစ်ပြိုင်နက်တည်း ပစ်မှတ်ခြောက်ခုကို တိုက်ခိုက်နိုင်စွမ်းရှိပြီး ၎င်း၏လေကြောင်းရန်ကာကွယ်ရေးစနစ်သည် ရန်သူ့ရဟတ်ယာဉ်များ၊ လေယာဉ်၊ ရဟတ်ယာဉ်များရန်မှ အချက်အချာနေရာကို အကွာအဝေး ကီလိုမီတာ ၅၀ ထိ လွှမ်းခြုံကာကွယ်ပေးနိုင်စွမ်းရှိမည်ဖြစ်သည်။ လက်နက်စနစ်သည် ရှေ့လူးလေကြောင်းရန်ကာကွယ်ရေးစနစ် အမျိုးအစားဖြစ်သည်။

ဆီးရီးယား၊ လက်ဘနွန်၊ အီရတ်နှင့် ယီမင်ရှိ တီဟီရန် ကျောထောက်နောက်ခံပြု စစ်သွေးကြွအဖွဲ့များသည် အောက်တိုဘာ ၇ ရက်က ဟားမတ်စ်တို့၏ အစ္စရေးနိုင်ငံအပေါ် တိုက်ခိုက်မှုကိုအားပေးခဲ့ကြပြီး အီရတ်နှင့် ဆီးရီးယားတွင် တပ်စွဲထားသော အမေရိကန်နှင့် ဂျိုဟတ်ဝါဒီဆန့်ကျင်ရေးညွန့်ပေါင်းတပ်များကို တိုက်ခိုက်မှုများ အရှိန်မြှင့်လုပ်ဆောင်လာ ခဲ့ကြသည်။

ဇန်နဝါရီ ၂၈ ရက်က ဂျော်ဒန်ရှိအခြေစိုက်စခန်းတစ်ခုကို တိုက်ခိုက်မှုတစ်ခုတွင် အမေရိကန်စစ်ဘက်မှ တပ်ဖွဲ့ဝင် သုံးဦးသေဆုံးခဲ့ပြီး ဆီးရီးယားနှင့် အီရတ်ရှိ အီရန်ကျောထောက်နောက်ခံပြု စစ်သွေးကြွအဖွဲ့များနှင့်ဆက်စပ်ပစ်မှတ်များကို အမေရိကန်က တန်ပြန်တိုက်ခိုက်မှုပြုလုပ်ခဲ့သည်။

ဗြိတိန်နှင့်အတူ အမေရိကန်နိုင်ငံသည် ယီမင်ရှိ အီရန်ကျောထောက်နောက်ခံပြု ဟူသီသူပုန်များကိုအရပ်ဘက်ကုန်တင်သင်္ဘောများအား ဆက်လက်တိုက်ခိုက်နေမှုကို တုံ့ပြန်သည့်အနေဖြင့် လက်တုံ့ပြန် တိုက်ခိုက်ခဲ့ခြင်းလည်းဖြစ်သည်။




ဟူသီသူပုန်များက ပင်လယ်နီတွင် ၎င်းတို့၏တိုက်ခိုက်မှုများသည် စစ်ဒဏ်ခံနေရသော ဂါဇာရှိ ပါလက်စတိုင်းများနှင့် တညီတညွတ်တည်းရှိသည်ကို ပြသလိုခြင်းဖြစ်သည်ဟု အခိုင်အမာပြောကြားထားပြီးဖြစ်ကြောင်း သိရသည်။

**Iran Unveils Air Defense Systems as Middle East Tensions Soar ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာကေ ၉၄၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ကျုံပျော် ဖေဖော်ဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာကေ ၉၄၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာကေ ၉၄၁၀ကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ နေကြာကေ ၉၄၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ နေကြာ လျာထားကေအတိုင်း ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

"ကျုံပျော်မြို့နယ်အနေနဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နေကြာကေ ၉၄၁၀ စိုက်ပျိုးဖို့ လျာထားခဲ့ပါတယ်။ ဒီနေ့ထိ နေကြာကေ ၉၄၀၀ စိုက်ပျိုးပြီးပါပြီ။ ဒေသခံတောင်သူတွေ နေကြာကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနအပြင် အခြား သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ဆင်းရွှေနေကြာ ၁ အမျိုးအစားနဲ့ ရေဆင်း-၁ အမျိုးအစားတွေကို အများစုံ စိုက်ပျိုးထားပါတယ်။ ကျန်တဲ့ကေတွေကိုလဲ ဆက်လက်စိုက်ပျိုးနေပါတယ်"ဟု ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် နေကြာများ အထွက်နှုန်းကောင်းစေရန်၊ အထွက်နှုန်းညီစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးမှုမရှိစေရန်၊ အပင်အားဆေး၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာများ စနစ်တကျသုံးစွဲတတ်စေရန် စသည့် လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း အသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# နမ့်စန်မြို့နယ် နောင်ခမ်းကျေးရွာ၌ စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**နမ့်စန် ဖေဖော်ဝါရီ ၂၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နောင်ခမ်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နမ့်စန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခွန်မြင့်သောင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းကမ်းသတ်မှတ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရာတွင် ကျေးရွာပြည်သူလူထုက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ဇော်မျိုးထွန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ ရွေးချယ်ရာတွင် လိုက်နာရမည့်စည်းကမ်းချက်များနှင့် ကော်မတီဝင်များ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

နမ့်စန်မြို့နယ် နောင်ခမ်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေ ကျပ် သိန်း ၁၅၀ ဖြင့် ကျေးရွာ၏ ပကတိလိုအပ်ချက်များကို ဖော်ထုတ်ပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သံသာ**

# ကျောက်တံခါးမြို့နယ် သဲဝါကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ကျောက်တံခါး ဖေဖော်ဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သဲဝါကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုးအိဖြူနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ သဲဝါကျေးရွာ၌ အရှည်ပေ ၉၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံလမ်း ခင်းခြင်းလုပ်ငန်းပြီးစီးမှု၊ တစ်နာရီလျှင် ရေသန့်ဂါလန် ၂၀၀ ကျော်ထွက်ရှိသည့် ဆိုလာစနစ်သုံး ရေသန့်စင်စက် တပ်ဆင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံပြီး ဆောင်ရွက်ပြီး ဂဝံလမ်းနှင့် ရေသန့်စင်စက်ကို ရေရှည် အသုံးပြုနိုင်ရေးအတွက် ကျေးရွာကော်မတီဝင်များက စနစ်တကျထိန်းသိမ်းနိုင်ရေး လုပ်ငန်းများလွှဲပြောင်းအပ်နှံပေးခဲ့သည်။

ကျောက်တံခါးမြို့နယ် သဲဝါကျေးရွာ၌ ဂဝံလမ်းခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းကို မြစိမ်းရောင် ကျေးရွာစီမံကိန်း အတိုးရရှိငွေမှ သုံးစွဲခွင့်ရှိသောငွေကျပ် ၉ ဒသမ ၈၈၅ သိန်း အသုံးပြုပြီး ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ဇန်နဝါရီ ၂၈ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးမှုကြောင့် သဲဝါကျေးရွာရှိ ပြည်သူများ သွားလာရေးအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ချိုလေး**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၂-၂-၂၀၂၄

**ဆန်**

| | | |
|---|---|---|
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ရွှေဝါယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |

**စားဆီ**

| | | |
|---|---|---|
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |

**စက်သုံးဆီ**

| | | |
|---|---|---|
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၄၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၆၉၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၈၁၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၉၂၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

**ဘိလပ်မြေ**

| | | |
|---|---|---|
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |

**သံချောင်း**

| | | |
|---|---|---|
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |

**အိမ်မိုးသွပ်**

| | | |
|---|---|---|
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# စွမ်းအင်အကျိုးရှိစွာသုံးစွဲရေး ရှေ့ပြေးစီမံကိန်းမိတ်ဆက်ခြင်းအခမ်းအနား ကျင်းပ





**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ အထူးရန်ပုံငွေ ၂၀၂၃ ဖြင့် ဆောင်ရွက်မည့် စားသောက်ကုန်ကဏ္ဍတွင် စွမ်းအင်အကျိုးရှိစွာသုံးစွဲရေး ရှေ့ပြေးစီမံကိန်းမိတ်ဆက်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ညှိနှိုင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ စွမ်းအင်နှင့် ဆက်စပ်သည့်အဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များ၊ စားသောက်ကုန်လုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များ၊ စားသောက်ကုန်လုပ်ငန်းရှင်များနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စားသောက်ကုန်ကဏ္ဍအတွက် စွမ်းအင်အကျိုးရှိစွာသုံးစွဲရေး ရှေ့ပြေးစီမံကိန်းသည် စားသောက်ကုန်လုပ်ငန်းဆိုင်ရာ စက်ရုံများတွင် စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းမှတစ်ဆင့် ထုတ်လုပ်မှုကုန်ကျစရိတ် သက်သာစေပြီး ကုန်ထုတ်စွမ်းအားကို မြှင့်တင်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲရေး (Energy Efficiency) လုပ်ငန်းစဉ်များကို အရေးပါသည့်ကိစ္စရပ်အဖြစ် သတ်မှတ်၍ လိုက်နာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သဘာဝအရင်းအမြစ်များသည် အကန့်အသတ်ဖြင့် တည်ရှိနေ၍ ရေရှည်သုံးစွဲနိုင်ရေးအတွက် စွမ်းအင်ကို အကျိုးရှိထိရောက်စွာသုံးစွဲနိုင်ရေး စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အမျိုးသားအဆင့် စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲရေးနှင့် ထိန်းသိမ်းရေး မူဝါဒအောက်တွင် စက်မှုကဏ္ဍ၊ အဆောက်အအုံကဏ္ဍ၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများ စွမ်းအင် စွမ်းဆောင်ရည်မြှင့်တင်ရေးကဏ္ဍနှင့် စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေး ဆိုင်ရာသင်တန်းများနှင့် အသိပညာပေးရေး အစီအစဉ်များကို အကောင်အထည်ဖော်ခြင်း စသည့်ကဏ္ဍ လေးရပ်ပါဝင်ကြောင်း၊ ယခု မဲခေါင်-လန်ချန်း အစီအစဉ်ဖြင့် ဆောင်ရွက်မည့် စားသောက်ကုန်ကဏ္ဍအတွက် စွမ်းအင်ကိုအကျိုးရှိစွာသုံးစွဲရေး ရှေ့ပြေးစီမံကိန်းလုပ်ငန်းများသည် စက်မှုကဏ္ဍနှင့်သက်ဆိုင်ကြောင်း၊ စက်မှုကဏ္ဍ၌ စွမ်းအင်သုံးစွဲမှုများသည် စက်ရုံ၊ အလုပ်ရုံများတွင် စွမ်းအင်စီမံခန့်ခွဲမှုစနစ် ကျင့်သုံးနိုင်ရန်နှင့် စွမ်းအင်မန်နေဂျာများ မွေးထုတ်ပေးနိုင်ရန် တွန်းအားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၏ သံမှူးကြီး ဒေါက်တာကျန်းကျိုဟုန်က မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ အထူးရန်ပုံငွေ ၂၀၂၃ ဖြင့်ဆောင်ရွက်မည့်လုပ်ငန်း အခြေအနေများကိုလည်းကောင်း၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုညှိနှိုင်းရေး အဖွဲ့ဒုတိယဥက္ကဋ္ဌက စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းပြောကြားကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အခမ်းအနားအစီအစဉ်အတိုင်းဆက်လက်ကျင်းပရာ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စားသောက်ကုန်လုပ်ငန်းကဏ္ဍတွင် စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေး ရှေ့ပြေးစီမံကိန်းနှင့်ပတ်သက်၍လည်းကောင်း၊ စွမ်းအင်ခြိုးခြံချွေတာရေးဌာန ညွှန်ကြားရေးမှူးက ရှေ့ပြေးစီမံကိန်းနှင့် ပတ်သက်၍ ဆောင်ရွက်မည့်အစီအစဉ်များကိုလည်းကောင်း၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏အကြံပေး ပုဂ္ဂိုလ်က စားသောက်ကုန်ကဏ္ဍတွင် စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေးနှင့် ပတ်သက်၍ ဆောင်ရွက်နေမှုများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

အဆိုပါ စားသောက်ကုန်ကဏ္ဍတွင် စွမ်းအင် အကျိုးရှိထိရောက်စွာသုံးစွဲရေး ရှေ့ပြေးစီမံကိန်းမိတ်ဆက်ခြင်းအခမ်းအနားကို နှစ်ရက်ကြာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကြီးကြပ်ရေးအဖွဲ့နှင့် ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့များ ညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း ကြီးကြပ်ရေးအဖွဲ့နှင့် ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့များ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လူမှုရေးရာဝန်ကြီးများ၊ ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့ဝင်များက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဦးစွာ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ကြီးဌာန အနေဖြင့်လည်း ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပြီး ကြီးကြပ်ရေးအဖွဲ့က ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့များကို နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးအတွက် ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ ဥပဒေပြဋ္ဌာန်းပြီး တစ်နှစ်အတွင်း ဖွင့်လှစ်ဆဲကျောင်းများအားလုံး ပြန်လည်မှတ်ပုံတင်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ကြီးကြပ်ရေးအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၁၆/၂၀၂၃၊ ၁၇/၂၀၂၃၊ ၁၈/၂၀၂၃ နှင့် ပုဂ္ဂလိကကျောင်းများ မှတ်ပုံတင်ခြင်းများဆိုင်ရာ ညွှန်ကြားချက်တို့ကို ထုတ်ပြန်ပေးခဲ့ပြီးဖြစ်ကြောင်း၊ နည်းဥပဒေများကို မပြဋ္ဌာန်းနိုင်သေးမီ ညွှန်ကြားချက်များဖြင့်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ဥပဒေ၏ထူးခြားချက်များမှာ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်စေရန်၊ မြန်မာ့ယဉ်ကျေးမှု မပျောက်ပျက်စေရန်၊ နိုင်ငံတကာ သင်ရိုးသင်ကျောင်းများတွင် မြန်မာစာ၊ မြန်မာ့သမိုင်းနှင့် မြန်မာ့ပထဝီဝင်ဘာသာရပ်များကိုပါ သင်ကြားပေးရမည်ဖြစ်ကြောင်း၊ တတ်မြောက်မှုကိုလည်း ပြန်လည်စစ်ဆေးသွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် နိုင်ငံတော်သီချင်းသီဆိုရေးနှင့် နိုင်ငံတော်အလံ အလေးပြုရေးတို့ကိုလည်း ကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားလိုကြောင်း၊ ကြီးကြပ်ရေးအဖွဲ့များအနေဖြင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့်ဆောင်ရွက်သွားကြရန်တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကြီးကြပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ပုဂ္ဂလိကပညာရေးဥပဒေအရ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့များက လုပ်ငန်းအဖွဲ့များ ဆက်လက်ဖွဲ့စည်းဆောင်ရွက်သွားရမည့်လုပ်ငန်းစဉ်များ၊ ဖွဲ့စည်းပုံနှင့် ကြီးကြပ်ရေးအဖွဲ့ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ကိစ္စ၊ ပုဂ္ဂလိကကျောင်း ဆရာမှတ်ပုံတင်လက်မှတ်ကိစ္စများနှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းက ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့များနှင့် လုပ်ငန်းအဖွဲ့များက လုပ်ဆောင်ရမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့မှ လူမှုရေးရာဝန်ကြီးများနှင့် တာဝန်ရှိသူများက ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို တင်ပြကြသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးသုတေသနဦးစီးဌာန သုတေသနစာတမ်းများဖိတ်ခေါ်**

မွေးမြူရေးသုတေသနဦးစီးဌာန (ရေဆင်း) နေပြည်တော်၌ ဒုတိယအကြိမ်မြောက် မွေးမြူရေးသုတေသနဆိုင်ရာ စာတမ်းဖတ်ပွဲကို မေ ၁ ရက်တွင် **"ဆန်းသစ်တီထွင်သုတေသနမှသည် အာဟာရပြည့်မီ စားရေရိက္ခာရေရှည်တည်တံ့ဖူလုံရေးဆီ"** ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်သည်။ ဈေးကွက်ဝင်တန်ဖိုးမြင့် မွေးမြူရေးထုတ်ကုန်ဆိုင်ရာများ၊ ရေရှည်တည်တံ့စေမည့် မွေးမြူထုတ်လုပ်ရေးနည်းစနစ်ဆိုင်ရာများ၊ တိရစ္ဆာန်အစာနှင့် အာဟာရဗေဒဆိုင်ရာများ၊ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာများ၊ မွေးမြူရေးအခြေပြု လူမှုစီးပွားရေးဆိုင်ရာနယ်ပယ်များမှ သုတေသနစာတမ်းများကို မတ် ၁ ရက်နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်နှိုးဆော်အပ်ပါသည်။

အသေးစိတ်ကို ဦးစီးဌာန၏ Website လိပ်စာ https://www.dlar.moali.gov.mm တွင်လည်းကောင်း၊ ဒေါက်တာဆောဘောမ် ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း၀၉ ၂၅၀၂၀၅၉၉၀၊ emailsawvetdlar@gmail.com သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

# UMFCCI ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ စက်မှုဇုန်ကော်မတီတာဝန်ခံများနှင့် ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် တွေ့ဆုံဆွေးနွေး




**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားဝန်ကြီး ဦးစောဂျက်ကော့ထူး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လမ်းမတော်မြို့နယ်ရှိ UMFCCI အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ညီနောင်အသင်းအဖွဲ့များမှ လုပ်ငန်းရှင်များနှင့်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ရန်ကင်းမြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်ကော်မတီများမှ တာဝန်ခံများနှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပြည်တွင်း၊ ပြည်ပမီဒီယာများတွင် မြန်မာနိုင်ငံရှိ အထည်ချုပ်လုပ်ငန်းအပါအဝင် စက်ရုံ၊အလုပ်ရုံများနှင့်ဆက်စပ်သော အလုပ်သမားရေးရာသတင်းများကို ယခုကာလအတွင်း ဖော်ပြနေခြင်းနှင့်ပတ်သက်၍ ဝန်ကြီးဌာနအနေဖြင့် သတင်းစောင့်ကြည့်ရေးအဖွဲ့ ဖွဲ့စည်းထားရှိပြီး အလုပ်သမားရေးရာသတင်းများကိုတွေ့ရှိပါက ပေါင်းစပ်အဖွဲ့များနှင့် သတင်းပါစက်ရုံ၊ အလုပ်ရုံများသို့ ချက်ချင်းသွားရောက်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရေးတို့အတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများနှင့် သုံးပွင့်ဆိုင်ပူးပေါင်း၍ ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းခွင်များတွင် လုပ်ကိုင်ဆောင်ရွက်နေကြသည့် အလုပ်ရှင်၊ အလုပ်သမားများ၏ တွေ့ကြုံခံစားနေရသည့် အခက်အခဲများ၊ အားနည်းချက်များကို သိရှိလိုကြောင်း၊ ဝန်ကြီးဌာနက ဆောင်ရွက်ပေးစေလိုသည်များကို တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက ဆွေးနွေးတင်ပြပေးစေလိုကြောင်းဖြင့် ပြောကြားသည်။

UMFCCI အသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များမှ အလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများ၊ စက်မှုဇုန်ကော်မတီအလိုက် တာဝန်ခံများက လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများနှင့် ဆောင်ရွက်ပေးစေလိုသည့်အချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ၂၀၂၄ ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် စတုတ္ထနေ့နှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော President Cup ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဝါသနာရှင်အဆင့်ပြိုင်ပွဲ၏ စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ ရန်ကုန်ဂေါက်ကွင်း(တည်းကုန်း)၌ ဆက်လက်ပြုလုပ်သည်။



ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမြင့်အောင်က ရန်ကုန်ဂေါက်ကွင်းသို့ အမှတ်တရဂုဏ်ပြုလက်ဆောင်ကိုပေးအပ်ရာ ရန်ကုန်ဂေါက်ကွင်းအမှုဆောင် ဦးစစ်တိုင်းအောင်က လက်ခံရယူသည်။

ထို့နောက် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဒေါ်မြင့်မြင့်သန်းက ဝါသနာရှင်အဆင့် အမျိုးသမီးပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၄၄ ချက်ဖြင့် ဒုတိယဆုရရှိသော ခိုင်ဇင်အောင်ကိုလည်းကောင်း၊ စုစုပေါင်းရိုက်ချက် ၂၃၁ ချက်ဖြင့် ပထမဆုရရှိသော ပြုံးပြုံးထွေးကိုလည်းကောင်း၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးလှမြင့်ရွှေက စုစုပေါင်းရိုက်ချက် ၁၅၆ ချက်ဖြင့် ဒုတိယဆုရရှိသော ဦးဆန်းမင်းကိုလည်းကောင်း၊ စုစုပေါင်းရိုက်ချက် ၁၅၃ ချက်ဖြင့် ပထမဆုရရှိသော ဦးကိုကိုအေးကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး ဝါသနာရှင်အဆင့် သက်ကြီးတန်းပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုများ ပေးအပ်ချီးမြှင့်ရာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် ဝါသနာရှင်အဆင့်သက်ကြီးတန်းအားကစားသမားများ ဆပ်ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ရွှေက စုစုပေါင်းရိုက်ချက် ၁၅၆ ချက်ဖြင့် ဒုတိယရရှိသည့် ဦးဆန်းမင်းကိုလည်းကောင်း၊ စုစုပေါင်းရိုက်ချက် ၁၅၃ ချက်ဖြင့် ပထမဆုရရှိသော ဦးကိုကိုအေးကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်နာယက ဦးဝင်းလှိုင်က ဝါသနာရှင်အဆင့်တွင် စုစုပေါင်းရိုက်ချက် ၂၉၇ ချက်ဖြင့် ဒုတိယဆုရရှိသည့် ဇော်ဇော်ထွန်းနှင့် စုစုပေါင်းရိုက်ချက် ၂၉၅ ချက်ဖြင့် ပထမရရှိသည့် ကျော်ကိုကိုချစ်တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် ဆုရရှိသူများက အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယခုပြိုင်ပွဲသို့ ဝါသနာရှင်အဆင့် အမျိုးသား၊ အမျိုးသမီး ၁၉၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ကော်မရှင်ရုံးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဦးထိန်လင်းအား အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဌေးသွင်အား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဦးမြဦးအား စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်ကတ်ပြား ထုတ်ယူခြင်းနှင့်ပတ်သက်သော သတင်းကြေညာချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

### တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်ကတ်ပြား ထုတ်ယူခြင်းနှင့်ပတ်သက်သော သတင်းကြေညာချက်

၁။ ၂၀၂၄ ခုနှစ် မတ် ၁၁ ရက်မှ ၁၉ ရက်ထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုခွင့်လျှောက်ထားကြသော ကျောင်းသား၊ ကျောင်းသူများသိရှိရန် အောက်ပါအတိုင်းကြေညာအပ်ပါသည်-

(က) တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စာစစ်ဌာနအသီးသီးတွင် ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့၏ဓာတ်ပုံကပ်ထားသည့် ခုံအမှတ်စဉ်ပါသော စာမေးပွဲဖြေဆိုခွင့်ကတ်ပြား (Identity Card) များကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက် အင်္ဂါနေ့မှစ၍ ထုတ်ယူကြရပါမည်။

(ခ) အခြေခံပညာအထက်တန်းကျောင်း၊ (ကျောင်းခွဲ)နှင့် (တွဲဖက်) အခြေခံပညာအထက်တန်းကျောင်း၊ ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့၏စာမေးပွဲဖြေဆိုခွင့်ကတ်ပြား (Identity Card) များကို မိမိတို့ကျောင်းအုပ်ကြီးများထံမှ ထုတ်ယူကြရပါမည်။

(ဂ) ပြင်ပမှဖြေဆိုသူများသည် စာမေးပွဲဖြေဆိုခွင့်ကတ်ပြား (Identity Card) များကို မိမိတို့ဖြေဆိုရမည့် စာစစ်ဌာနကြီးကြပ်ရေးမှူးများထံမှ ထုတ်ယူကြရပါမည်။

၂။ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြား (Identity Card) များ ထုတ်ယူရာတွင် အခက်အခဲရှိပါက သက်ဆိုင်ရာကျောင်းအုပ်ကြီးများ၊ စာစစ်ဌာနကြီးကြပ်ရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနထံ တိုက်ရိုက်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

# ချင်းပြည်နယ်ညွှန်ကြားရေးမှူးရုံးတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့် ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် တွေ့ဆုံအမှာစကားပြောကြား

**ဟားခါး ဖေဖော်ဝါရီ ၂၂**

ချင်းပြည်နယ် ဟားခါးမြို့တွင် ရောက်ရှိနေသော တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ချင်းပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိန်ထွန်းလှနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ဟားခါးမြို့ရှိချင်းပြည်နယ် အစိုးရအဖွဲ့ရုံး ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် ချင်းပြည်နယ်ညွှန်ကြားရေးမှူးရုံးတို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများနှင့်တွေ့ဆုံအမှာစကားပြောကြားသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများသည် တိုင်းရင်းသားလူမျိုးများရေးရာလုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာတွင် နိုင်ငံတော်မှပြဋ္ဌာန်းထားရှိသော ဥပဒေ၊နည်းဥပဒေများနှင့်အညီ စနစ်တကျမှန်ကန်စွာ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများဖြစ်သည်နှင့်အညီ နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန် ၆ ချက်၊ ကျင့်ဝတ်အပါး ၃၀ တို့ကိုလည်းလိုက်နာစောင့်ထိန်းရန်လိုအပ်ကြောင်း၊ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေများကိုလည်း ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ စနစ်တကျမှန်ကန်စွာသုံးစွဲရန်နှင့် အလေအလွင့်၊ ဆုံးရှုံးမှု၊ မသမာမှုများမရှိစေရေးနှင့် နိုင်ငံတော်၏ ဖြိုးခြဲ့ချွေတာရေးမူများကိုလည်း အထူးအလေးဂရုပြုလိုက်နာ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံလျက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့နှင့်အညီ နိုင်ငံသူနိုင်ငံသားများအားလုံး မျှော်လင့်တောင့်တနေသည့် တိုင်းပြည်သာယာဝပြောရေးကို ဖြစ်ပေါ်လာစေမည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းများတွင် ဝန်ထမ်းများအားလုံးက မိမိတို့ကျရာကဏ္ဍမှ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်ပြီး ချင်းပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိန်ထွန်းလှက ချင်းပြည်နယ်အတွင်း တိုင်းရင်းသားရေးရာကိစ္စရပ်များ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးတင်ပြကာ ဝန်ထမ်းများက လိုအပ်ချက်နှင့်အခက်အခဲများကို တင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများသက်သာချောင်ချိရေးအတွက် ချင်းပြည်နယ်ညွှန်ကြားရေးမှူးရုံးဝန်ထမ်းများထံ ထောက်ပံ့ငွေနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အကြိမ်(၃၀)မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

(၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အကြိမ်(၃၀)မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ(ခ) အဆင့်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ဆက်လက်ကျင်းပသည်။





တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်ထွန်းမြတ်ရွှေ အကြိမ်(၃၀)မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

ယနေ့နံနက်ပိုင်းပွဲစဉ်အဖြစ် (ခ)အဆင့်ပြိုင်ပွဲတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၂)စစ်တီးဝိုင်းအသင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၂)စစ်တီးဝိုင်းအသင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၂)စစ်တီးဝိုင်းအသင်း၊





အကြိမ်(၃၀)မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို တွေ့ရစဉ်။

တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၂)စစ်တီးဝိုင်းအသင်းနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၂)စစ်တီးဝိုင်းအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့ပြင် ညနေပိုင်းတွင် (ခ)အဆင့်ပြိုင်ပွဲများဆက်လက်ကျင်းပရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်ထွန်းမြတ်ရွှေ၊ တပ်မတော်အရာရှိကြီးများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤





**မွန်ပြည်နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများနှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များ ဂန္ဓကုဋိ၊ မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဗုဒ္ဓဥယျာဉ်တော်ပုံစံငယ်ပြသထားမှုနှင့် အခြားသာသနိကအဆောက်အအုံများကို ဖူးမြော်လေ့လာကြည့်ရှုစဉ်။**

**⊞ ရှေ့ဖုံးမှအဆက်**

တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ကျောက်စာရုံစေတီများ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများနှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များသည် ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ်ရှင်းလင်း ပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများ ပြောကြားကြပြီး ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ်ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဘုရားဖူး အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများနှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိ၊ မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော် ပုံစံငယ်ပြသထားမှု၊ မှတ်တမ်းဓာတ်ပုံများ၊ အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီများနှင့် အခြားသာသနိကအဆောက်အအုံများကို ဖူးမြော်လေ့လာကြည်ညိုခဲ့ကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများလည်း လာရောက် ဖူးမြော်ကြည်ညိုလျက်ရှိသည်။

ယနေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ခဲ့ကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများနှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များ၏ ရင်တွင်းစကားသံများကို ယခုလိုကြားသိခဲ့ရပါသည်-

"အဘကတော့ မွန်ပြည်နယ်အစိုးရရဲ့ စီစဉ်ပေးမှုနဲ့ မွန်ပြည်နယ်နိုင်ငံ့ဝန်ထမ်းအငြိမ်းစားအဖွဲ့နဲ့ ပါလာတဲ့ ဗုဒ္ဓဘာသာဝင်တစ်ယောက်ပါ။ နေပြည်တော်မှာရှိတဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်ကြီးကို လာရောက်ဖူးမြော်ရတာရင်ထဲမှာ အတိုင်းမသိအလွန်ကြည်နူးပီတိဖြစ်ရပါတယ်။ အရင်တုန်းက ဒီဘုရားကြီး စပြီးစကျင်ကျောက်တည်ခဲ့တာတွေကအစ အဆင့်ဆင့်ဌာပနာသွင်းတာ၊ ဘုရားအနေကဇာတင်တာ အကုန်လုံးကို မြဝတီရုပ်သံမှာ ညစဉ်မပြတ် သတင်းမှာ အမြဲကြည့်ရှုခဲ့ရပါတယ်။ ဒါပေမဲ့ ဖန်သားပြင်ပေါ်ကနေ ဖူးမြော်ခွင့်ရတာပေါ့။ အခုလို နိုင်ငံတော်အကြီးအကဲရဲ့ အစီအစဉ်နဲ့ မွန်ပြည်နယ်အစိုးရအဖွဲ့ အစီအစဉ်နဲ့



အခုလို နိုင်ငံ့ဝန်ထမ်းအငြိမ်းစားတွေကို ကုသိုလ်ပွားများနိုင်ဖို့ ဦးဆောင်ပေးခဲ့ရတဲ့ မွန်ပြည်နယ် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားအဖွဲ့များရဲ့ကိုယ်စား အထူးကျေးဇူးတင်ရှိပါတယ်။ အထူးဝမ်းသာ ပီတိဖြစ်မိတယ်ဆိုတဲ့အကြောင်း ပထမတင်ပြလိုပါတယ်။ ဒုတိယအချက်ကတော့ ပိုပြီးပီတိဝမ်းသာအံ့မခန်းဖြစ်ရတာကတော့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကကမ္ဘာမှာဉာဏ်တော်အမြင့်ဆုံးဖြစ်တာနဲ့အညီ တစ်ချိန်တည်းတစ်ပြိုင်ထဲမှာ ၇၆ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးမှာ ၁၆ ပါးမြောက်အဖြစ်နဲ့ သာသနာ့အာဇာနည် မြင်းမူမြို့နယ်က သာသနာ့အာဇာနည် ဦးပညာသီရိလင်္ကာရက ထေရဝါဒနိုင်ငံမှာ တိပိဋကဓရ တိပိဋကကောဝိဒ ၁၆ ပါးမြောက် ပေါ်ထွန်းခဲ့တာနဲ့ လာပြီးဆုံတဲ့အတွက် ပိုပြီးတော့ပီတိဖြစ်ရတယ်ဆိုတဲ့အကြောင်း တင်ပြချင်ပါတယ်။ အဘတို့လိုပဲ ကျန်ရှိနေသေးတဲ့ နိုင်ငံ့ဝန်ထမ်းတွေ၊ အဖွဲ့အစည်းတွေလည်း ဒီမာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို အချိန်မရွေး လာရောက်ဖူးမြော်ကြပါလို့ လိုက်လိုက်လဲ့လဲ့နဲ့ နိဗ္ဗာန်ကိုအကျိုးမျှော်ပြီး ဖိတ်ခေါ်လိုပါတယ်။"

"ဘုရားကြီးကိုရော ဂန္ဓကုဋိတိုက်ကိုပါ ပေါ့နော် အစုံပဲဖူးမြော်ခွင့်ရပါတယ်။ ကိုယ့်အစီအစဉ်နဲ့ ကိုယ်ဆိုရင်တော့ ဒီလောက်စုံမှာမဟုတ်ဘူး အခုလိုဖူးမြော်ရတာကတော့ သာသနာအတွက် လက်ရှိ



ဒီအချိန်မှာ ဒီလိုတည်ဆောက်နိုင်တဲ့အတွက် ဂုဏ်ယူဝမ်းမြောက်ပါတယ်။ ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ အများကြီးဂုဏ်ယူပါတယ်။"

"ဘုရားပေါ်ရောက်တာနဲ့ ရင်ထဲမှာ အေးချမ်းပြီးတော့ စကျင်ကျောက်တွေဖြစ်တဲ့အတွက် စိတ်ထဲလည်းအေးချမ်းတယ်။ စိတ်ချမ်းသာမှုလည်းရရှိပါတယ်။ အဲဒီကနေပြီးတော့ အစ်မတို့က ဒီ ၂၄ ပစ္စည်းနဲ့ ပေါ့နော် ပြုလုပ်ထားတဲ့ ပိဋကတ်တိုက်တော်တွေကိုလည်း သွားရောက်ဖူးတွေ့ရတယ်။ ၇၀၀ ကျော်ရှိတဲ့ ကျောက်စာတွေကို အစ်မတို့ကလာရောက်ပြီးတော့ လေ့လာဖူးတွေ့ရတယ်။ ဒီကနေကြည့်လိုက်ရင် တန်းစီပြီးတော့ ညီညီညာညာနဲ့ တည်ထားတာကိုတွေ့ရမယ်။ ဘယ်နေရာကနေ ကြည့်ကြည့် တစ်ဖြောင့်တည်းတန်းစီနေတဲ့အတွက် ဝင်ရောက်ပြီး လေ့လာရတဲ့အခါမှာကြည်နူးရတယ်။ ဒီကျောက်စာရုံစေတီတွေကြားထဲကနေလည်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဖူးတွေ့နိုင်သလို ဘယ်နေရာကနေပဲ ကြည့်လိုက်ကြည့်လိုက် အေးချမ်းပြီးတော့ ထင်ထင်ရှားရှားနဲ့



ဖူးတွေ့ရတယ်။ အစ်မတို့ အခုဖူးတွေ့ရတာဆိုရင် ကုသိုလ်ကံထူးလို့ဖြစ်ပါတယ်။ အရမ်းလည်း စိတ်ကြည်နူးရပါတယ်။ အေးချမ်းမှုလည်းရတယ်။ မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်မှာရှိတဲ့ ပြည်သူတွေအနေနဲ့လည်း အခုလိုထူးခြားပြီး ကမ္ဘာမှာရှိတဲ့ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်တွေအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တဲ့ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို လာရောက်ဖူးမြော်ကြပါလို့ စိတ်အားထက်သန်စွာဖြင့် ဖိတ်ခေါ်အပ်ပါတယ်။ အခုလိုစိတ်အေးချမ်းသာစွာ ဖူးမြော်ခွင့်ရအောင်စီစဉ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနှင့် တာဝန်ရှိပုဂ္ဂိုလ်များအားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း ပြောလိုပါတယ်။"

**☆ ကျောဖုံးမှအဆက်**

ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များမှ ပေးပို့လှူဒါန်းသည့် ငါးနီတူခြောက်ကြော်အထုပ် ၆၆၂၀၊ ငါးပိကြော်အထုပ် ၅၄၅၀ နှင့် ငံပြာရည်ကြော်အထုပ် ၄၀၀ တို့ကို ပုသိမ်မြို့မှတစ်ဆင့် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ တပ်မတော်လေယာဉ်ဖြင့် ပို့ဆောင်ပေးပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၏လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ



**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Aung Gabar Motor Services Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BAIC ARCFOX αT အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ တရုတ်နိုင်ငံထုတ် BAIC ARCFOX αS အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ တရုတ်နိုင်ငံထုတ် BAIC BEIJING EU5 Plus အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Auto Top Power Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Faw Toyota bZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် N.P.K Motors Co.,Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Leapmotor, T03 (Luxury) အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ တရုတ်နိုင်ငံထုတ် Leapmotor, C11 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်




မြစ်ကြီးနားမြို့ ပေါ်ရှိ သံဃာတော် များအား မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်လှည့်ဆေး ကုသရေးအဖွဲ့က ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ ဝေဠုဝန်ကျောင်းတိုက်၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ သံဃာတော်အပါး ၄၀ တို့ကို လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်း၊ ဓာတ်မှန်ရိုက်ပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်း ရရှိသည်။

➤ ➤ ➤

# မြောင်းမြမြို့ရှိ သက်ဆိုင်ရာဌာနများမှ အစိုးရဝန်ထမ်းများ စစ်မှုထမ်းဥပဒေအရ ဌာနတစ်ခုလျှင် ဝန်ထမ်းနှစ်ဦးစီ စစ်မှုထမ်းရမည်ဖြစ်ကြောင်း ကောလာဟလ သတင်းမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ရှိ သက်ဆိုင်ရာဌာနများမှ အစိုးရဝန်ထမ်းများကို စစ်မှုထမ်းဥပဒေအရ ဌာနတစ်ခုလျှင် ဝန်ထမ်းနှစ်ဦးစီ စစ်မှုထမ်းရန်အတွက် ဖေဖော်ဝါရီ ၂၀ ရက်တွင် စတင်စာရင်းပေးရမည်ဖြစ်ကြောင်း ကောလာဟလ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာအချို့က အများပြည်သူ အထင်အမြင်လွဲမှားဖွယ် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ထိုသို့ တရားမဝင်ပြည်ဖျက်မီဒီယာအချို့က ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်ပြီး လူငယ်လူရွယ်များနှင့် မိဘပြည်သူများအပြင် နိုင်ငံ့ဝန်ထမ်းများကိုပါ စိုးရိမ်ထိတ်လန့်စေရန်အတွက် လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် ကောလာဟလသတင်းမှားများ၊ လုပ်ကြံဝါဒဖြန့်သတင်းများကို ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေလျက်ရှိသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းဥပဒေ၏ ပြဋ္ဌာန်းချက်များသည် မြို့နယ်တစ်ခု၊ ကျေးရွာတစ်ရွာစသည့် တစ်ဦးတစ်ယောက် တစ်မြို့တည်းကိုသာ သက်ရောက်မှုရှိခြင်း မဟုတ်ဘဲ တစ်နိုင်ငံလုံးရှိ မြို့ရွာများမှ အကျုံးဝင်သူအားလုံးနှင့် သက်ဆိုင်သော ဥပဒေပြဋ္ဌာန်းချက် ဖြစ်သည့်အတွက် ကောလာဟလသတင်းများကို ပြည်သူများ စိုးရိမ်ထိတ်လန့်မှုမရှိစေရန်နှင့် သိရှိနားလည်စေရန်အတွက်လည်း ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်းနှင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို နိုင်ငံပိုင်မီဒီယာများက တစ်ဆင့်ထုတ်ပြန်ကြေညာလျက်ရှိကြောင်း သတင်း ရရှိသည်။




# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများက တစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဖေဖော်ဝါရီ ၂၀ ရက်တွင် အသိပေး ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Pelenda" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက်နေ ဗလင်ဒါ(ခ) အိအိထွန်းအားနံနက် ၁၀ နာရီ ၅မိနစ်တွင်လည်းကောင်း၊ "ကျော်ရဲနိုင်" Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် သစ်ယာကုန်းကျေးရွာနေ ကျော်ရဲနိုင်အား ညနေ ၃ နာရီ မိနစ်၂၀ တွင်လည်းကောင်းသက်ဆိုင်ရာရဲစခန်းများ၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

# ကောလင်းမြို့တွင်း ဝင်ရောက်နေရာယူထားသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မြို့ပေါ်နှင့်ကျေးရွာများကို မီးရှို့ရန် ညွှန်ကြားထားသော အသံဖိုင်ထွက်ပေါ်နေကြောင်း သတင်းတု၊ သတင်းမှားများကို လှုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ပေါ်သို့ ဝင်ရောက်တပ်စွဲနေရာယူထားသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကောလင်းမြို့ရှိ ကျေးရွာများကိုမီးရှို့ရန်စေခိုင်းသည့် အသံဖိုင်တစ်ခု ထွက်ပေါ်လာကြောင်း၊ အဆိုပါအသံဖိုင်တွင် ဆေးမင်းခုံကျေးရွာကို မီးရှို့ရန် လုံခြုံရေးတပ်ဖွဲ့ဝင်အရာရှိတစ်ဦးက ဆက်သွယ်ရေးစကားပြောစက်ဖြင့် အမိန့်ပေးစေခိုင်းသည့်ပုံစံမျိုး ထင်ယောင်ထင်မှားဖြစ်စေရန် လုပ်ကြံထားသည့် အသံဖိုင်တစ်ခုကို တရားမဝင်ပြည်ဖျက်မီဒီယာအချို့က ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ဝါဒ ဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ ကောလင်းမြို့မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၎င်းအသံဖိုင်သည် ပြည်သူများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် လုပ်ကြံဖန်တီးထားသည့် အသံဖိုင်သာဖြစ်ကြောင်း၊ KIA နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ကောလင်းမြို့တွင်းမှ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီးနောက် ကောလင်းမြို့တွင်း၌ မိုင်းရှင်းလင်းခြင်း လုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လုပ်ဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို လက်နက်ကြီးများဖြင့် ရမ်းသန်းပစ်ခတ်ခြင်း၊ ကျေးရွာများအတွင်းသို့ ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်ခြင်းများကြောင့် ဒေသခံပြည်သူများ၏ နေအိမ်များ မီးလောင်ပျက်စီးခဲ့ရကြောင်းနှင့် ပြည်သူအချို့ ထိခိုက်သေဆုံးခဲ့ရကြောင်း သတင်း ရရှိသည်။

## သဇင်(FM) အသံလွှင့်အစီအစဉ်

၂၃-၂-၂၀၂၄ (သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ဝ၈:ဝဝ | နှလုံးသားဝယ် ဘုရားတည်။ |
| ၂။ | ၁၂:၁၅ | Special Music Time |
| ၃။ | ၁၅:ဝဝ | တော်ဝင်ပန်းလေးသဇင် |
| ၄။ | ၁၇:ဝဝ | ထူးခြားထင်ရှား ကမ္ဘာတစ်လွှား |
| ၅။ | ၂၁:၂၀ | မြန်မာသံစဉ်(ကာလပေါ်) |

# အိန္ဒိယနိုင်ငံ ဘင်ဂါလူရုဒေသတွင် သောက်သုံးရေရှားပါးမှု အရေးပေါ်အခြေအနေသို့ရောက်ရှိ



**နယူးဒေလီ ဖေဖော်ဝါရီ ၂၂**

အိန္ဒိယနိုင်ငံ ကာနာတာကာပြည်နယ် ဘင်ဂါလူရုဒေသတွင် မိုးခေါင်သည့် ပြဿနာကြောင့် သောက်သုံးရေရှားပါးမှု အရေးပေါ်အခြေအနေသို့ ရောက်ရှိနေကြောင်း ကာနာတာကာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဘင်ဂါလူရုဒေသ၌ နွေကာလမရောက်မီမှာပင် သောက်သုံးရေရှားပါးသည့်ပြဿနာဖြင့် ရင်ဆိုင်နေရခြင်းဖြစ်သည့်အတွက် နွေကာလရောက်လျှင် အခြေအနေပိုမိုဆိုးရွားလာနိုင်ဖွယ်ရှိနေပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေး လုပ်ငန်းများအတွက်သာမက ဒေသခံများအတွက်လည်း သောက်သုံးရေအလုံအလောက်ရရှိနိုင်ရေးပင် အခက်တွေ့လာနိုင်ကြောင်း သိရသည်။

ဘင်ဂါလူရုဒေသရှိ စီလီကွန်ချိုင့်ဝှမ်းတွင်နေထိုင်သည့် ဒေသခံအများစုမှာ သောက်သုံးရေရှားမှုဖြင့် အဓိက ရင်ဆိုင်နေရခြင်းဖြစ်ပြီး သောက်သုံးရေဝယ်ယူရာတွင်လည်း ဈေးနှုန်းမှာ ယခင်ထက် မြင့်တက်လာကြောင်း၊ ဘင်ဂါလူရုဒေသအနီးရှိ ကျေးလက်ဒေသများ၌ နေထိုင်သောဒေသခံများမှာလည်း သောက်သုံးရေအတွက် အားထားနေရသည့် ရေတွင်း၊ ရေကန်များတွင် ရေခန်းခြောက်လာသဖြင့် သောက်သုံးရေခက်ခဲသည့် ပြဿနာများဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။

သောက်သုံးရေ ရှားပါးလာသည့်အတွက် ဘင်ဂါလူရုဒေသ၌ သောက်သုံးရေဝယ်ယူရာတွင် ရေလီတာ ၁၂၀၀၀ ဝင်ဆံ့သည့် Tank တစ်လုံးအတွက် ကျသင့်ငွေမှာ ရူပီး ၂၀၀၀ ထိရှိကြောင်း၊ ပြီးခဲ့သည့် ဇန်နဝါရီလက ရေလီတာ ၁၂၀၀၀ ဝင်ဆံ့သည့် Tank တစ်လုံးအတွက် ကျသင့်ငွေမှာ ရူပီး ၁၂၀၀ သာရှိခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : Sai Sat**

# မက္ကဆီကိုနိုင်ငံရှိ ပိုပိုကာတယ်ပက်လ်မီးတောင်အတွင်းမှ မီးခိုးနှင့်ပြာမှုန့်များ ထွက်ပေါ်နေ

**မက္ကဆီကိုစီးတီး ဖေဖော်ဝါရီ ၂၂**

မက္ကဆီကိုနိုင်ငံ အလယ်ပိုင်း ပွယ်ဘလာပြည်နယ်၊ မိုရီလို့စ်ပြည်နယ်နှင့် မက်ဆီကိုပြည်နယ်တို့ကြားတွင် တည်ရှိသည့် ပိုပိုကာတယ်ပက်လ်မီးတောင်သည် ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲပိုင်းက မီးတောင်အတွင်းမှ မီးခိုးနှင့်ပြာမှုန့်များထွက်ပေါ်ပျံ့နှံ့မှု ဖြစ်ပေါ်နေကြောင်း မက္ကဆီကိုနိုင်ငံ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ပိုပိုကာတယ်ပက်လ်မီးတောင်သည် မက္ကဆီကိုနိုင်ငံရှိ မီးတောင်များအနက် သက်ဝင်လှုပ်ရှားမှုနှုန်း အမြင့်ဆုံးသော မီးတောင်ဖြစ်ပြီး နှစ်စဉ်နှစ်တိုင်း အကြိမ်ပေါင်းများစွာ မီးတောင်အတွင်းမှ မီးခိုးငွေ့များထွက်ပေါ်မှု ဖြစ်ပွားလေ့ရှိကြောင်း၊ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဖေဖော်ဝါရီ ၂၁ ရက်ထိ မီးတောင်အတွင်းမှ အကြိမ်ပေါင်းများစွာ မီးခိုးငွေ့များထွက်ပေါ်မှုဖြစ်ပေါ်ခဲ့ပြီး မီးတောင်အတွင်း သက်ဝင်လှုပ်ရှားမှုနှုန်း မြင့်တက်နေသည့်လက္ခဏာ ပြသလျက်ရှိကြောင်း သိရသည်။

"ပိုပိုကာတယ်ပက်လ်မီးတောင်ဟာ ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲပိုင်းမှာ မီးတောင်အတွင်းကနေ မီးခိုးနဲ့ ပြာမှုန့်တွေ ထွက်ပေါ်ပျံ့နှံ့ခဲ့ပါတယ်။ မီးတောင်အတွင်း သက်ဝင်လှုပ်ရှားမှုနှုန်းမြင့်တက်နေတဲ့လက္ခဏာဖြစ်ပါတယ်။ မီးတောင်အန္တရာယ် အဝါရောင်အဆင့်အဖြစ် သတ်မှတ်ထားပါတယ်။ အနီးဝန်းကျင်မှာရှိတဲ့ ဒေသခံတွေအနေနဲ့ မီးတောင်အန္တရာယ်နဲ့ပတ်သက်ပြီး နိုင်ငံပိုင်သတင်းဌာနက ထုတ်ပြန်ကြေညာချက်တွေကို သတိထားစောင့်ကြည့်သွားဖို့ တိုက်တွန်းအပ်ပါတယ်"ဟု မက္ကဆီကိုနိုင်ငံ အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။



ပိုပိုကာတယ်ပက်လ်မီးတောင်သည် မက္ကဆီကိုနိုင်ငံအတွက် အန္တရာယ်အရှိဆုံးသော မီးတောင်အဖြစ်လည်း သတ်မှတ်ခံထားရကြောင်း၊ ဖေဖော်ဝါရီ ၂၁ ရက်က မီးတောင်အတွင်းမှ မီးခိုးနှင့်ပြာမှုန့်များ ထွက်ပေါ်ပျံ့နှံ့နေခြင်းကြောင့် မက္ကဆီကိုနိုင်ငံ အာဏာပိုင်အဖွဲ့အစည်းက အနီးဝန်းကျင်ရှိ ဒေသများကို မီးတောင်အန္တရာယ်သတိပေးချက် ထုတ်ပြန်ထားသကဲ့သို့ မီးခိုးနှင့် ပြာမှုန့်များကြောင့် လေထုညစ်ညမ်းမှု ဖြစ်ပေါ်လာနိုင်ကြောင်းလည်း သတိပေးချက်ထုတ်ပြန်ခဲ့သည်။

**Ref : Russia Today**

**Trs : Sai Sat**

# ဒိန်းမတ်နိုင်ငံတွင် ကာဗွန်ထုတ်လွှတ်မှု အခွန်ကောက်ခံမည့်စီမံချက်ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍမှ ထုတ်လုပ်မှုနှုန်းလျော့ကျနိုင်

**ကိုပင်ဟေဂင် ဖေဖော်ဝါရီ ၂၂**

ဒိန်းမတ်နိုင်ငံတွင် ကာဗွန်ထုတ်လွှတ်မှု အခွန်ကောက်ခံသွားမည့်စီမံချက်ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတို့မှ အခွန်ပမာဏ လျှော့ချနိုင်ရေးအတွက် ထုတ်လုပ်မှုကို လျှော့ချလာနိုင်သဖြင့် ထုတ်လုပ်မှုနှုန်း လျော့ကျသွားနိုင်ကြောင်း ဒိန်းမတ် အသားနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်သူများအသင်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အချို့တောင်သူများမှာ ကာဗွန်အခွန် မဆောင်နိုင်သည့်အတွက် စိုက်ပျိုးရေး လုပ်ငန်းများကိုပင် ရပ်ဆိုင်းသွားသည့်အခြေအနေထိ ရောက်သွားနိုင်ကြောင်း အသားနှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်သူများအသင်းက သုံးသပ်ခဲ့သည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများတွင် ကာဗွန်ထုတ်လွှတ်မှုအခွန်ကောက်ခံမည့် ဥပဒေပြဋ္ဌာန်းမှုသည် ဒိန်းမတ်နိုင်ငံ၏ ၂၀၃၀ ပြည့်နှစ် အရောက်တွင် ၁၉၉၀ ပြည့်နှစ်က ကာဗွန်ထုတ်လွှတ်မှုပမာဏသို့ပြန်လည်ကျဆင်းသွားစေရေးအတွက် အဓိက ဆောင်ရွက်ချက် ဖြစ်လာနိုင်သော်လည်း ဒိန်းမတ်နိုင်ငံ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို လက်ရှိပမာဏအောက် ငါးပုံတစ်ပုံခန့်ထိ ကျဆင်းသွားဖွယ်ရှိနေကြောင်း၊ ကာဗွန်ထုတ်လွှတ်မှု အခွန် ကောက်ခံသွားမည့်အစား ကာဗွန်ထုတ်လွှတ်မှု လျော့ကျစေရေးအတွက် အဆင့်မြင့်နည်းပညာများ တီထွင်ဖန်တီးခြင်းက ပိုမိုထိရောက်မှုရှိစေမည်ဖြစ်ကြောင်း အသားနှင့် နို့ထွက်ပစ္စည်းများကို ပြည်ပသို့ အများဆုံးတင်ပို့ရောင်းချနေသည့် Arla Foods ကုမ္ပဏီ၏ အမှုဆောင်ချုပ် ပီတာတူးဘော့က ပြောကြားခဲ့သည်။

ဒိန်းမတ်နိုင်ငံ၊ ဆွီဒင်နိုင်ငံ၊ အင်္ဂလန်နိုင်ငံ၊ ဂျာမနီနိုင်ငံတို့တွင် ရှိသည့် Arla Foodsကုမ္ပဏီဖြင့် လက်တွဲ အလုပ်လုပ်ကိုင်နေသော စိုက်ပျိုးရေးနှင့် မွေးမြူရေးသမားများသည် ကာဗွန်ထုတ်လွှတ်မှုထိန်းချုပ်ရေးနည်းပညာကို အသုံးပြုလျက်ရှိရာ ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်အတွင်း ကာဗွန်ပမာဏတန်ချိန်တစ်သန်းထိ လျှော့ချနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : Sai Sat**

## ငလျင်လှုပ်နေစဉ်တွင်လိုက်နာရန်အချက်များ

၁။ ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

၂။ (၅) စက္ကန့် အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါကပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာတွင် (ဝပ် ကာ ကိုင်)ပုံစံဖြင့်နေပါ။



ဝပ် = ဘေးအန္တရာယ်ကင်းသော နေရာတွင် ဝပ်နေပါ။

ကာ = ခိုင်ခံ့သော စားပွဲ၊ခုံ၊ခုတင်အောက်တွင် မိမိကိုယ်ကို အကာအကွယ်ယူပါ။


ကိုင် = ခိုင်ခံ့သော စားပွဲ၊ ခုံ၊ ခုတင်များကို မြဲမြဲစွာကိုင်ထားပါ။

၃။ လယ်ကွင်း၊ကွင်းပြင်(သို့) ဘေးကင်းရာ ( မြင့်မားသောအဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ဓါတ်တိုင်များ၊သစ်ပင်များ ပြိုကျနိုင်သောအရာများနှင့် ဝေးရာ) သို့ပြေးပါ။



## မီးမလောင်စေရန်ရှောင်ရှားသင့်သည့်အချက်များ

၁။ မီးလောင်လွယ်သည့် ပစ္စည်းများကို အိမ်တွင်းနှင့်အနီးတစ်ဝိုက်တွင် သိုလှောင်ထားခြင်းမပြုရ။






၂။ ကလေးများ၊ စိတ်ကျန်းမာရေးချို့ယွင်းသူများ၊ အိုမင်း မစွမ်းသူများကို မီးခြစ်၊ဖယောင်းတိုင်ကဲ့သို့ မီးလောင်မှု ဖြစ်ပေါ်စေနိုင်သော ပစ္စည်းများ အသုံးမပြုစေရ။

၃။ ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ အမွှေးတိုင်တို့ကို အောက်ခံခွက် (အပူခံခွက်) မပါဘဲ အသုံးမပြုရ။



၄။ ဖယောင်းတိုင်၊မီးခွက်တို့ကို အိပ်ရာ ၊ ခြင်ထောင်၊ နံရံစသည့် မီးလောင်လွယ်သည့်နေရာများနှင့် နီးကပ်စွာ မထွန်းရ။





၅။ နေ့လယ်ခင်း အပူချိန်မြင့်တက်ချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီထည့်ခြင်း၊ ဖလှယ်ခြင်း မပြုရ။



# မေတ္တာဆန်ရေ

ချမ်းတောင်လက်ပြင်ဒါမြမ်း

(၁)

သူများတကာ အဖေဟု ခေါ်စရာရှိသော်လည်း မျိုးဝင်းဇော်၏ဘဝမှာ ခေါ်စရာ အဖေမရှိပါ။ အဖေဆိုသည်မှာ မျိုးဝင်းဇော်အတွက် လိုအပ်သည် မလိုအပ်သည်ကို ကောင်းစွာမစဉ်းစားတတ်သေးပေ။ သူလည်း အများသူငါကဲ့သို့ အဖေခေါ်စရာလူရှိချင်သည်။

"အမေ ကျွန်တော့်အဖေနာမည်က ဘယ်သူလဲ အမေ"

သူ့အမေက သူ့ကို မျက်စောင်းနှင့် ကြည့်နေသည်။ မျိုးဇော်ဝင်းအမေက အဖေဆိုသည့်စကားကို ကြားရသည်မှာ နားခါးဟန်ရှိသည်။ အဖေဆိုသည့်အရာကို မတွေ့လို၊ မမြင်လိုခြင်းမှာ အဘယ်အကြောင်းကြောင့်ဖြစ်သည်ကို သူ မသိပါ။ သူ့အမေနှင့် သူ့အဖေသည် အကြောင်းတစ်ခုခုကြောင့်သာ ကွဲနေကြခြင်း ဖြစ်မည်ထင်သည်။

"အမေ အဖေ့နာမည်က ဘယ်သူလဲလို့"

"ဒီမှာသား အခုထမင်းရှာကျွေးနေတာ အဖေလား၊ အမေလား"

"အမေ ရှာကျွေးနေတာလေ"

"ဒါဆို သားအဖေနာမည်ကို မသိချင်နဲ့။ သိရင်လဲ ဘာလုပ်မှာလဲ။ သားအဖေက သားနဲ့အမေကို မချစ်လို့ ပစ်ထားခဲ့တာပဲ။ တမ်းတနေစရာမလိုဘူး သား"

သူ့အမေ၏ ဝေါက်ငမ်းသံများကြားထဲ သူ့အဖေနာမည် သိချင်စိတ်ကို ချုပ်ထိန်းထားရသည်။ ထိုစဉ်က သူ့အသက်သည် ခုနစ်နှစ်သာရှိသေးသည်။

(၂)

"ရှင် ဒီအရည်တွေ သောက်လာပြန်ပြီလား"

"သောက်တော့ ဘာဖြစ်ချင်လဲကွာ ပြောစမ်း"

"ဘာဖြစ်ချင်ရမလဲရှင့်။ ကျွန်မမှာက ကလေးက တစ်ဖက်၊ အိမ်အလုပ်က တစ်ဖက်နဲ့ တစ်နေ့တစ်နေ့ အားတယ်ဆိုတာကို မရှိဘူး။ ရှင်ကတော့ အပြင်မှာ ဖြစ်ချင်တိုင်း ဖြစ်နေတာ။ မိစံတို့ဘဝများ အံ့ဩတယ် ဟော့။ ဘယ်လို ယောကျ်ားမျိုးနဲ့ ရေစက်ဘဝရေစက်များကြောင့် လင်တော်ခဲ့ရလဲ မသိပါဘူး"

"မင်း ဘာစကားပြောတာလဲ။ ငါ့ ဟာငါ သောက်ချင် သောက်မယ်။ ပြန်ချင်တဲ့အချိန်ပြန်လာမယ်။ ငါရှာကျွေးတာ အေးအေးဆေးဆေးထိုင်စားနေ။ လျှာမရှည်နဲ့"

ဦးတင်ဦးသည် သူ့မိန်းမအပေါ် ဆက်ဆံရေး ယခင်အချိန်ကကဲ့သို့ နူးညံ့ခြင်း မရှိသည်မှာ ကြာခဲ့ပြီဖြစ်သည်။ ယခင်က ဦးတင်ဦး၏ ဆက်ဆံရေးသည် ထိုကဲ့သို့ မဟုတ်ပါ။

ဆင်းရဲခဲ့စဉ်က ဒိုးတူပေါင်ဖက်လုပ်ကိုင်စားခဲ့သော်လည်း အဆင်ပြေလာသည့်အခါမှာ ဦးတင်ဦးက ဖောက်လာသည်။ ဦးတင်ဦးသည် အရက်ဆိုင်က အရက်ရောင်းသည့် မိန်းကလေးနှင့်လည်း ဘာလိုလို သတင်းများထွက်နေသေးသည်။

"မနေ့က နေကြာဆီရောင်းရတဲ့ငွေလဲ ကျွန်မကို မပေးဘူး။ ငွေက နည်းနည်းလေးမဟုတ်ဘူးနော်။ အဲဒီငွေတွေ ဘယ်ရောက်သွားတာလဲ"

"ငါ့ငွေနဲ့ငါ ဘယ်ရောက်ရောက်ပေါ့ကွာ။ မင်းနဲ့ ဘာဆိုင်လဲ။ ငါ့မှာလဲ ငါရှာတဲ့ငွေကို သုံးခွင့်ရှိတယ်လေ။ နင် အဲလောက်ငွေမက်ရသလား"

"ငွေမက်လို့ ပြောနေတာမဟုတ်ဘူး။ ရှင့်လုပ်ပုံကိုင်ပုံ နည်းလမ်းမကျလို့ပြောနေတာ။ ရှင်က သုံးနေတာ မဟုတ်ဘူး။ ဖြုန်းနေတာရှင့် သိရဲ့လား။ မဟုတ်မှလွဲရော ရှင့်မယားငယ်ကို အမ်းလိုက်တာလား"

"ကဲ ဟာ လျှာရှည်ချင်အုံး"

"ဖြန်း"

ဦးတင်ဦးက မစံလှ၏ ပါးကို ရိုက်လိုက်သည်။ ထိုမြင်ကွင်းကို မျိုးဝင်းဇော်လည်း မြင်သည်။ သူ့အမေလည်း နောက်သို့ လဲကျသွားသည်။ ထိုပြဿနာများဖြစ်စဉ်က မျိုးဝင်းဇော်က လေးနှစ်သားလောက်သာ ရှိသေးသည်။ ထိုပြဿနာများ ဖြစ်ပြီးနောက်ပိုင်းတွင် မျိုးဝင်းဇော်သည် သူ့အဖေကို အိမ်တွင်မတွေ့ရသည်မှာ ယခုအချိန်ထိဖြစ်သည်။

(၃)

"အမေ"

ခပ်တိုးတိုးခေါ်သည့်အသံကြောင့် ဒေါ်စံလှ ခေါင်းကို စောင်း၍ကြည့်နေသည်။ ဒေါ်စံလှက သူ့သား အကြောင်းကိုသိသည်။ အမေဟု ခေါ်ကတည်းက ဘာအကြောင်းမေးမည်ကို ကြိုသိထားသည်။

"ဘာလဲ မင်းအဖေအကြောင်းမေးမလို့လား"

"ဟုတ်တယ် အမေ"

"ဒီမယ်သား မင်းအဖေကို ချစ်တယ်ဆိုရင် ဒီကို ခေါ်ချင်ခေါ်ခဲ့လို့ရတယ်။ ဒါပေမဲ့ အမေကတော့ မင်းအဖေနဲ့ လုံးဝပြန်မပေါင်းနိုင်ဘူးနော်။ ကုန်ကုန်ပြောရရင် တစ်အိမ်ထဲတောင် အတူမနေနိုင်ဘူးသား"

"ဟုတ်ကဲ့အမေ"

ဒေါ်စံလှက ၁၆ နှစ်လုံးလုံး ဆင်းရဲပင်ပန်းစွာ ရုန်းကန်ခဲ့ရသည်။ ဦးတင်ဦး၏ တဖောက်ကန်း လုပ်ရပ်များကြောင့်သာ စီးပွားကျခဲ့ရသည်။ ထိုလုပ်ရပ်များထက် ပိုစိတ်နာစရာကောင်းသည့် လုပ်ရပ်ရှိသေးသည်။

"သားကို ဒီအခွင့်အရေးပေးတယ်ဆိုတာ သူများတွေလို မိစုံဖစုံနဲ့ နေစေချင်လို့နော်။ သားလဲမိစုံဖစုံနဲ့ နေချင်လို့ မင်းအဖေကိုတွေ့ချင်တာပဲ မဟုတ်လား"

"ဟုတ်တယ် အမေ။ ဒါနဲ့ အဖေက ဘယ်မှာနေတာလဲ"

"ဟို ကလေးမြို့တောင်ပိုင်းက ကုန်းရိုးဆိုတဲ့ရွာမှာနေတယ်တဲ့။ အဆင်မပြေဘူးလို့ ကြားတယ်"

"ဒါနဲ့ အဖေ့ နာမည်က"

ဒေါ်စံလှ သူ့သားကို တစ်ချက်ကြည့်လိုက်သည်။ သူ့အဖေနာမည်ကို ပြောရမည်မှာ ရွံမုန်းနေသည်ဟု ထင်ရသည်။

"ဦးတင်ဦး"

(၄)

"အဘိုး ဦးတင်ဦးအိမ်က ဘယ်နားကသွားရတာလဲဗျ"

"ဟိုးရှေ့က မန်ကျည်းပင်နဲ့အိမ်ကိုတွေ့လား"

"ဟုတ်ကဲ့ တွေ့တယ်ဗျ"

"အဲဒီအိမ်ရဲ့ ကျောဘက်က အိမ်က ဦးတင်ဦးရဲ့အိမ်။ တို့တစ်ရွာလုံးကတော့ ပန်းပဲတင်ဦးလို့ ခေါ်ကြတယ် ငါ့တူရဲ့"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ဗျ"

မျိုးဇော်ဝင်းက မန်ကျည်းပင်ရှိသည့်အိမ်သို့သွားသည်။ အိမ်ရှေ့ရောက်သည့်အခါမှာတော့ အိမ်ရှင်များကို အော်ခေါ်လိုက်သည်။

"အိမ်ရှင်တို့ ဦးတင်ဦးရှိလားဗျ"

"ဟေ ဦးတင်ဦးက အိမ်နောက်မှာကွဲ့"

မျိုးဝင်းဇော်က ထိုအဘွားကြီးကိုကြည့်၍ ဦးတင်ဦး၏ နောက်မိန်းမများဖြစ်လေမည်လားဟု တွေးနေမိသည်။

ထိုအဘွားကြီးက အိမ်နောက်ဖေးရှိ တဲကုပ်လေးဆီသို့ခေါ်သွားသည်။

"မောင်တင်ဦး။ ဒီမှာ နင့်ကိုတွေ့ချင်လို့တဲ့"

တဲကုပ်လေးထဲမှ အဘိုးကြီးတစ်ယောက် ထွက်လာသည်။ မျက်နှာက အရွယ်နှင့်မလိုက်အောင် အိုမင်းနေသည်။ အိမ်ထဲတွင် ပန်းပဲဖိုတစ်ခုရှိသည်။ ဘေးနားတွင် လုပ်လက်စ ဓားတစ်ချောင်းရှိသည်။ ထို့နောက် ပန်းပဲအပ်ထားသည့် ဓားအဟောင်းများလည်း ရှိသေးသည်။ ဖိုပေါ်တွင် မီးသားဝနေသည့် ဓားတစ်ချောင်းရှိသည်။

"လာပါ အိမ်ထဲဝင်ထိုင်ပါကွဲ့"

ဦးတင်ဦးက သူ့အိမ်လာသည့် ဧည့်သည်ကို လောကဝတ္တရားအရ ပျူငှာစွာဆက်ဆံသည်။

(၅)

"ဦးတင်ဦးက ဒီရွာမှာနေတာ ဘယ်လောက်ကြာပြီလဲ"

"၁၄နှစ်၊ ၁၅နှစ်လောက်တော့ရှိမယ်ထင်တယ်။ မမှတ်မိတော့ပါဘူး ငါ့တူရယ်"

"ဦးတင်ဦးက အရင်က ဘယ်ရွာမှာနေတာလဲ"

"ဂန့်ဂေါမြို့နယ် တောင်ခရမ်းရွာကပါကွယ်"

"အိမ်ထောင်ရှိလား"

"ရှိတယ် ငါ့တူရဲ့။ သားတစ်ယောက်လဲရှိတယ်။ အခုနေဆို ငါ့တူလောက်အရွယ်ရှိရော့ပေါ့"

"ဪ. . ."

လူငယ်က အတန်ငယ်စဉ်းစားဟန်ပြုနေသည်။

"ဒါနဲ့ ဦးတင်ဦးက ဘာလို့ ဒီကုန်းရိုးရွာကို ပြောင်းလာတာလဲ"

"ဒါကတော့ ငါက အရင်မိန်းမနဲ့ကွဲပြီး နောက်အိမ်ထောင်ပြုလိုက်တာ။ ပြီးတော့ အရင်မိန်းမကိုလဲ ငါချမ်းသာအောင်အလုပ်လုပ်ပြီး နင့်မျက်နှာကိုငွေနဲ့ ပေါက်ပြမယ်ပြောပြီးထွက်လာတာ"

လူငယ်လေးက ဦးတင်ဦးကိုပြုံး၍ကြည့်နေသည်။ ဦးတင်ဦးက ကြေးအထပ်ထပ်ရစ်တက်နေသည့် ဖန်ခွက်နှင့် ရေနွေးတစ်ခွက်ငှဲ့ပေးသည်။

"ရေနွေးသောက်အုံး ငါ့တူကြီး။ အရိုးသိန်းယဉ် ရေနွေးသောက်အုံး"

အရိုးသိန်းယဉ် ဟူသည့် အဘွားအိုက ခေါင်းညိတ်ပြသည်။

"ဟုတ်ကဲ့ပါ။ ဒါနဲ့ ဦးတင်ဦးရဲ့ မိန်းမလဲမတွေ့ပါလား။ ဘယ်သွားတာလဲ"

"ဆုံးသွားတာ ကြာပြီ။ ငါနဲ့လဲ ကြာကြာမပေါင်းလိုက်ရပါဘူး"

"ဒါနဲ့များ ဦးတင်ဦးက ဘာလို့ရွာမပြန်တာလဲ"

"ရှက်လို့ပေါ့ ငါ့တူရယ်"

"ဦးတင်ဦးမှာ သားတစ်ယောက်ရှိတယ်လို့ ပြောတယ်နော်။ ကျွန်တော်က ဦးတင်ဦးနဲ့ဒေါ်စံလှတို့ရဲ့ သားပါ"

❖ ဦးတင်ဦး ခေါင်းညိတ်ပြလိုက်သည်။ သား၏သိတတ်မှုများကြောင့် အဖေတစ်ယောက်အနေဖြင့် သားအတွက် မိဘကိုလုပ်ကျွေးပြုစုခွင့်ပေးသင့်သည်ဟု ယူဆသည်။ ထို့ပြင် အရိုးသိန်းယဉ်၏ စကားကိုလည်း မငြင်းသာသောကြောင့်ဖြစ်သည်။ နောက်ဆုံးမှာ ဦးတင်ဦးက တောင်ခရမ်းရွာရောက်သွားသည်။ မောင်မျိုးဝင်းဇော်ကလည်း အဖေနှင့်အမေ လိုအပ်သမျှကို အစွမ်းကုန်ဖြည့်ဆည်းပေးသည်။ သို့သော် ဦးတင်ဦးနှင့် ဒေါ်စံလှတို့သည် ဦးတင်ဦး တောင်ခရမ်းရွာစရောက်သည့်နေ့မှစ၍ ကိုယ့်အိမ်သူ့အိမ်နေ၍ သေသည့်တိုင် မျက်နှာချင်းဆိုင် မသွားဘူးဟူ၍ သိရသည်။ ❖

စာမျက်နှာ ၂၅သို့ ➤

# ကန့်ဘလူခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါး ၁၈၅၂၀၇ ဧက ရိတ်သိမ်းပြီးစီး



**ကန့်ဘလူ ဖေဖော်ဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါး ၁၈၅၂၀၇ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌စပါးကို ၂၀၂၃ခုနှစ် ဇူလိုင်လမှ စတင်စိုက်ပျိုးခဲ့ရာ ကန့်ဘလူမြို့နယ်တွင် ဧက ၁၅၁၁၁၀ နှင့် ကွန်းလှမြို့နယ်တွင် ၃၄၀၉၇ ဧက စုစုပေါင်း ၁၈၅၂၀၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ထိုသို့စိုက်ပျိုးထားသော မိုးစပါး စိုက်ခင်းများကို ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၈၅၂၀၇ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၇၀ ဒသမ ၇၆ တင်းထွက်ရှိကြောင်း သိရသည်။

"ကန့်ဘလူခရိုင်မှာ မိုးစပါး ဧက ၁၈၅၂၀၇ ဧကစိုက်ပျိုးနိုင်ခဲ့တယ်။ လက်ရှိအချိန်မှာ စိုက်ပျိုးထားတဲ့ မိုးစပါးဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးပါပြီ။ အထွက်နှုန်းကောင်းမွန်ပါတယ်။ မိုးစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာ၊ ပိုးမွှားကျရောက်မှု ကာကွယ်ဖို့၊ သီးနှံတွေ ပျက်စီးဆုံးရှုံးမှုမရှိဖို့၊ ရိတ်သိမ်းပြီးစပါးတွေ အမိုးအကာအောက်အချိန်မီရောက်ရှိဖို့ အသိပညာပေးခဲ့ပါတယ်"ဟု ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးအောင်က ပြောပြသည်။ (၂၀၆)

# ကြံခင်းမြို့နယ် စမ်းရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြံခင်း ဖေဖော်ဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စမ်းရွာကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးယဉ်မင်းဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသူ၊ အသင်းသားများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၁ ဒသမ ၆၅သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စမ်းရွာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၈ ဦးကို ငွေကျပ် ၁၅ဒသမ၈၅သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၃ ဦးကို ငွေကျပ် ၁၃ ဒသမ ၆ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ ဒသမ ၈ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူနှစ်ဦးကို ငွေကျပ် သုညဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၆ ဦးကို ငွေကျပ် ၃၁ ဒသမ ၆၅သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သံသာ**

➤ **စာမျက်နှာ ၂၄ မှအဆက်**

ဦးတင်ဦးနှင့် အရီးသိန်းယဉ်တို့နှစ်ယောက် အံ့အားသင့်ကုန်ကြသည်။

"ဟင်"

"ဟင်"

"ငါ့သား ဟုတ်လား"

**(၆)**

"ပြန်လိုက်သွားပါ မောင်တင်ဦးရယ်။ ဒီရွာမှာလဲ နင့်ရဲ့ ဆွေမျိုးသားချင်းရှိတာမဟုတ်ဘူး"

"မလိုက်နိုင်ဘူး အရီးသိန်းယဉ်။ ကျုပ် မိန်းမနဲ့လဲ မျက်နှာချင်းမဆိုင်ချင်ဘူး။ တစ်အိမ်ထဲလဲ အတူတူမနေနိုင်ဘူး"

အရီးသိန်းယဉ် ဖျောင်းဖျပြောနေသော်လည်း ဦးတင်ဦးက ငြင်းနေသည်။ သူကိုယ်သူလည်း ဟိုတစ်ချိန်က ပြောမှားခဲ့မိသည့် စကားများအတွက် သူ့မိန်းမကို မျက်နှာချင်းဆိုင်ရမည်ကို ရှက်နေသည်။

"စိတ်ချပါအဖေ။ အမေနဲ့အဖေကို အတူတူမနေစေရပါဘူး။ ကျွန်တော်က မိစုံဖစုံနဲ့နေချင်လို့ပါ။ ရွာမှာလဲ အဖေ့အတွက် အိမ်တစ်လုံးဆောက်ထားပြီးပါပြီ။ အမေနဲ့လဲ မျက်နှာချင်းမဆိုင်စေရပါဘူး"

"မလိုက်နိုင်ဘူးကွ"

ဦးတင်ဦးက ခါးခါးသီးသီးငြင်းသည်။ သည်လိုနှင့် ဦးတင်ဦးသားလည်း စိတ်ရှည်လက်ရှည်နှင့် သူ့အဖေကို နားချသည်။ တစ်ရက် တစ်ရက်နှင့် အချိန်သာကုန်လာခဲ့သည်။ ဦးတင်ဦးက ခါးခါးသီးသီးငြင်းနေဆဲရှိသေးသည်။ သူ့သားက သူ့အဖေကြိုက်တတ်သည့်အရက်အကောင်းစားတစ်လုံး နေ့တိုင်းဝယ်ပေးသည်။ အမဲခြောက်ကြော် ဝယ်ပေးသည်။ ထမင်းဟင်းကို ဖွယ်ဖွယ်ရာရာချက်ပေးသည်။

**(၇)**

"ကျွန်တော်ကတော့ အဖေ ရွာကိုပြန်မလိုက်မချင်း အဖေ့အိမ်ကနေ တစ်ဖဝါးမှမခွာဘူး"

"ကဲပါ မောင်တင်ဦးရယ်။ နင်လဲ အနေဆင်းရဲ အစားဆင်းရဲနဲ့ နေရတာအဆင်မပြေပါဘူး။ သားကလဲ ဒီရောက်နေတာ တစ်လ လောက်ရှိပြီ။ ဒီလိုသိတတ်တဲ့ သားမျိုးရထားတာ ကံကောင်းတယ်လို့ မှတ်ရမယ်"

အရီးသိန်းယဉ် ဦးတင်ဦးကို ပြောပြသည်။ ဦးတင်ဦးလည်း တစ်ခုခုကို စဉ်းစားနေဟန်ပြုသည်။

"ဟိုရောက်ရင်လဲ အဖေ့ကို စိတ်ချမ်းသာအောင် ထားမှာပါ။ အဖေလိုအပ်သမျှဖြည့်ဆည်းပေးမှာပါ။ ကျွန်တော်အနေနဲ့က အဖေ့ကို အဖေတစ်ယောက်လို လုပ်ကျွေးချင်တယ်။ ပြုစုချင်တယ်။ ဒါကြောင့် ကျွန်တော်နဲ့ရွာကို ပြန်လိုက်ခဲ့ပါအဖေ"

"လိုက်သွားပါ မောင်တင်ဦးရယ်"ဟု အရီးသိန်းယဉ်က ဝမ်းနည်းသံဖြင့် ပြောသည်။

ဦးတင်ဦးခေါင်းညိတ်ပြလိုက်သည်။ သား၏ သိတတ်မှုများကြောင့် အဖေတစ်ယောက်အနေဖြင့် သားအတွက် မိဘကိုလုပ်ကျွေးပြုစုခွင့်ပေးသင့်သည်ဟု ယူဆသည်။ ထို့ပြင် အရီးသိန်းယဉ်၏ စကားကိုလည်း မငြင်းသာသောကြောင့်ဖြစ်သည်။

နောက်ဆုံးမှာ ဦးတင်ဦးက တောင်ခရမ်းရွာရောက်သွားသည်။ မောင်မျိုးဝင်းဇော်ကလည်း အဖေနှင့်အမေ လိုအပ်သမျှကို အစွမ်းကုန်ဖြည့်ဆည်းပေးသည်။ သို့သော် ဦးတင်ဦးနှင့် ဒေါ်စံလှတို့သည် ဦးတင်ဦးတောင်ခရမ်းရွာ စရောက်သည့်နေ့မှစ၍ ကိုယ့်အိမ် သူ့အိမ်နေ၍ သေသည့်တိုင် မျက်နှာချင်းဆိုင်မသွားဘူးဟူ၍ သိရသည်။ သို့သော် ဦးတင်ဦးသည် မိဘတစ်ယောက်အနေဖြင့် မျိုးဝင်းဇော်ကို ကိုယ်ဖိရင်ဖိ စောင့်ရှောက်နိုင်ခြင်းမရှိသော်လည်း ဦးတင်ဦးသည် မျိုးဝင်းဇော်၏ မိဘအပေါ် တုံ့ပြန်တတ်သည့် စေတနာနှင့်မေတ္တာကို အပြည့်အဝခံစားသွားရသည်။

## လမြတ်တပို့တွဲ

\- ကုံရာသီ တပို့တွဲ
ထမနဲပွဲ ကျင်းပသည်၊
စန်းယှဉ်ပေ မာဃနက္ခတ်
မြတ်လှဂုဏ်ရည်၊
ပေါက်လဲပန်း အစီအရီ
ပွင့်ချပ်နီ လှပ၊
ချိန်တာရာ ရေထမ်းသမား
မှတ်သား သုတ။

\- မြောက်လေပြန် ဆောင်းနှုတ်ဆက်
နွေခရီးဘက် ရောက်လို့လာ၊
တို့မြန်မာ ထမနဲပွဲ
ဆင်နွှဲကြတာ၊
မြတ်ဘုရား လှူဒါန်းကာ
ဝန်းကျင်မှာ ပေးဝေပြု၊
သာခုသံ ကြည်နူးခြင်းနဲ့
သန့်ရှင်းကောင်းမှု။

\- ဒိုးပတ်သံ ညံမစဲ
ထမနဲပွဲ ကျင်းပပေ၊
မိုးပြဒယ် ဝိုင်းဝန်းထိုး
နှိုးဆော်သံဝေ၊
စည်းလုံးလျက် လုပ်ဆောင်နေ
ရိုးရာအမွေ လက်ဆင့်ကမ်း၊
ပျော်စရာ တပို့တွဲကို
ဆင်နွှဲရှင်လန်း။ ။

**ဖြိုးထက်(ရေစကြို)**

# ချောက်မြို့နယ်၌ ကျေးရွာချင်းဆက်လမ်း မြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ချောက် ဖေဖော်ဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ညောင်နီကျင်း-ကျောက်တန်း-ညောင်ပင်သာ ကျေးရွာချင်းဆက်လမ်း မြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဦးဇော်မင်းထွဋ်နှင့် မြို့နယ်အရည်အသွေး စစ်ဆေးရေးအဖွဲ့ဝင်များ၊ ကျေးရွာကော်မတီဝင်များနှင့်အတူ ညောင်နီကျင်း-ကျောက်တန်း- ညောင်ပင်သာ ကျေးရွာချင်းဆက်လမ်း မြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ချောက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဦးဇော်မင်းထွဋ်က ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေး လုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိမ်းသိမ်းကြရန် မှာကြားသည်။

ချောက်မြို့နယ် ညောင်နီကျင်း-ကျောက်တန်း- ညောင်ပင်သာ ကျေးရွာချင်းဆက်လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၈ ပေ၊ အမြင့် ခြောက်လက်မရှိ မြေနီခင်းခြင်း လုပ်ငန်းကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက ယခုနှစ် ဇန်နဝါရီလ တတိယပတ်ကစတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သည့်အတွက် ညောင်နီကျင်း၊ ကျောက်တန်း၊ ညောင်ပင်သာ ကျေးရွာတို့ရှိ ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေနေပြီ ဖြစ်ကြောင်း ချောက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဦးဇော်မင်းထွဋ်က ပြောပြ၍ သိရသည်။

**ဇင်မာ**

ခရီးသွားဆောင်းပါး

# လောင်းတော်ဦးရွာက လောကသရဖူတဝရွှေဂူ

သက်နိုင် (မြင်ဦးလွင်)

လေ့လာရေးနဲ့ အပန်းဖြေခရီးအဖြစ် ထွက်ရှိလာခဲ့ကြတဲ့ မိမိတို့ခရီးဖော်တွေ မြစ်သားမြို့ကိုရောက်ရှိပြီး ရှေးဟောင်းသမိုင်းဝင် ရွှေမုဋ္ဌောစေတီတော်ကြီးကို ဖူးမြော်ကြည်ညိုကြရသလို မြို့အတွင်းကိုလဲ လှည့်ပတ်လေ့လာခွင့်ရကြတယ်။ မြစ်သားမြို့က တောမကျ၊ မြို့မကျ၊ မြို့ကြီးတစ်မြို့လဲမဟုတ်၊ မြို့ငယ်တစ်မြို့လဲမဟုတ်ဘဲ အတန်အသင့်စည်ကားတဲ့မြို့တစ်မြို့ပါ။ လမ်းဆုံမြို့တစ်မြို့မဟုတ်ပေမဲ့ မြင်းခြံ-ကျောက်ပန်းတောင်း-ပုဂံ-ညောင်ဦးကားလမ်းပေါ်မှာတည်ရှိနေတာကြောင့် ခရီးသွားဧည့်သည်တွေ ဖြတ်သွားဖြတ်လာများပြားနေတယ်။ ဒ့ါပြင် ကြက်သွန်နီ အဓိကစိုက်ပျိုးထုတ်လုပ်ရာဒေသဖြစ်တဲ့အတွက် ကြက်သွန်နီမြို့တော်ဆိုပြီး ကျော်ကြားထင်ရှားပါတယ်။

မိမိတို့ခရီးဖော်အဖွဲ့ မြစ်သားမြို့တွင်းမှာ လှည့်လည်လေ့လာကြရင်းနဲ့ မြို့ခံစာပေမိတ်ဆွေတွေရှိရာကိုလဲ ဝင်ရောက်နှုတ်ဆက်လည်ပတ်ကြရတယ်။ မြစ်သားမြို့က စာပေသမားတွေပေါများတဲ့မြို့တစ်မြို့ပါ။ အပတ်စဉ်၊ လစဉ် ပန်းလောင်မြစ်ဘေးမှာ စာဖတ်ဝိုင်းတွေ၊ ကဗျာဖတ်ဝိုင်းတွေ၊ စကားပြောဝိုင်းတွေကို မပျက်မကွက်လုပ်ဆောင်ကျင်းပနေကြတာ လေးစားဂုဏ်ယူဖွယ်ကောင်းပါတယ်။ စာပေအပေါ် လေးစားတန်ဖိုးထားမှုနည်းပါးလာနေပြီဖြစ်တဲ့ ယနေ့ခေတ်မှာ စာပေကို ယုံကြည်အားထား၊ မြတ်နိုးတွယ်တာတဲ့ မျိုးဆက်သစ်လူငယ်တွေ မြစ်သားမြို့မှာ တိုးပွားများပြားလာတာကို ဝမ်းမြောက်ဖွယ်ရာတွေ့မြင်ခဲ့ရတယ်။ ရေးဖော်ရေးဖက်မြို့ခံစာရေးဆရာတွေနဲ့ တွေ့ဆုံနှုတ်ဆက်စကားစမြည်ပြောပြီးတာနဲ့ ပေါ်တော်မူဘုရားရှိရာကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ ပေါ်တော်မူဘုရားက မြို့တွင်းမှာမဟုတ်ဘဲ မြို့ရဲ့အပြင်မှာရှိနေတာလို့ သိလိုက်ရတယ်။

ပေါ်တော်မူဘုရားကိုသွားဖို့အတွက် ကားရှေ့ခန်းမှာထိုင်ပြီး လိုက်ပါလာတဲ့ သူငယ်ချင်းဖြစ်သူရဲ့ လမ်းပြပြောဆိုတဲ့အတိုင်း မောင်းနှင်လာခဲ့တာ မကြာခင်မှာ မြို့ပြင်ကိုရောက်လာကြတယ်။ မြို့ပြင်ကိုရောက်လာတာနဲ့ လမ်းရဲ့အခြေအနေကလဲ ကတ္တရာလမ်းမဟုတ်တော့ဘဲ မြေဖြူသဲလမ်းဖြစ်သွားတဲ့အတိုင်း ဖုန်တွေတထောင်းထောင်းထတော့တာပါ။ ဒါပေမဲ့ မြင်တွေ့နေရတဲ့ ဘေးဝဲယာပတ်ဝန်းကျင်တစ်ခွင်လုံးမှာ လယ်ယာချောင်းမြောင်းတွေ၊ စိုက်ခင်းတွေ၊ ဥယျာဉ်ခြံကြီးတွေနဲ့ သာသာယာယာရှိနေတယ်။ ပန်းလောင်မြစ်နဲ့ ကင်းတားဆည်ရေသောက်ဒေသတစ်ခုလုံး အခုလို စိမ်းစိမ်းစိုစိုနဲ့ သာယာလှပနေမယ်ထင်ပါတယ်။ လမ်းတစ်လျှောက်မှာ ကျေးရွာကလေးတွေကို တစ်ရွာပြီးတစ်ရွာ ဖြတ်သန်းမောင်းနှင်လာရင်းနဲ့ မိနစ်အနည်းငယ်လောက်မှာ လောင်းတော်ဦးကျေးရွာဆိုတဲ့ ရွာအဝင်ဆိုင်းဘုတ်တစ်ခုကို တွေ့လိုက်ရတယ်။ ဆိုင်းဘုတ်အနီးမှာလဲ တသွင်သွင်စီးဆင်းနေတဲ့ ဆည်ရေလွှတ်မြောင်းကြီးတစ်ခုနဲ့ တံတားတစ်ခုရှိနေတယ်။ ရွာအဝင်ဆိုင်းဘုတ်ကို ဓာတ်ပုံရိုက်ယူနေရင်းနဲ့ ခပ်လှမ်းလှမ်းမှာ မြင်တွေ့နေတဲ့ စေတီတော်တွေတစ်စုတဝေးရှိနေတာကြောင့် ပေါ်တော်မူဘုရားဆိုတာလားလို့ သူငယ်ချင်းကိုမေးမြန်းကြည့်တော့ မဟုတ်သေးကြောင်းနဲ့ ပေါ်တော်မူဘုရားက တံတားကိုဖြတ်ကျော်ပြီးမှ ရောက်ရှိမှာဖြစ်ကြောင်း သိလိုက်ရတယ်။

မြစ်သားမြို့နယ်အတွင်းနဲ့ ကင်းတားဆည်အနီးတစ်ဝိုက်မှာ ရှေးဟောင်းစေတီပုထိုးတွေ အများအပြားပါ။ အခုတွေ့မြင်နေရတဲ့ စေတီတော်စုစုတွေကိုလဲ ရှေးဟောင်းဘုရားတွေလို့ ထင်မှတ်နေရပေမဲ့ မဟုတ်ကြောင်းနဲ့ အသစ်ထပ်မံတည်ထားတဲ့ ဘုရားစေတီတွေဖြစ်ကြောင်း သူငယ်ချင်းကရှင်းပြတယ်။ စေတီတော်တွေက များလဲများပြီး တချို့စေတီတော်တွေက ထုထည် ကြီးကြီးမြင့်မြင့်မားမားအဖြစ် တွေ့မြင်နေရတယ်။ စေတီတော်တွေအားလုံးကတော့ အချောလဲမသတ်ရသေးသလို ထီးတော်တွေကိုလဲ တင်လှူခြင်းမပြုရသေးပါဘူး။ စေတီတော်တည်ရေးလုပ်ငန်းတွေ အလုံးစုံပြီးစီးသွားမယ်ဆိုရင် ဒီနေရာက မြစ်သားမြို့ရဲ့ အထင်ကရနေရာတစ်ခု ဖြစ်လာအုံးမယ်ထင်ပါတယ်။

ရေလွှတ်မြောင်းတံတားကို ဖြတ်ကျော်မောင်းနှင်ပြီးတာနဲ့ ဆိုင်ကယ်တွေ၊ ခြေကျင်လမ်းလျှောက်သွားလာနေကြတဲ့သူတွေကို ခပ်စိပ်စိပ်တွေ့မြင်လာရသလို အသံချဲ့စက်နဲ့ဖွင့်ထားတဲ့ သီချင်းသံတွေကိုလဲ ခပ်သဲ့သဲ့ကြားလာရတယ်။ ပေါ်တော်မူဘုရားနဲ့ နီးကပ်လာ



ပါပြီ။ ရေလွှတ်မြောင်းရိုးအတိုင်း ဖောက်လုပ်ထားတဲ့ မြေသားလမ်းကနေ သစ်ပင်တန်းစိမ်းစိမ်းအုပ်အုပ်တစ်ခုရှိတဲ့ လမ်းခွဲကို ချိုးဝင်လိုက်တာနဲ့ ပေါ်တော်မူဘုရားအဝင်ဝမုခ်ဦးကြီးကို တွေ့မြင်လိုက်ရတယ်။ မုခ်ဦးဆိုင်းဘုတ်ကြီးမှာ ရေးသားထားတာက လောကသရဖူတဝရွှေဂူ ဆုတောင်းပြည့်စေတီတော်မြတ်ကြီးဆိုတဲ့ စာသားတွေပါ။ ဒေသခံသူငယ်ချင်းပြောပြချက်အရ စိုက်ပျိုးလယ်မြေတစ်ခုမှာ လယ်ထွန်နေရင်းနဲ့ ဗုဒ္ဓဆင်းတုရုပ်ပွားတော်တွေ ထွက်ပေါ်တွေ့ရှိရတာကြောင့် ပေါ်တော်မူဘုရားလို့ အလွယ်တကူခေါ်ဆိုခဲ့ကြကြောင်း၊ ရုပ်ပွားတော်တွေကို ဌာပနာပြုစေတီတည်အပြီးမှာ လက်ရှိရေးထိုးထားတဲ့ ဘွဲ့တော်ကိုပေးခဲ့ကြောင်း သိလိုက်ရတယ်။ ဒါပေမဲ့ ဒေသတွင်းမှာ ပေါ်တော်မူလို့ ဆက်လက်ခေါ်ဆို ထင်ရှားနေဆဲဖြစ်ပါတယ်။

စေတီတော်အဝင်ဝမုခ်ဦးကိုရောက်တာနဲ့ များပြားလှတဲ့ ဘုရားဖူးဧည့်သည်တွေ၊ ဈေးသည်တွေကို တွေ့မြင်နေရတယ်။ မုခ်ဦးအဝမှာ ရေခဲချောင်းသည်၊ အချဉ်ပေါင်းသည်၊ သဘော်သီးထောင်းသည် စတဲ့ ဈေးသည်တွေနဲ့အတူ ဒေသထွက်ကုန် အရောင်းဆိုင်၊ အမှတ်တရပစ္စည်းအရောင်းဆိုင်၊ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်တွေရှိနေကြတယ်။ ဈေးဆိုင်ကြီးကြီးငယ်ငယ်တိုင်းမှာလဲ ဝယ်ယူစားသောက်နေကြသူတွေ အများအပြားရှိနေတယ်။ ဘုရားပွဲမဟုတ်ပေမဲ့ ဘုရားဖူးဧည့်သည်တွေ၊ ဈေးဆိုင်တန်းတွေနဲ့ စည်စည်ကားကားဖြစ်နေတယ်။

မုခ်ဦးအနီးသစ်ပင်ရိပ်တစ်ခုအောက်မှာ ကားကိုထိုးရပ်လိုက်တာနဲ့ မြိုင်မြိုင်ဆိုင်ဆိုင်တီးနေတဲ့ နတ်ဆိုင်းသံကို ကြားလိုက်ရတယ်။ စေတီတော်အဝင်ဝမှာရှိနေတဲ့ နတ်ကွန်းထဲမှာ နတ်ပွဲကျင်းပနေကြတာပါ။ နတ်ကနေကြသူတွေ၊ ကြည့်ရှုနေကြသူတွေနဲ့ နတ်ကွန်းတစ်ခုလုံးမှာလဲ လူတွေအပြည့်ဖြစ်နေသလို ဆိုင်းသံ၊ ဗုံသံတွေနဲ့ ဆူညံနေတော့တယ်။ မိမိအပါအဝင် ခရီးဖော်တွေအားလုံးက နတ်ကိုးကွယ်ကြသူတွေမဟုတ်ကြလို့ နတ်ကွန်းကိုကျော်လွန်လာခဲ့ကြတယ်။ နတ်ကွန်းရဲ့အနောက်ယွန်းယွန်းမှာလဲ လူတွေတအုန်းအုန်းတရုန်းရုန်းဖြစ်နေကြတာကြောင့် ဘာလဲလို့သွားရောက်ကြည့်ရှုတော့ ဆင်တွေကိုတွေ့ရတယ်။ ဆင်အကြီး၊ အငယ်၊ အလတ်လေးကောင်ကို တင်းကုတ်ထဲမှာ သေသေချာချာထားရှိပြသထားတာပါ။ ငှက်ပျောသီး၊ ဖရဲသီး၊ သခွားသီး၊ ကြံ စတဲ့ ဆင်အစာတွေကိုလဲ ရောင်းချနေလို့ အစာဝယ်သူ၊ အစာကျွေးသူ၊ ကြည့်ရှုနေသူတွေနဲ့ စည်ကားနေတယ်။ သူငယ်ချင်းရဲ့ပြောပြချက်အရ ဆင်တွေက စေတီတော်ပိုင်ဖြစ်ကြောင်း၊ အလှူမင်္ဂလာဘုရားပွဲတော်တွေမှာ အငှားလိုက်ကြောင်း၊ ဒါပေမဲ့ လေးကောင်စလုံးကို ငှားရမ်းရမှာဖြစ်ကြောင်းတွေကို သိလိုက်ရတယ်။

ဆင်တွေက စေတီတော်ပိုင်ဖြစ်တဲ့အတွက် လာရောက်လှူဒါန်းကျွေးမွေးသူတွေ နေ့စဉ်နဲ့အမျှရှိနေလို့ အစားအစာတွေကို ကောင်းကောင်းမွန်မွန်စားသောက်နေရပြီး ဆင်တွေအားလုံးကလဲ ဝဝဖီးဖီး လှလှပပတွေဖြစ်နေတယ်။ ဆင်စခန်းတွေမှာ ဝင်ကြေးပေးပြီး ကြည့်ရှုနေရတဲ့အချိန်မှာ ဝင်ကြေးလဲမပေးရ၊ ဘုရားလဲ ဖူးရတာကြောင့် လာရောက်ကြသူတွေအတွက် အဆင်ပြေနေတယ်။ အရင်တုန်းက သစ်ထုတ်လုပ်ရေးလုပ်ငန်းတွေမှာ တွင်တွင်ကျယ်ကျယ် အသုံးပြုခဲ့ရတဲ့ဆင်တွေဟာ ခေတ်မီစက်ယန္တရားကြီးတွေ ပေါ်ပေါက်ရောက်ရှိလာတာကြောင့် လုပ်ငန်းခွင်တွေအတွင်းမှာ အနားရခဲ့ကြရတယ်။ ဒါပေမဲ့ သက်ဆိုင်ရာဆင်စခန်းတွေမှာ ကျွေးမွေးစရိတ်အခက်အခဲတွေနဲ့ ရင်ဆိုင်နေရတာကြောင့် အခုလို ဘုရားစေတီတွေရှိရာကို ရောက်လာကြတဲ့ ဆင်တွေအတွက်လဲ ပိုပြီးအဆင်ပြေသွားကြရတယ်။ မိမိတို့မြင်ဦးလွင်မြို့မှာရှိတဲ့ တောင်ပုလစေတီတော်မှာလဲ အခုလိုဆင်ကြီးတွေ ရောက်ရှိနေကြပါပြီ။

ဆင်ကြီးတွေထားတဲ့နေရာကို ကျော်လွန်လာတာနဲ့ ရေတံခွန်ရှိရာကို ရောက်လာကြတယ်။ ရေတံခွန်ဆိုပေမဲ့ တောထဲတောင်ထဲကလို သဘာဝရေတံခွန်မဟုတ်ဘဲ ကျောက်တုံးကျောက်ခဲတွေနဲ့ ဖန်တီးပြုလုပ်ထားတဲ့ ရေတံခွန်အတုပါ။ ရေမော်တာစက်မောင်းမှ ရေတွေကျလာရတယ်။ ဒါပေမဲ့ သစ်ပင်ပန်းမန်အတုတွေ၊ မြက်ခင်းအတုတွေ၊ တောတွင်းတိရစ္ဆာန်အတုတွေကို သူ့နေရာနဲ့သူ သဘာဝကျအောင် ဖန်တီးပုံဖော်ပြုလုပ်ထားသလို ကျောက်တုံးကြီးတွေ၊ ဒီနေ့ခေတ်နာမည်ကျော်ကြားပြီး လူကြိုက်များနေတဲ့ အရုပ်မျိုးစုံတွေ၊ ဝင်ပေါက်တွေ၊ ပန်းပွင့်ပန်းခက်တွေ၊ လျှောက်လမ်းတွေ၊ ရေကန်တွေနဲ့ လှလှပပပြုလုပ်ဆောင်ရွက်ထားလို့ ရေတံခွန်မှာလဲ ဓာတ်ပုံရိုက်နေကြသူတွေ၊ လေ့လာကြည့်ရှုနေကြသူတွေနဲ့ပြည့်နှက်လို့နေတယ်။ ရေတံခွန်အတုဆိုပေမဲ့ တွေ့မြင်နေရတဲ့မြင်ကွင်းအရ သဘာဝရေတံခွန်တွေထက်တောင် ပိုမိုပြည့်စုံလှပနေပါသေးတယ်။ ဒါကြောင့်လဲ ရေတံခွန်မှာ လူတွေစုပြုံရောက်ရှိနေကြတာပါ။

ရေတံခွန်ရဲ့အနီးမှာ များပြားလှတဲ့ ဘုံခုနစ်ဆင့်ပြာသာဒ်ကြီးတွေပါဝင်တဲ့ ကျောင်းဆောင်တော်ကြီးလိုလို၊ ဓမ္မာရုံကြီးလိုလို၊ ဗိမာန်တော်ကြီးလိုလို အဆောက်အအုံကြီးတစ်ခုရှိနေတယ်။ ဘုံခုနစ်ဆင့်အမိုးပြာသာဒ်တွေက တစ်ခုပြီးတစ်ခု၊ တစ်ဆင့်ပြီးတစ်ဆင့် အဆောက်အအုံကြီးကို အုပ်မိုးထားကြတယ်။ အဆောက်အအုံကြီးရဲ့ ပတ်ပတ်လည်မှာ ဗုဒ္ဓရုပ်ပွားတော်တွေ၊ ရဟန္တာရုပ်တုတွေ၊ နတ်သားရုပ်တွေ၊ ရှင်ဘုရင်ရုပ်တွေအပြင် ကွမ်ရင်မယ်တော် စတဲ့ ရုပ်တုအမျိုးမျိုးကို အပေါ်တွေ၊ ဘေးတွေ၊ အောက်တွေမှာ စုံနေအောင်ထားရှိထားတဲ့အတွက် ဘာအဆောက်အအုံကြီးလဲလို့ ပြောရမှန်းကိုမသိတော့ပါဘူး။ မြင်တွေ့နေရတဲ့ရုပ်တုတွေက သိသာထင်ရှားတဲ့ ရုပ်တုတွေပါ။ ဒ့ါပြင် နံရံပတ်လည်အမြင့်တွေမှာ ထွင်းထုပုံဖော်ထားတဲ့ ရုပ်တုမျိုးစုံတွေလဲ ရှိနေကြသေးတယ်။ မြင်ကွင်းက အပေါ်အမြင့်အဝေးမှာဖြစ်နေလို့ ဘာရုပ်တုတွေဆိုတာ ကွဲကွဲပြားပြားမသိရဘူးဖြစ်နေတယ်။ လာရောက်ကြတဲ့ ဘုရားဖူးဧည့်သည်တွေကတော့ အဆောက်အအုံကြီးထဲကို ဝင်သွားလိုက်ကြ၊ ထွက်လာလိုက်ကြ၊ ရုပ်တုကြီးတွေနဲ့ ဓာတ်ပုံရိုက်လိုက်ကြနဲ့ စည်ကားနေပြန်တယ်။

ဓာတ်ပုံရိုက်နေကြသူတွေ အထူးသဖြင့် အမျိုးသမီးတွေအကြိုက်တွေ့ပြီး တစ်ယောက်ပြီးတစ်ယောက် အလှည့်ကျစောင့်ဆိုင်းရိုက်ယူနေရတဲ့နေရာက ခြစည်းရိုးပင်တန်းနေရာပါ။ အဆောက်အအုံကြီးရဲ့ဘေးတစ်လျှောက်မှာ စီတန်းစိုက်ပျိုးထားတဲ့ ခြံစည်းရိုးပင်တွေကို သေသေချာချာလှလှပပ ပုံဖော်စိုက်ပျိုးထားတာကြောင့် အမြင်ဆန်းပြီး ဓာတ်ပုံရိုက်ချင်သူတွေအကြိုက်တွေ့စေပါတယ်။ ခြံစည်းရိုးပင်တန်းတွေက လှပမှုတွေအပြင် ညီညီညာညာ၊ စိမ်းစိမ်းစိုစိုနဲ့ အတုအပတွေမဟုတ်ဘဲ အပင်စစ်စစ်ဖြစ်နေလို့ ကြိုက်နှစ်သက်သူ ပိုများနေတယ်။ ဆိုင်းသံ၊ ဗုံသံတွေ၊ သီချင်းသံတွေ ဆူဆူညံညံနဲ့ နတ်ပွဲကျင်းပနေတဲ့ နတ်ကွန်း၊ ဘုရားဖူးဧည့်သည်တွေစုဝေးပျော်ပါး အစာကျွေးနေကြတဲ့ ဆင်တင်းကုတ်၊ လောကသရဖူတဝရွှေဂူလို့ ရေးသားထားတဲ့ ရေတံခွန်အတု၊ ထူးထူးခြားခြားအဆောက်အအုံကြီးနဲ့ ခြံစည်းရိုးပင်တန်းတွေက စေတီတော်ဝင်းအတွင်းကို ဝင်ဝင်ချင်း ဘယ်ဘက်အခြမ်းမှာပါ။ ကျန်တဲ့စေတီတော်ဝင်းရဲ့ ဘေးတစ်ဖက်တွေ၊ အလယ်တွေမှာလဲ ဘုရားဖူးဧည့်သည်တွေ သွားလာကြည့်ရှုလည်ပတ်နေတဲ့ နေရာတွေ အများအပြားကျန်ရှိနေပါသေးတယ်။

သူငယ်ချင်းဖြစ်သူကို မေးမြန်းကြည့်တော့ လောကသရဖူတဝရွှေဂူစေတီတော်က မြစ်သားမြို့နယ် လောင်းတော်ဦးကျေးရွာအတွင်းမှာရှိနေတယ်လို့ သိလိုက်ရတယ်။ စေတီတော်ဝင်းက အလွန်ကျယ်နေသလို လေ့လာကြည့်ရှုစရာတွေ၊ စိတ်ဝင်စားစရာတွေ၊ ဖန်တီးပြုလုပ်ချက်တွေ များပြားနေတာကြောင့် စုံစုံလင်လင်သိရှိမြင်တွေ့ခံစားခွင့်ရအောင် ဆက်လက်လေ့လာကြည့်ရှုလိုက်ပါအုံးမယ်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်း ကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနှမ်း ၈၀၈၂ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ထီးချိုင့် ဖေဖော်ဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနှမ်း ၈၀၈၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနှမ်း ဧက ၈၀၈၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၈၀၈၂ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်သဖြင့် လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ထီးချိုင့်မြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီနှမ်းဧက ၈၀၈၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လက်ရှိအချိန်ထိတော့ ၈၀၈၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်။ နှမ်းကို ဆောင်းမှာအဓိကထားစိုက်ပျိုးကြတယ်"ဟု ထီးချိုင့်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်ကပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် ဆောင်းနှမ်းစိုက်ပျိုးတောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့် သီးနှံများထက် အရည်အသွေး ပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်ခြင်းကြောင့် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့် အကျိုးစီးပွားပိုမိုဖြစ်ထွန်းလာမည်ဖြစ်ကြောင်း ထီးချိုင့်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# ဒိုက်ဦးမြို့နယ် ဆင်စခန်းအနောက်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ဒိုက်ဦး ဖေဖော်ဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆင်စခန်းအနောက်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဆင်စခန်းအနောက်ကျေးရွာ၌ လမ်းအရှည် ပေ ၁၉၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ဂဝံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ တစ်နာရီရေသန့်ဂါလန် ၂၀၀ ကျော်ထွက်ရှိသော ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ဆင်စခန်းအနောက်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ဂဝံလမ်းခင်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် သိန်း ၁၅၀ အသုံးပြုပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာကူညီပံ့ပိုးကြီးကြပ်မှုတို့ဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ဖေဖော်ဝါရီ ၆ ရက်ကစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ဂဝံလမ်းခင်းခြင်းလုပ်ငန်းမှာ ၆၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း၊ ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်းမှာ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ကိုညို**

# နွေရာသီကျောင်းပိတ်ရက်ကို အကျိုးရှိစွာအသုံးချသွားစေလို

မောင်သောင်းဝင်း(တမန်ဟောင်း)

လက်ရှိအချိန်တွင် နိုင်ငံတစ်ဝန်းရှိအခြေခံပညာကျောင်းများ၌ ကျောင်းတွင်းစစ်စာမေးပွဲများ ကျင်းပပြီးစီးသွားပြီဖြစ်သည်။ မျိုးဆက်သစ်လူငယ်ကျောင်းသူ၊ ကျောင်းသားအားလုံးသည် နွေရာသီကျောင်းပိတ်ရက် ခံစားလျက်ရှိကြသည်။ ကလေးငယ်များသည် နွေရာသီကျောင်းပိတ်ရက်တွင် အားပါးတရနားပြီး ကစားမည်ဟု အားခဲထားကြမည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော် ပြိုင်ဆိုင်မှုပြင်းထန်သောခေတ်ကြီးတွင် ကလေးငယ်များသည် နွေရာသီကျောင်းပိတ်ရက်အားလုံး ကစားခွင့်နှင့် အနားယူခွင့်ရရှိကြလိမ့်မည်မဟုတ်ချေ။ အကြောင်းမူကား မိဘများသည် ကလေးငယ်များကို နွေရာသီတွင် သုံးလပြတ်ကျူရှင်နှင့် သင်တန်းပေါင်းစုံတက်ခိုင်းရန် အပြိုင်အဆိုင် စုံစမ်းထားကြပြီးဖြစ်သည်။

အမှန်တော့ နွေရာသီကျောင်းပိတ်ရက်တွင် ကလေးငယ်များကို အတန်အသင့်အနားပေးပြီးမှသာ ၎င်းတို့စိတ်ပါဝင်စားသည့် သင်တန်းတစ်ခုခုကို တက်ခိုင်းသင့်ပေသည်။ မိဘတို့သည် ကလေးများကို တော်စေလိုသောဆန္ဒ၊ တတ်စေလိုသောဆန္ဒဖြင့် သင်တန်းပေါင်းစုံကို တစ်ခုပြီးတစ်ခုဆက်တိုက်တက်ခိုင်းခြင်းသည် တိုးတက်မှုမရှိသည့်အပြင် ကလေးများ၏ ကျန်းမာရေးကိုပါ ထိခိုက်စေနိုင်သည်။ အပန်းဖြေလေ့လာရေးခရီးထွက်ခြင်းနှင့် ဘုရားဖူးသွားခြင်းတို့သည် ကလေးငယ်များကို ပြင်ပဗဟုသုတများစွာ တိုးပွားစေသည်။ ထို့ပြင် တနယ်တကျေးရှိ အဘိုး၊ အဘွားများထံ သွားရောက်လည်ပတ်ခြင်းသည်လည်း စိတ်ကြည်နူးမှုရစေသည်။ ဘိုးဘွားများကို ကန်တော့ခြင်းသည် မြန်မာလူမျိုးတို့၏ အစဉ်အလာကြီးမားသော အလေ့အထကောင်းတစ်ခုဖြစ်သည်။

**မိဘများကိုကူညီသင့်**

စာရေးသူတို့ငယ်စဉ်က နွေရာသီကျောင်းပိတ်ရက်ရောက်လျှင် ယာခင်းစောင့်ရလေ့ရှိသည်။ ယာခင်းစောင့်ခြင်းသည် အသီးအနှံများကို သူခိုးအန္တရာယ်မှ ကာကွယ်ရခြင်းဖြစ်သည်။ နေ့စဉ် နံနက်မိုးလင်းသည်နှင့် ထမင်းချိုင့်ဖြင့် ယာထဲသို့သွားရသည်။ ယာထဲရောက်လျှင် မြက်ရိတ်၊ ပေါင်းနှုတ်၊ အသီးအနှံဆွတ်ခူး၊ နေ့လယ်စာစားပြီး ခဏနား၊ စာဖတ်။ ညနေဘက်တွင်လည်း အလားတူလုပ်ငန်းများကိုဆက်လုပ်။ နေဝင်ချိန်ရောက်မှသာ အိမ်ကိုပြန်ရသည်။ နွေရာသီကျောင်းပိတ်ရက်အတော်များများတွင် ယာခင်းထဲ၌သာ အချိန်ကုန်ရပြီး သင်္ကြန်ရောက်မှသာ အနားရသည်။ မျက်မှောက်ခေတ်ကလေးများကဲ့သို့ သင်တန်းများ တက်ရောက်ခွင့်မရရှိခဲ့ပါ။

မည်သို့ပင်ဆိုစေကာမူ ငယ်စဉ်က နွေရာသီကျောင်းပိတ်ရက်များတွင် မိဘများကို တတ်နိုင်သမျှ ကူညီလုပ်ကိုင်ပေးခဲ့ရသည့်အတွက် ပီတိဖြစ်ခဲ့ရသည်။ သားငယ်၊ သမီးငယ်များအနေဖြင့်လည်း နွေရာသီကျောင်းပိတ်ရက်ကာလတွင် အကျိုးရှိမည့် သင်တန်းတစ်ခုခုကိုတက်ရောက်သကဲ့သို့ အားလပ်သည့်အချိန်များတွင်လည်း မိဘများကို တစ်ဖက်တစ်လမ်းမှ တတ်နိုင်သမျှ ကူညီပေးသွားသင့်သည်။

**ယဉ်ကျေးလိမ္မာသင်တန်း**

ဆိုရလျှင် နွေရာသီတွင် ရပ်ကွက်၊ ကျေးရွာအလိုက် အင်္ဂလိပ်စာ၊ ကွန်ပျူတာ၊ ရေကူး၊ တိုက်ကွမ်ဒို၊ ရှေးဦးသူနာပြု၊ ယဉ်ကျေးလိမ္မာစသည့် သင်တန်းပေါင်းစုံဖွင့်လေ့ရှိကြသည်။ ထိုသင်တန်းများအနက် မိမိကလေးကို ဘယ်လိုသင်တန်းမျိုးတွင်ထားသင့်ပါသလဲ။ ကလေး၏ ဆန္ဒနှင့်ဝါသနာကိုလည်း လျစ်လျူမရှုသင့်ချေ။ မိဘများအနေဖြင့် လက်တွေ့ကျသော သင်တန်းကိုသာ ရွေးချယ်တက်ခိုင်းသင့်ပေသည်။ အထူးသဖြင့် ဗုဒ္ဓဘာသာမြန်မာလူမျိုးများသည် မိမိ၏ရင်သွေးငယ်များကို မြတ်ဗုဒ္ဓအကြောင်းကို အခြေခံလောက်တော့ သိအောင် သင်ပြပေးသင့်သည်။ သို့မှသာ ငယ်စဉ်ကတည်းက ရှောင်ရန်၊ ဆောင်ရန်နှင့် အကောင်းအဆိုး၊ အကြောင်းအကျိုးကို ခွဲခြားသိမြင်နိုင်မည်ဖြစ်သည်။

နွေရာသီတွင် ကလေးငယ်များအတွက် လက်တွေ့ အကျိုးဖြစ်ထွန်းသော သင်တန်းတစ်ခုသည် ယဉ်ကျေးလိမ္မာသင်တန်းပင်ဖြစ်သည်။ ယဉ်ကျေးလိမ္မာသင်တန်း တက်ရောက်ဖူးသည့် ကလေးငယ်တစ်ဦးသည် မြတ်စွာဘုရား၏ ဖြစ်တော်စဉ်၊ ဗုဒ္ဓဘာသာ၏အခြေခံအကြောင်းတို့ကို သိကြသည်။ ထိုသင်တန်းတွင် ကလေးငယ်များကို ဘာသာတရားအပေါ် လေးစားတတ်စေရန်၊ လူ့ကျင့်ဝတ်များကို လိုက်နာတတ်စေရန်နှင့် ဗုဒ္ဓဘာသာလူမျိုးတစ်ဦး သိသင့်သိထိုက်သည်များကို သင်ကြားပေးလေ့ရှိသည်။

❖ သားငယ်၊ သမီးငယ်အားလုံးအနေဖြင့် နွေရာသီကျောင်းပိတ်ရက်ကာလတွင် ဇာတ်လမ်းတွဲများကြည့်ခြင်း၊ ဖုန်းသုံးခြင်း၊ ဂိမ်းဆော့ခြင်းဖြင့် တန်ဖိုးရှိသောအချိန်များကို အလဟဿမဖြုန်းတီးသင့်ပေ။ အားလပ်ချိန်တွင် တစ်ခုခုလုပ်ဆောင်နေရန် လိုအပ်ပေသည်။ သာဓကအနေဖြင့် ဘာသာတရား အဆုံးအမများကို ဖတ်ရှုထားမည်ဆိုလျှင် လူငယ်များအနေဖြင့် တစ်ဦးနှင့်တစ်ဦး ပြောဆိုဆွေးနွေးရာတွင် မိမိကိုးကွယ်သော ဘာသာအကြောင်းကို ထဲထဲဝင်ဝင်ရှင်းပြနိုင်မည်ဖြစ်သည်။ ထို့ပြင် အရေးပါဆုံးအချက်ဖြစ်သည့် ဆောင်ရန်၊ ရှောင်ရန်များကိုလည်း သိရှိနိုင်မည်ဖြစ်သည်။ ❖

ထိုသို့ ယဉ်ကျေးလိမ္မာသင်တန်း တက်ရောက်ဖူးသည့်ကလေးငယ်တစ်ဦးသည် ဘုရားဝတ်ပြုရှိခိုးခြင်း၊ အိပ်ရာမဝင်မီ မိဘများကိုကန်တော့ခြင်းနှင့် ထမင်းမစားမီ မိဘများ၊ အသက်အရွယ်ကြီးသူများကို ဦးချပြီးမှသာ စားသောက်ခြင်းကဲ့သို့သော ဝတ္တရားများကို ပြောစရာပင်မလိုတော့ချေ။ အချိန်တန်အရွယ်ရောက်လာသည့်အခါတွင်လည်း ဗုဒ္ဓဘာသာအကြောင်းကို ဘာသာခြားများက မေးမြန်းလာလျှင် ခြေခြေမြစ်မြစ် ရှင်းပြနိုင်မည်ဖြစ်သည်။ အချို့သောသူများသည် အသက်ရွယ်ရလာသည့်တိုင်အောင် ဗုဒ္ဓဘာသာ၏ အနှစ်သာရကို အခြားသူများ နားလည်သည်ထိ လိပ်ပတ်လည်အောင် ပြောပြနိုင်စွမ်းမရှိကြချေ။ မိမိကိုးကွယ်ရာဘာသာကို ငယ်စဉ်က စနစ်တကျလေ့လာသင်ယူကိုးကွယ်ခဲ့ခြင်းမရှိသူများသည် ယောင်ဝါးဝါးသာဖြစ်နေမည်ဖြစ်သည်။

**အင်္ဂလိပ်စာသင်တန်း**

မျက်မှောက်ခေတ်လူငယ်များသည် အင်္ဂလိပ်စာသင်တန်းကိုလည်း မဖြစ်မနေတက်ထားသင့်သည်။ တစ်ကမ္ဘာလုံး ဆက်စပ်ဖြစ်ပေါ်နေချိန်တွင် အင်္ဂလိပ်စာသည် နိုင်ငံတကာသုံးဘာသာစကားဖြစ်လာသည်။ လူငယ်များတိုးတက်ရေးအတွက် အထောက်အကူပြုသော ဘာသာရပ်များကို အင်္ဂလိပ်စာဖြင့်ထုတ်ဝေထားလေ့ရှိကြသည်။ ထို့ပြင် နောက်ဆုံးပေါ် နည်းပညာပစ္စည်းများကိုလည်း အင်္ဂလိပ်စာတတ်ထားမှသာ ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်မည်ဖြစ်သည်။ ကျန်းမာရေးအတွက်မှီဝဲရန် လိုအပ်သည့်ဆေးညွှန်းကိုပင် အင်္ဂလိပ်စာတတ်မှသာ ဖတ်နိုင်မည်ဖြစ်သည်။ အင်္ဂလိပ်စာ ကျွမ်းကျင်မှုရှိသူသည် မိမိကိုယ်ကို ပိုမိုယုံကြည်ပြီး တိုးတက်မှုရရှိနေကြသည်။ ဆန့်ကျင်ဘက်အနေဖြင့် အင်္ဂလိပ်စာမတတ်သူများသည် နောက်ကျကျန်ခဲ့မည်မှာ အမှန်ပင်ဖြစ်သည်။

**ကွန်ပျူတာသင်တန်း**

ထိုနည်းတူစွာ ကွန်ပျူတာပညာသည်လည်း တတ်ထားရန်လိုအပ်ပေသည်။ ကလေးငယ်များသည် ငယ်စဉ်ကတည်းက ကွန်ပျူတာကိုင်တွယ်နည်းအခြေခံ သင်တန်းတက်ထားသင့်သည်။ ကွန်ပျူတာသည် ရုံးလုပ်ငန်းများ၊ သိပ္ပံနှင့်နည်းပညာတီထွင်မှုများ၊ စက်မှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများတွင် မရှိမဖြစ် အထောက်အကူပြုပစ္စည်းဖြစ်သည်။ နေရာတိုင်းတွင် ကွန်ပျူတာပညာရှင်များ လိုအပ်လျက်ရှိသည်။ ကွန်ရက်ချိတ်ဆက်မှုများ၊ အရေးကြီးစာနှင့်ဓာတ်ပုံမှတ်တမ်းများ ပေးပို့ခြင်း၊ လက်ခံခြင်းတို့ကို အင်တာနက်မှတစ်ဆင့် ချိတ်ဆက်ပေးပို့ထုတ်ယူနိုင်သည်ထိ တတ်မြောက်ထားသင့်သည်။ ကွန်ပျူတာကို စာစီ၊ စာရိုက်အဆင့်ထက် ပိုသောအနေအထားထိ တတ်မြောက်အောင် လေ့လာသင်ယူထားရန် လိုအပ်မည်ဖြစ်သည်။

**အခြားသင်တန်းများ**

နွေရာသီတွင် မြို့ပေါ်ရှိလူကုံထံမိဘများသည် ကလေးများကို ရေကူးသင်တန်း အပြိုင်အဆိုင် တက်ခိုင်းလေ့ရှိကြသည်။ ကျောင်းမပိတ်မီကတည်းက နာမည်ကြီးရေကူးကန်များတွင် ကြိုတင်စာရင်းသွင်းထားလေ့ရှိကြသည်။ ရေကူးတတ်ခြင်းသည် ကောင်းသည်။ စာရေးသူငယ်စဉ်က ရေကူးသင်တန်း မတက်ခဲ့ရပါ။ ကျေးလက်ဒေသတွင် မွေးဖွားကြီးပြင်းခဲ့ရသဖြင့် ရေကူးကန်လည်းမမြင်ဖူးခဲ့ပါ။ သို့သော် သဘာဝက ပေးထားသည့် ဧရာဝတီမြစ်ကြီးထဲ၌သာ သင်တန်းနည်းပြမလိုဘဲ အစ်ကို၊ အစ်မများ၏ လှုပ်ရှားကူးခပ်မှုပုံစံကိုကြည့်ပြီး ရေကူးတတ်ခဲ့ခြင်းဖြစ်သည်။ နည်းစနစ်မမှန်သော်လည်း ကျွမ်းကျင်စွာ ကူးတတ်သည်။ ယခုလည်း သမီးများကို နွေရာသီကျောင်းပိတ်ရက်ကာလ၌ အညာကျေးလက်ပြန်ပြီး အဘိုး၊ အဘွားများကို ကန်တော့သည့်အချိန်တွင် ဧရာဝတီမြစ်ကြီးအတွင်း၌ ရေကူးသင်ပေးမည်ဟု စည်းရုံးထားရသည်။

မည်သို့ပင်ဆိုစေကာမူ အတတ်ပညာတစ်ခုခု တတ်မြောက်ထားခြင်းသည် လိုအပ်သည့်အချိန်တွင် အသုံးချနိုင်မည်ဖြစ်သည်။ ရေကူးတတ်ခြင်းသည်လည်း ရေဘေးကြုံသည့်အခါ အသုံးတည့်မည်ဖြစ်သည်။ ထို့ပြင် ရှေးဦးသူနာပြုသင်တန်းများ၊ တိုက်ကွမ်ဒိုသင်တန်းများကိုလည်း တက်ထားသင့်ပေသည်။ အထူးသဖြင့် လာမည့်ပညာသင်နှစ်အတွက် အင်္ဂလိပ်စာနှင့် သင်္ချာကို ကြိုတင်လေ့လာသင်ယူထားသင့်ပေသည်။ ကျန်ဖတ်စာများကို ပုံမှန်စာသင်ချိန်တွင် လေ့လာကျက်မှတ်သွားလျှင် အခက်အခဲရှိနိုင်မည်မဟုတ်ချေ။ ထို့ကြောင့် မဖြစ်မနေလုပ်ရမည့်အချက်သည် နွေရာသီကျောင်းပိတ်ရက်တွင် ပညာရပ်တစ်ခုခုကို ဆည်းပူးသွားရန်ပင်ဖြစ်သည်။

**အကျိုးရှိစွာအသုံးချသင့်**

သားငယ်၊ သမီးငယ်အားလုံးအနေဖြင့် နွေရာသီကျောင်းပိတ်ရက်ကာလတွင် ဇာတ်လမ်းတွဲများကြည့်ခြင်း၊ ဖုန်းသုံးခြင်း၊ ဂိမ်းဆော့ခြင်းဖြင့် တန်ဖိုးရှိသောအချိန်များကို အလဟဿမဖြုန်းတီးသင့်ပေ။ အားလပ်ချိန်တွင် တစ်ခုခုလုပ်ဆောင်နေရန် လိုအပ်ပေသည်။ သာဓကအနေဖြင့် ဘာသာတရား အဆုံးအမများကို ဖတ်ရှုထားမည်ဆိုလျှင် လူငယ်များအနေဖြင့် တစ်ဦးနှင့်တစ်ဦး ပြောဆိုဆွေးနွေးရာတွင် မိမိကိုးကွယ်သော ဘာသာအကြောင်းကို ထဲထဲဝင်ဝင်ရှင်းပြနိုင်မည်ဖြစ်သည်။ ထို့ပြင် အရေးပါဆုံးအချက်ဖြစ်သည့် ဆောင်ရန်၊ ရှောင်ရန်များကိုလည်း သိရှိနိုင်မည်ဖြစ်သည်။ အကျိုးအကြောင်း၊ အဆိုးအကောင်းတို့ကို အခြေခံကျကျ နားလည်သဘောပေါက်လာမည်ဖြစ်သည်။

အထူးသဖြင့် လူငယ်စာပေများ၊ သုတရသစာပေများကိုဖတ်ရှုခြင်းအားဖြင့် အားလပ်သောအချိန်များကို အကျိုးရှိစွာအသုံးချသွားစေလိုသည်။ ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုသည့်အတိုင်း လူငယ်များအနေဖြင့် စာပေမျိုးစုံကိုဖတ်မှတ်ထားမှသာလျှင် အနာဂတ်တွင် တိုင်းပြည်တာဝန်များကို အခက်အခဲမရှိထမ်းဆောင်နိုင်မည်ဖြစ်သည်။

**နွေရာသီကျောင်းပိတ်ရက်ကို အကျိုးရှိစွာ အသုံးချသွားစေလို**

မည်သို့ပင်ဆိုစေ ပညာရေးသည် သားငယ်၊ သမီးငယ်များအတွက် များစွာအရေးပါလျက်ရှိသည်။ နွေရာသီကျောင်းပိတ်ရက်တွင် သင်တန်းတက်ခွင့်မရသည့်တိုင်အောင် မိမိအိမ်၌ပင် ကျောင်းစာများကို ပြန်လည်လေ့လာလေ့ကျင့်နိုင်ပေသည်။ ထို့ပြင် သုတ၊ ရသစာပေများကိုလည်း ဖတ်ရှုနိုင်သည်။ အထူးသဖြင့် အင်္ဂလိပ်စာတိုးတက်ရေးအတွက် Grammar လေ့လာခြင်း၊ လေ့ကျင့်ခန်းများ လုပ်ဆောင်ခြင်း၊ Essay နှင့် Letter စာအုပ်များဖတ်ခြင်း၊ ခေါင်းစဉ်များအလိုက် ပြန်လည်ရေးသားလေ့ကျင့်ခြင်းများ ပြုလုပ်သင့်သည်။

သားငယ်၊ သမီးငယ်များအနေဖြင့် ငယ်စဉ်အခါတွင် ပညာရပ်တစ်ခုခုကို တတ်မြောက်ထားမည်ဆိုလျှင် လိုအပ်သည့်အချိန်တွင် လိုအပ်သလိုအသုံးချနိုင်မည်ဖြစ်သည်။ လူငယ်တစ်ဦးအတွက် တတ်မြောက်ထားသော ပညာရပ်တစ်ခုသည် အမြဲတမ်းအသုံးဝင်နေမည်ဖြစ်သည်။ ထို့ကြောင့် သားငယ်၊ သမီးငယ်များအနေဖြင့် နွေရာသီကျောင်းပိတ်ရက်ကာလတွင် သင်တန်းတစ်ခုခုတက်ရောက်ခြင်း၊ အကျိုးပြုစာပေများဖတ်ရှုခြင်း၊ ကျောင်းစာများကို ကြိုတင်လေ့လာခြင်းအားဖြင့် အချိန်ကို အကျိုးရှိရှိအသုံးချသွားစေလိုပါသည်။

# စနေနေ့ညမှာကစားမဲ့ အမှတ်ပေးပြိုင်ပွဲမှာ အသင်းလိုက်ကစားအားကောင်းနေတဲ့ မန်ယူအသင်း၊ ဝါဒါဘရီမင်အသင်း၊ အလာဗက်အသင်းတို့ကို ရွေးချယ်ရမှာပါ



ဥရောပအမှတ်ပေးပြိုင်ပွဲတွေဟာ ပွဲစဉ် ၂၀ ကျော်လာတာနဲ့ အကြိတ်အနယ်ရှိလာတာကို တွေ့ရမှာပါ။ လက်ရှိမှာ အသင်းကြီးတွေအနေနဲ့ ဥရောပပြိုင်ပွဲတွေကစားနေရလို့ ပွဲဆက်တွေများနေပြီး အမှတ်ပေးပွဲမှာ အားနည်းချက်တွေရှိနေတဲ့အချိန်ဖြစ်ပါတယ်။ ပြီးခဲ့တဲ့တစ်ပတ်မှာဆိုရင် စီးရီးအေက နာပိုလီဟာ ဂျီနိုအာကိုသရေသာကစားနိုင်ခဲ့သလို လာလီဂါက ရီးရဲလ်ကလဲ ဗယ်လ်ကာနိုကို သရေရလဒ်သာထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် ဘွန်ဒက်လီဂါက ဘိုင်ယန်မြူးနစ်ဆိုရင် ဘိုချမ်ကို သုံးဂိုး နှစ်ဂိုးနဲ့ရှုံးခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် အခုတစ်ပတ်ပွဲစဉ်တွေမှာလဲ အသင်းကြီး၊ အသင်းငယ်မခွဲဘဲ အသင်းလိုက်ကစားအားရှိပြီး တိုက်စစ်ထက်မြက်တဲ့အသင်းတွေကိုပဲ အဓိကရွေးချယ်သွားမှာဖြစ်ပါတယ်။

### မန်ယူအသင်းနဲ့ လက်တွဲရမှာပါ

စနေနေ့ညမှာကစားမဲ့ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ မန်ယူအသင်းနဲ့ဖူလ်ဟမ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ မန်ယူအသင်းဟာ ကွင်းလယ်ပိုင်းမှာ မိုင်နူးနဲ့ကက်စမဲရိုးကို တွဲဖက်အသုံးပြုတဲ့အချိန်ကစပြီး ကစားအားတိုးတက်လာခဲ့သလို တိုက်စစ်မှူး ဟိုက်လန်းလဲ ဂိုးတွေဆက်တိုက်ရရှိခဲ့တာကိုတွေ့ရမှာပါ။ မိုင်နူးဟာ လူငယ်ကစားသမားဖြစ်ပေမဲ့ သူပါဝင်ခဲ့တဲ့နောက်ဆုံး ခုနစ်ပွဲဆက်တိုက် အသင်းအနေနဲ့ရှုံးပွဲမရှိခဲ့ဘဲ ရလဒ်ပိုင်းကောင်းမွန်ခဲ့တာကြောင့် နည်းပြတန်ဟတ်ရဲ့ရာထူးနေရာလဲ တည်မြဲလာခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ နည်းပြတန်ဟတ်အနေနဲ့ ကွင်းလယ်မောင်းနှင်အားဖြစ်တဲ့ ကက်စမဲရိုး၊ မိုင်နူးတို့အတွဲကို အကောင်းဆုံးအသုံးချနိုင်ခဲ့လို့ အမှတ်ပေးပွဲမှာ ရမှတ် ၄၄ မှတ်ထိရခဲ့ပြီး အဆင့်(၆)ထိတက်ရောက်ခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် အဆင့်(၄)က အေဗီလာနဲ့လဲ ရမှတ်ငါးမှတ်သာကွာဟနေတာကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်အတွက်လဲ အခွင့်အရေးရှိလာတာကိုတွေ့ရမှာပါ။ လက်ရှိအသင်းမှာ မာတီနက်ဇ်၊ လုခ်ရှော၊ ဝမ်ဘစ်ဆာကာတို့ဒဏ်ရာရနေပေမဲ့ မိုင်နူးရဲ့ခံစစ်၊ တိုက်စစ်ချိတ်ဆက်ပေးနိုင်မှုက အသင်းရဲ့ကစားအားတိုးတက်စေခဲ့တာကို သတိပြုရမှာပါ။ အခုပွဲစဉ်မှာလဲ ဖူလ်ဟမ်အသင်းခံစစ်အနေနဲ့ ဂါနာချိုနဲ့ဟိုက်လန်းတို့အတွဲကို မထိန်းချုပ်နိုင်ရင်တော့ ပေးဂိုးများသွားနိုင်ပြီး မန်ယူအသင်းနိုင်ပွဲဆက်အုံးမှာပါ။

ဖူလ်ဟမ်အသင်းဟာ ရလဒ်ပိုင်းတည်ငြိမ်မှုမရှိတာကြောင့် ၂၅ ပွဲကစားအပြီးမှာ ရမှတ် ၂၉ မှတ်နဲ့ အဆင့်(၁၂) မှာရောက်ရှိနေတာဖြစ်ပါတယ်။ အခုပွဲစဉ်မှာတော့ ကွင်းလယ်က ပေါ်လင်ဟာနဲ့ တိုက်စစ်မှူး ဂျီမီနက်ဇ်တို့ပါဝင်နိုင်မှာမဟုတ်တာကြောင့် ဖူလ်ဟမ်အသင်းကစားအားကျဆင်းသွားမှာသေချာပါတယ်။ အထူးသဖြင့် အသင်းရဲ့မောင်းနှင်အားဖြစ်တဲ့ ပေါ်လင်ဟာမပါနိုင်တာဟာ အဓိကအားနည်းချက်ဖြစ်နေပြီး မန်ယူကွင်းလယ်ကို ပွဲချိန်ပြည့်ယှဉ်ကစားဖို့မဖြစ်နိုင်ပါဘူး။ နည်းပြမာကိုစ်ဆေးဗားကတော့ တိုက်စစ်အသားပေးကစားတဲ့ နည်းပြဖြစ်တာကြောင့် မန်ယူလို လျင်မြန်မှုကောင်းတဲ့ကစားသမားတွေများတဲ့ အသင်းကိုဖွင့်ကစားမယ်ဆိုရင်တော့ ပေးဂိုးများသွားနိုင်ပါတယ်။ သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှု ၁၇ ကြိမ်မှာတော့ မန်ယူက ၁၄ ပွဲနိုင်၊ သုံးပွဲသရေနဲ့အသာရခဲ့တာကြောင့် အိမ်ကွင်းအားသာချက်နဲ့ တိုက်စစ်ထက်မြက်နေတဲ့ မန်ယူအသင်းနဲ့ပဲလက်တွဲရမှာပါ။

**မန်ယူအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| နယူးပို့စ် | ၂ | - | ၄ | မန်ယူ |
| ဝုဗ် | ၃ | - | ၄ | မန်ယူ |
| မန်ယူ | ၃ | - | ၀ | ဝက်စ်ဟမ်း |
| အေဗီလာ | ၁ | - | ၂ | မန်ယူ |
| လူတန် | ၁ | - | ၂ | မန်ယူ |

**ဖူလ်ဟမ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဖူလ်ဟမ် | ၀ | - | ၂ | နယူးကာဆယ် |
| ဖူလ်ဟမ် | ၀ | - | ၀ | အဲဗာတန် |
| ဘန်လေ | ၂ | - | ၂ | ဖူလ်ဟမ် |
| ဖူလ်ဟမ် | ၃ | - | ၁ | ဘုန်းမောက် |
| ဖူလ်ဟမ် | ၁ | - | ၂ | အေဗီလာ |

### ဝါဒါဘရီမင်အသင်းကို အားပေးရမှာပါ

ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ်(၂၃)မှာ အကြိုက်တွေ့မိတာကတော့ ဝါဒါဘရီမင်အသင်းနဲ့ ဒမ်စတက်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဝါဒါဘရီမင်အသင်းဟာ ၂၀၂၄ ခုနှစ်အတွင်း ကစားခဲ့တဲ့ပွဲစဉ်တွေမှာ တစ်ပွဲသာရှုံးခဲ့ပြီး ဘိုင်ယန်မြူးနစ်၊ ဖရန့်ဖတ်တို့ကို အနိုင်ယူခဲ့တာကိုတွေ့ရမှာပါ။လက်ရှိ ၂၂ ပွဲအပြီးမှာတော့ ရမှတ် ၂၉ မှတ် နဲ့ အဆင့်(၇)မှာရောက်ရှိနေတာကြောင့် ဥရောပယှဉ်ပြိုင်ခွင့်အတွက် မျှော်လင့်ချက်ရှိလာတာကိုတွေ့ရမှာပါ။ ဒါ့ပြင် အဆင့်(၆)က ဖရန့်ဖတ်နဲ့ ရမှတ်လေးမှတ်သာကွာဟတာကြောင့် အခုပွဲကိုအနိုင်ရခဲ့ရင် အမှတ်ပေး ဇယားပြောင်းလဲမှုရှိမှာမဟုတ်ပေမဲ့ ရှုံးခဲ့ရင်တော့ အဆင့်(၁၀) ထိကျဆင်း သွားနိုင်တာကြောင့် အခုပွဲစဉ်ဟာ သူတို့အသင်းအတွက် အရေးကြီးနေတာကိုသတိပြုရမှာပါ။ လက်ရှိမှာ ကစားသမားခုနစ်ယောက်ထိ ဒဏ်ရာရနေပေမဲ့ ပြိုင်ဘက်ဒမ်စတက်အသင်းကလဲ တန်းဆင်းဇုန်က ခြေစွမ်းကျဆင်းနေတဲ့အသင်းဖြစ်သလို သူတို့အသင်းနဲ့ယှဉ်ရင် အဘက်ဘက်ကအရေးနိမ့်နေတာဖြစ်လို့ နိုင်ပွဲရှာဖို့ခက်ခဲမှာမဟုတ်ပါဘူး။

နောက်ဆုံးကစားခဲ့တဲ့ငါးပွဲဆက်မှာ နိုင်ပွဲပျောက်ဆုံးထားတဲ့ ဒမ်စတက်အသင်းဟာ လက်ရှိအချိန်ထိ ရလဒ်ပိုင်းဆိုးရွားနေဆဲဖြစ်ပါတယ်။သူတို့အသင်းဟာ အမှတ်ပေးပွဲ ၂၂ ပွဲမှာ နှစ်ပွဲနိုင်၊ ခြောက်ပွဲသရေ၊ ၁၄ ပွဲရှုံးရလဒ်ကြောင့် ရမှတ် ၁၂ မှတ်သာရခဲ့လို့ အမှတ်ပေးဇယားအောက်ဆုံးမှာ ရောက်ရှိခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်တွေမှာ ခံစစ်ပိုင်းက ပေးဂိုး ၅၁ ဂိုးထိရှိခဲ့လို့ ပေးဂိုးအများဆုံးအသင်းအဖြစ်လဲ ရပ်တည်နေတာကိုတွေ့ရမှာပါ။ သူတို့အသင်းနည်းပြကတော့ အသင်းမှာရှိတဲ့ကစားသမားတွေနဲ့ ရလဒ်ပိုင်းတည်ငြိမ်ဖို့ ကြိုးစားနေပေမဲ့ အဓိကခံစစ်ကစားသမားတွေ ဒဏ်ရာရရှိခဲ့သလို ငွေကြေးအခက်အခဲကြောင့် ကစားသမားမဖြည့်တင်းနိုင်မှုတွေက အသင်းရလဒ်ပိုင်းကိုထိခိုက်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းနည်းပြကတော့ အဝေးကွင်းပွဲစဉ်တွေမှာ ပြိုင်ဘက်ရဲ့ကစားပုံကိုလိုက်ပြီး အပြောင်းအလဲလုပ်ခဲ့ပေမဲ့ ကစားသမားတွေရဲ့စွမ်းဆောင်ရည်ပိုင်း အားနည်းချက်ကြောင့် ရလဒ်ပိုင်းတိုးတက်လာခဲ့တာမရှိပါဘူး။ အခုပွဲစဉ်မှာလဲ ကစားသမားခုနစ်ယောက်ဒဏ်ရာရနေတာကြောင့် ဝါဒါဘရီမင်အသင်းတိုက်စစ်ကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့မဖြစ်နိုင်ပါဘူး။ ဒါကြောင့် အိမ်ကွင်းအားသာချက်နဲ့ တိုက်စစ်ထက်မြက်နေတဲ့ ဝါဒါဘရီမင်အသင်းကိုပဲ အားပေးရမှာပါ။

**ဝါဒါဘရီမင်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘိုင်ယန်မြူးနစ် | ၀ | - | ၁ | ဝါဒါဘရီမင် |
| ဝါဒါဘရီမင် | ၃ | - | ၁ | ဖရိုင်းဘတ် |
| မိန့်ဇ် | ၀ | - | ၁ | ဝါဒါဘရီမင် |
| ဝါဒါဘရီမင် | ၁ | - | ၂ | ဟီဒန်ဟိမ်း |
| ကိုလုံး | ၀ | - | ၁ | ဝါဒါဘရီမင် |

**ဒမ်စတက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဒမ်စတက် | ၂ | - | ၂ | ဖရန့်ဖတ် |
| ယူနီယံဘာလင် | ၁ | - | ၀ | ဒမ်စတက် |
| ဒမ်စတက် | ၀ | - | ၂ | လေဗာကူဆင် |
| ဂလာဘတ် | ၀ | - | ၀ | ဒမ်စတက် |
| ဒမ်စတက် | ၁ | - | ၂ | စတုဂတ် |

### အလာဗက်အသင်းကို ရွေးချယ်ရမှာပါ

စနေနေ့ညမှာကစားမဲ့လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ အလာဗက်အသင်းနဲ့မာယော့ကာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်း ပထမအကျော့တွေ့ဆုံခဲ့တုန်းက ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့ပေမဲ့ အလာဗက်က အဝေးကွင်းကနေ ထိရောက်တဲ့ဂိုးပေါက်ခြိမ်းခြောက်မှုပိုလုပ်နိုင်ခဲ့ပြီး တန်ပြန်တိုက်စစ်ကနေ မာယော့ကာကို ဖိအားပေးနိုင်ခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိမှာလဲ အလာဗက်ဟာ အသင်းလိုက်ကစားအားကောင်းနေတာကြောင့် နောက်ဆုံးငါးပွဲမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ သူတို့ရှုံးခဲ့တာကလဲ ဘာစီလိုနာလို အဘက်ဘက်ကသာလွန်နေတဲ့ အသင်းဖြစ်တာကြောင့် အလာဗက်ရဲ့စုဖွဲ့မှုက ခြေရည်တူအသင်းတွေဆီ ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာသေချာပါတယ်။ နောက်ဆုံးကစားခဲ့တဲ့အမှတ်ပေးပွဲမှာလဲ ဘက်တစ်လို အိမ်ကွင်းကောင်းတဲ့အသင်းကို တန်ပြန်တိုက်စစ်နဲ့ဖိအားပေးကစားသွားတာက အားရစရာကောင်းနေပြီး သရေတစ်မှတ်ခွဲယူသွားတာဖြစ်ပါတယ်။ အမှတ်ပေးပွဲ ၂၅ ပွဲမှာတော့ ရမှတ် ၂၈ မှတ်ရခဲ့တာကြောင့် အဆင့်(၁၂)မှာရပ်တည်နေပေမဲ့ အခုပွဲကိုရှုံးခဲ့ရင်တော့ အမှတ်ပေးဇယား ပြောင်းလဲမှုဖြစ်သွားမှာဖြစ်လို့ မာယော့ကာကို အာရုံစိုက်ချဉ်းကပ်ပြီး နိုင်ပွဲရှာမှာသေချာပါတယ်။

မာယော့ကာအသင်းဟာ ဒီနှစ်အတွင်း ကစားခဲ့တဲ့ပွဲစဉ်တွေမှာ ကစားအားကျဆင်းလာတာကြောင့် ရမှတ်တွေဆုံးရှုံးခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းကလဲ အိမ်ကွင်းကစားအားကောင်းတဲ့အသင်းဖြစ်ပေမဲ့ ၂၀၂၄ ခုနှစ်အတွင်းမှာတော့ ကစားကွက်ပိုင်းအပြောင်းအလဲမရှိခဲ့တာကြောင့် ကစားအားကျဆင်းသွားခဲ့ရပြီး အမှတ်ပေးပွဲမှာ အိမ်ကွင်းနိုင်ပွဲ တစ်ပွဲသာရခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်ကလဲ ဗယ်လ်ကာနိုကို တစ်ဖက်တစ်ဂိုးစီနဲ့ အကြိတ်အနယ်ကစားခဲ့ရပြီး နာကျင်အချိန်ပိုကျမှ မူရိကွီရဲ့ ခေါင်းတိုက်ဂိုးနဲ့ ကပ်နိုင်သွားတာကိုတွေ့ရမှာပါ။ လက်ရှိအမှတ်ပေးဇယားမှာတော့ ရမှတ် ၂၃ မှတ်နဲ့ အဆင့်(၁၆)ရောက်ရှိနေပေမဲ့ တန်းဆင်းဇုန်ကအသင်းတွေနဲ့ ရမှတ်ခြောက်မှတ်သာကွာဟနေတာကြောင့် တန်းဆင်းဇုန်ဖိအားရှိနေတာကိုတွေ့ရမှာပါ။ ခံစစ်ကစားပုံကတော့ ခြေရည်တူအသင်းတွေကို အကောင်းဆုံးတုံ့ပြန်နိုင်ပေမဲ့ အလာဗက်ရဲ့ပြိုင်ဘက်အပေါ်ချဉ်းကပ်မှုက စိတ်ရှည်လွန်းတာကြောင့် မာယော့ကာအမှားလုပ်တာနဲ့ ဂိုးပေးရဖို့များနေလို့ အိမ်ကွင်းကစားပုံထက်မြက်နေတဲ့ အလာဗက်အသင်းကို ရွေးချယ်ရမှာဖြစ်ပါတယ်။

**အလာဗက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အလာဗက် | ၁ | - | ၀ | ကာဒီဇက် |
| အယ်မာရီယာ | ၀ | - | ၃ | အလာဗက် |
| အလာဗက် | ၁ | - | ၃ | ဘာစီလိုနာ |
| အလာဗက် | ၁ | - | ၁ | ဗီလာရီးရဲလ် |
| ဘက်တစ် | ၀ | - | ၀ | အလာဗက် |

**မာယော့ကာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မာယော့ကာ | ၀ | - | ၁ | ဘက်တစ် |
| ဘီလ်ဘာအို | ၄ | - | ၀ | မာယော့ကာ |
| မာယော့ကာ | ၀ | - | ၀ | ဆိုစီဒက် |
| မာယော့ကာ | ၂ | - | ၁ | ဗယ်လ်ကာနို |
| မာယော့ကာ | ၁ | - | ၂ | ဆိုစီဒက် |

# ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းအား ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/ တင်သွင်းခြင်းကို **၁၈-၂-၂၀၂၄ ရက်နေ့** (အစား) **၂၅-၂-၂၀၂၄ ရက်နေ့**အထိ ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် ဗိုလ်လောင်းလျှောက်လွှာများ ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများ ဆောင်ရွက်နိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးအပ်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**


လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)ကျိုက်ဝိုင်းဘုရားလမ်း မရမ်းကုန်းမြို့နယ်ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၆၁၉ (ရုံးချိန်အတွင်း)



ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှုလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။





ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။



ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။



**ပလင်းတန်ဖွံ့ဖြိုးဖို့**
**စာအုပ်စာပေ ဖတ်ကြစို့**



ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။




# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဇန်နဝါရီလအတွင်း ငါးခြောက်အစုံ ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့နိုင်ခဲ့



**ဖျာပုံ ဖေဖော်ဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဇန်နဝါရီလအတွင်း ငါးခြောက်အစုံ ပိဿာချိန် ၈၅၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းမော်က ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်း ငါးခြောက်အစုံပိဿာချိန် ၅၄၀၀၀ သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ ငါးခြောက်အစုံပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ ထိုသို့ တင်ပို့ရောင်းချနိုင်ခဲ့သည့် ငါးခြောက်အမျိုးအစားများသည် ငါးကွမ်းရှပ် (ငါးညို) ခြောက်၊ ငါးလိပ်ခြောက်၊ ငါးပြေမခြောက်၊ ငါးဖောင်ရိုးခြောက်၊ ငါးတံခွန်ခြောက်၊ အာပွဲခြောက် စသည့်ငါးခြောက်အမျိုးအစားများကို အများဆုံးတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေသကထွက်တဲ့ ပင်လယ်ငါးခြောက်အစုံကို စနစ်တကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ပင်လယ်ငါးခြောက်တွေကတော့ ပြည်တွင်းမှာကို စားသုံးသူများလို့ အဝယ်လိုက်နေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ဇန်နဝါရီလ တစ်လအတွင်း ငါးခြောက်အစုံပိဿာချိန် ၈၅၀၀၀ ထိရောင်းချခဲ့ရပါတယ်။ ဒေသထွက်ငါးခြောက်ကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေလို့ တင်ပို့ရောင်းချအားတက်ခဲ့တာပါ။ လက်ရှိဖေဖော်ဝါရီလထဲမှာလဲ ငါးခြောက်တွေ အရောင်းအဝယ်သွက်နေပါတယ်"ဟု ဖျာပုံမြို့နယ်မှ ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းမော်က ပြောပြသည်။

အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ငါးခြောက်ဈေးနှုန်းမှာ ငါးဖောင်ရိုးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၇၅၀၀၊ ငါးကွမ်းရှပ်(ငါးညို)ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀၀၊ ငါးပြေမခြောက် တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀၀၊ ငါးလိပ်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၄၄၀၀၀၊ ငါးတံခွန်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၃၇၀၀၀၊ အာပွဲခြောက် တစ်ပိဿာလျှင် ငွေကျပ် ၃၉၅၀၀ ဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**


**ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်**


# တနိုင်းမြို့နယ် အင်တော့ပါကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**တနိုင်း ဖေဖော်ဝါရီ ၂၂**

ကချင်ပြည်နယ် တနိုင်းခရိုင် တနိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ ကျေးလက်ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ လွယ်ကူစွာသယ်ယူပို့ဆောင်နိုင်စေရန်အတွက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုအစိုးရခွင့်ပြုရန်ပုံငွေဖြင့် ကောင်ရာကျေးရွာအုပ်စု အင်တော့ပါကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တနိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်နိုင်ညွန့်၊ တနိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မျိုးနှင့် တာဝန်ခံအင်ဂျင်နီယာများက အင်တော့ပါကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးစီးခဲ့သည့်ကုန်ထုတ်လမ်းကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အင်တော့ပါကျေးရွာ၌ လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် မြေသားနှစ်ပေနှင့် သဲကျောက်ကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း၊ အရှည် ပေ ၂၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၀ ပေရှိ ကွန်ကရစ်တံတားတစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုအစိုးရခွင့်ပြုရန်ပုံငွေကျပ် ၁၁၈ ဒသမ ၈ သန်းဖြင့် ထက်မြိုးနိုင်ကုမ္ပဏီက ၂၀၂၃ ခုနှစ် စက်တင်ဘာလ စတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါကုန်ထုတ်လမ်း ဆောင်ရွက်ပြီးစီးမှုကြောင့် အင်တော့ပါကျေးရွာရှိ ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေးနှင့်ကုန်စည်စီးဆင်းမှု ပိုမိုလွယ်ကူလျင်မြန်လာပြီဖြစ်ကြောင်း တနိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်နိုင်ညွန့်ထံမှ သိရသည်။

**ချစ်ဦးကို**

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

သဘာဝအစစ်မို့ အရသာထူး မိတ်ဆွေဖိတ်ကြည်နူး ....

(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး




ရွှေဖီဦး BLACK TEA (နောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၀၆၅၅၊ ၀၉ ၄၂၀၂၂၀၉၄၃၆

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၀၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၀၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၀၉၀၇၇

# မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့် ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေရှိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ ....

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊ ကျောက်ထွင်းပန်းချီကားများ၊ လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။





ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၀၂၃၀၆၃၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၀၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၀၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၀၈၀


## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊တံတားဦးမြို့နယ်၊ရေခါးအုပ်စု၊ဥမှင်ကျေးရွာနေ ဦးအောင်နိုင်-ဒေါ်ခင်ဇော်မိုး တို့၏သား **မောင်ရဲထက်အောင် (၉/တတဥ(နိုင်)၁၃၈၃၁၃)**သည် မိဘတို့၏ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်နိုင်(၉/တတဥ(နိုင်)၀၇၇၉၉၉)**
**ဒေါ်ခင်ဇော်မိုး(၉/တတဥ(နိုင်)၀၉၇၅၂၄)**

## ပျောက်ဆုံးကြောင်း

သနပ်ပင်မြို့နယ်၊ တောဘုတ်စုကျေးရွာနေ မဇင်ဖြူလွင်(ဘ)ဦးဌေးကြည် (၇/သနပ(နိုင်)၁၂၄၂၃၆) (Passport No. MF-258304)၏ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် (OWIC Card) (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**၀၉-၉၆၅၁၈၄၇၉၅**

## ပျောက်ဆုံးကြောင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာ(အရှေ့)၊အကွက်(၂၄၅)နေ ဒေါ်ခင်ကြည်(ဘ)ဦးအောင်ကြည်(၉/မနတ(နိုင်)၀၁၀၁၂၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(MC-976517) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။**၀၉-၉၄၂၆၈၉၆၂၉**

## ပျောက်ဆုံးကြောင်း

အောင်မြေသာစံမြို့နယ်၊ ၁၉× ၂၀လမ်းကြားနေ၊ လမ်း၈၀နေ မောင်မောင်လတ်(ဘ)ဦးမောင်မောင်တင်(၉/အမဇ(နိုင်)၀၆၈၀၈၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(ME-226890) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။**၀၉-၄၄၄၀၀၂၇၈၆**

## ပျောက်ဆုံးကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ ဇီးကုန်းကျေးရွာနေ မအေးအေးမြင့်(ဘ)ဦးအောင်ရွှေ (၅/ဖပန(နိုင်)၀၆၆၉၃၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(MH-194702) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။**၀၉-၄၂၅၅၈၆၂၂၅**

## ပျောက်ဆုံးကြောင်း

မြစ်သားမြို့နယ်၊ ဟံသာရွာ၊ (၄)ရပ်ကွက်နေ သန်းထိုက်အောင်(ဘ)ဦးဖိုးစိုးအောင်(၉/သစန(နိုင်)၁၅၆၆၄၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(ME-445251) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၉၈၁၇၁၇၃၆၃

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင် ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဥ္စာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

❖ စိုက်ပျိုးမြေများကို ကေကွက်များဖြင့် ဆောင်ရွက်နိုင်မည်ဆိုပါက စက်မှုလယ်ယာအဖြစ် ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ်များ လျော့နည်းပြီး အထွက်နှုန်းများ တိုးတက်လာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် ပြုလုပ်သော နိုင်ငံကုန်ထုတ်လုပ်မှုမြှင့်တင်ရေးအစည်းအဝေးမှ အမှာစကား ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများပို့ဆောင်



**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသောလုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့်စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင်

**စာမျက်နှာ ၂၁ ကော်လံ ၁ ☆**

**လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများကို တပ်မတော်လေယာဉ်ဖြင့် ပို့ဆောင်ပေးစဉ်။**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်နှင့်စနူကာပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၁ ရက်ထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဘိလိယက်ရုံ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၃ သင်း၊ အမျိုးသမီးအသင်း ၁၀ သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားကို စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်အား မျှဝေခံစားပေးမှာ အောင်သစ္စာဦး အာမခံပါ"

Hotline - 09-450450561, 09-450450562, 09-450450563